# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ဇူလိုင်လ ၁၆ ရက်တွင် စတင်တည်ထောင်သည်။ Established in 1957


**ကုသိုလ်ကောင်းမှုလျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှန့်နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာ ပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

လောကဝင်(ဓမ္မပဒ-၁၁၆)



## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ထိုင်းနိုင်ငံသို့ မကြာမီသွားရောက်မည်

နေပြည်တော် အောက်တိုဘာ ၂၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယုဒ်ချန်အိုချာ(ငြိမ်း)၏ ဖိတ်ကြားချက်အရ (၃၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ရန်အတွက် မကြာမီကာလအတွင်း ထိုင်းနိုင်ငံသို့ သွားရောက်မည်ဖြစ်သည်။

သတင်းစဉ်

# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) (၄)နှစ်မြောက် နှစ်ပတ်လည်အခမ်းအနား ကျင်းပ

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်အမှာစကား ပြောကြား

**နေပြည်တော် အောက်တိုဘာ ၂၈**

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) (၄)နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) (MICC – 2)၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးထင်ကျော်၊ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးမြင့်ဆွေနှင့် ဦးဟင်နရီဗန်ထီးယူ၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်


**စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳**


အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) (၄)နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်နှင့် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးထင်ကျော်၊ ဒုတိယသမ္မတများ၊ လွှတ်တော်ဥက္ကဋ္ဌများ၊ ပြည်ထောင်စုတရားသူကြီးချုပ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြစဉ်။








ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် တောင်ငူခရိုင်စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းစီစဉ်ကျင်းပသော
ကလေးစာပေပွဲတော်
စာအုပ်စာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ
( တောင်ငူမြို့ )
၂၀၁၈ခုနှစ်၊ နိုဝင်ဘာလ (၂၊ ၃)ရက်၊ (စနေ၊ တနင်္ဂနွေ)နေ့၊ နံနက် ၉ နာရီမှ ညနေ ၅ နာရီထိ
မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပါသည်။
ခပေါင်းခန်းမ၊ တောင်ငူမြို့။

## ကြေးမုံ

# အပြုသဘော ဘက်မလိုက်မိတ်ဖက်ဆောင်

အဇာဘိုင်ဂျန်နိုင်ငံ ဘာကူးမြို့၌ အောက်တိုဘာလ ၂၆ ရက်နေ့က ကျင်းပသော ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ (၁၈)ကြိမ်မြောက် ထိပ်သီးအစည်းအဝေးတွင် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က ကမ္ဘာ့နိုင်ငံများအားလုံးအတွက် သာတူညီမျှမှု၊ တရားမျှတမှု၊ ဖွံ့ဖြိုးမှုနှင့် ငြိမ်းချမ်းမှုရရှိစေရန်အတွက် အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ကြီး၏ ရည်ရွယ်ချက်များ၊ စံနှုန်းများနှင့် မူဝါဒများကို ထိန်းသိမ်းလိုက်နာကြရန် တိုက်တွန်းပြောကြားခဲ့သည်။

ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ကြီးကို စတင်တည်ထောင်ခဲ့ပြီးနောက် ၁၉၅၅ ခုနှစ် ဘန်ဒေါင်းညီလာခံကို ဦးဆောင်ကျင်းပခဲ့သည့် နိုင်ငံငါးနိုင်ငံတွင် မြန်မာနိုင်ငံပါဝင်ခဲ့သည်။ မြန်မာနိုင်ငံအစိုးရအဆက်ဆက်အနေဖြင့် ဘက်မလိုက်မူဝါဒကို နိုင်ငံခြားရေးမူဝါဒ၏ အစိတ်အပိုင်းတစ်ခုအဖြစ် တစိုက်မတ်မတ် လက်ခံကျင့်သုံးခဲ့သည်။ မြန်မာနိုင်ငံ၏ အပြုသဘောဆောင်ပြီး ဘက်မလိုက်ဘဲ ကြားနေသည့် နိုင်ငံခြားရေးမူဝါဒကြောင့် လွတ်လပ်ရေးရပြီးနောက်ပိုင်းကာလမှစ၍ အင်အားကြီးနိုင်ငံများအပါအဝင် နိုင်ငံအားလုံးနှင့်ရင်းနှီးခင်မင်သည့် မိတ်ဖက်ဆက်ဆံရေးကို တည်ဆောက်နိုင်ခဲ့သည်။

ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ကြီးသည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ သုံးပုံနှစ်ပုံနှင့် လူသားထုတစ်ခုလုံး၏ ထက်ဝက်ကျော်ကို ကိုယ်စားပြုထားသည်။ အဖွဲ့ကြီးကို စတင်တည်ထောင်သူများအနေဖြင့် ငြိမ်းချမ်း၍ သာယာဝပြောသည့်ကမ္ဘာကြီး ပေါ်ပေါက်လာစေရန်နှင့် တရားမျှတခြင်း၊ သာတူညီမျှခြင်းတို့နှင့်အတူ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ၎င်းတို့၏ကံကြမ္မာကို လွတ်လပ်စွာ စဉ်းစားဆုံးဖြတ်နိုင်စေရေးတို့ကို မျှော်မှန်းခဲ့သည်။ အဖွဲ့ကြီး၏ နိုင်ငံရေးနှင့် ကျင့်ဝတ်သိက္ခာပိုင်းဆိုင်ရာ တွန်းအားပေးမှုကြောင့် ယနေ့လွတ်လပ်သော နိုင်ငံအများအပြားပေါ်ပေါက်လာခဲ့သည်။ ထို့ကြောင့် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ကြီးသည် ယနေ့ကမ္ဘာကြီး၌ ရင်ဆိုင်ကြုံတွေ့နေရသော ကြီးမားသည့် စိန်ခေါ်မှုများကို တုံ့ပြန်ဖြေရှင်းနိုင်ရန်အတွက် ပိုမိုထိရောက်သော အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်လာပြီဖြစ်သည်။

မျက်မှောက်ကာလတွင် ငွေကြေးခနအင်အားကြီးသူတို့၏ လွှမ်းမိုးမှုဖြင့် နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာနှင့် ပြည်တွင်းရေးကို နည်းလမ်းမျိုးစုံဖြင့် စွက်ဖက်လာသည်ကို မြင်တွေ့ရမည်ဖြစ်သည်။ မြန်မာနိုင်ငံသည် ဘက်မလိုက်လှုပ်ရှားမှု စတင်ထူထောင်ရာတွင်ပါဝင်သည့် နိုင်ငံဖြစ်သည်နှင့်အညီ နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးကို လေးစားလိုက်နာရေး၊ အခြားနိုင်ငံများ၏ ပြည်တွင်းရေးကို ဝင်ရောက်မစွက်ဖက်ရေး၊ အငြင်းပွားမှုများကို ငြိမ်းချမ်းသောနည်းလမ်းဖြင့် ဖြေရှင်းရေး၊ နိုင်ငံတစ်နိုင်ငံအပေါ် အင်အားသုံးခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်း သို့မဟုတ် ရန်လိုသည့်လုပ်ရပ်များကို ရှောင်ရှားရေးစသည့် အခြေခံမူဝါဒများကို စွဲစွဲမြဲမြဲ လက်ခံယုံကြည်ကြောင်း ပြည်ထောင်စုဝန်ကြီးက ထပ်လောင်းပြောကြားခဲ့သည်။

ယနေ့ကမ္ဘာတွင် လူ့အခွင့်အရေး၊ နိုင်ငံသားအခွင့်အရေးတို့ကို အကြောင်းပြု၍ နိုင်ငံတစ်နိုင်ငံအပေါ် ဝင်ရောက်စွက်ဖက်ရေးသည် ဘက်မလိုက်လှုပ်ရှားမှုကိုလက်ခံကြသော နိုင်ငံအများနှင့် ဖီလာဆန့်ကျင်ဖြစ်နေသည်။ စံနှုန်းနှစ်ခု၊ မူဝါဒနှစ်ခုကျင့်သုံးခြင်းကို မည်သည့်နိုင်ငံကမျှ လက်ခံမည်မဟုတ်ပေ။ မည်သို့ပင်ဖြစ်စေ ကမ္ဘာ့နိုင်ငံများအားလုံးအတွက် သာတူညီမျှမှု၊ တရားမျှတမှု၊ ဖွံ့ဖြိုးမှုနှင့် ငြိမ်းချမ်းမှုရရှိစေရန်အတွက် မြန်မာနိုင်ငံအပါအဝင် ဘက်မလိုက်အဖွဲ့ဝင်နိုင်ငံများအနေဖြင့် အဖွဲ့ကြီး၏ရည်ရွယ်ချက်များ၊ စံနှုန်းများနှင့် မူဝါဒများကို ထိန်းသိမ်းလိုက်နာ လက်တွဲပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ပိုမိုကောင်းမွန်သော ကမ္ဘာကြီးဖြစ်လာရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ငြိမ်းချမ်းသာယာဝပြောသည့် ကမ္ဘာကြီးပေါ်ပေါက်လာစေရန်နှင့် တရားမျှတခြင်း၊ သာတူညီမျှမှုရှိခြင်းတို့ကိုရှေးရှု၍ ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ဝင်နိုင်ငံများအနေဖြင့် မိမိတို့နိုင်ငံ၏ ကံကြမ္မာ၊ မိမိတို့နိုင်ငံ၏ ငြိမ်းချမ်းသာယာရေးအား မိမိတို့နိုင်ငံကသာ လွတ်လပ်စွာစဉ်းစားဆုံးဖြတ်ဖန်တီးနိုင်ရေးကို အားပေးထောက်ခံကြရမည်ဖြစ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် (၁၂)ကြိမ်မြောက် စင်ကာပူအပြည်ပြည်ဆိုင်ရာ စွမ်းအင်ရက်သတ္တပတ်သို့ တက်ရောက်ရန် စင်ကာပူနိုင်ငံသို့ ထွက်ခွာ

**နေပြည်တော် အောက်တိုဘာ ၂၈**

စင်ကာပူနိုင်ငံတွင် အောက်တိုဘာ ၂၉ ရက်မှ နိုဝင်ဘာ ၁ ရက်အထိ ကျင်းပမည့် (၁၂)ကြိမ်မြောက် စင်ကာပူအပြည်ပြည်ဆိုင်ရာ စွမ်းအင်ရက်သတ္တပတ်သို့ တက်ရောက်ရန် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့မှ စင်ကာပူနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြသည်။



အဆိုပါ (၁၂) ကြိမ်မြောက် စင်ကာပူအပြည်ပြည်ဆိုင်ရာ စွမ်းအင်ရက်သတ္တပတ်တွင် Singapore Energy Summit, Singapore International Energy Agency Forum, SIEW Energy Insights, Asia Clean Energy Summit, Asia Downstream Summit, Gas Asia Summit Conference & Exhibition စသည့် အစီအစဉ်များ ပါဝင်မည်ဖြစ်ပြီး ဒေသတွင်း စွမ်းအင်ဆိုင်ရာဝန်ကြီးများ၊ ကျွမ်းကျင်ပညာရှင်များ၊ စာတမ်းဖတ်ကြားသူများ၊ အပြည်ပြည်ဆိုင်ရာ စွမ်းအင်အဖွဲ့အစည်းများ တက်ရောက်ကြမည်ဖြစ်ကာ အာရှနှင့် ကမ္ဘာ့စွမ်းအင်ရေးရာကိစ္စရပ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ၂၀၁၈ ခုနှစ် မြန်မာရေကြောင်းညီလာခံ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၈**

မြန်မာနိုင်ငံ၏ ကုန်သွယ်ရေကြောင်းကဏ္ဍ အရှိန်အဟုန်မြင့် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကုန်သွယ်ရေကြောင်း အင်အားကြီးနိုင်ငံဖြစ်လာစေရန် ရည်ရွယ်၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ဦးဆောင်လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံရေကြောင်း အတတ်ပညာရှင်များအသင်းက ကြီးမှူးကျင်းပမည့် မြန်မာနိုင်ငံတွင် ဒုတိယအကြိမ်မြောက် ကျင်းပသော ၂၀၁၈ ခုနှစ် မြန်မာရေကြောင်းညီလာခံ (Maritime Conference Myanmar 2018) ကို ရန်ကုန်မြို့ နိုဗိုတယ်ဟိုတယ်၌ နိုဝင်ဘာ ၆ ရက်နှင့် ၇ ရက်တို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပွင့်သစ္စာ

## မြန်မာနိုင်ငံစာကြည့်တိုက်အသင်း နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၈**

မြန်မာနိုင်ငံ စာကြည့်တိုက်အသင်း၏ နှစ်ပတ်လည်အစည်းအဝေးကို နိုဝင်ဘာ ၁၆ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ (တတိယထပ်)၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ နှစ်ပတ်လည်အစည်းအဝေးတွင် "၂၁ ရာစု စာကြည့်တိုက်များနှင့် စာကြည့်တိုက်မှူးများ၏ အခန်းကဏ္ဍ" ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကို မွန်းလွဲ ၁ နာရီခွဲမှ ညနေ ၃ နာရီခွဲအထိ ကျင်းပမည်ဖြစ်ပြီး မြန်မာနိုင်ငံစာကြည့်တိုက် အသင်းဝင်များ၊ စာကြည့်တိုက်လုပ်ငန်းကို လက်တွေ့ဆောင်ရွက်နေသူများအားလုံး တက်ရောက်ပါဝင်ဆွေးနွေးကြပါရန် ဖိတ်ခေါ်ထားကြောင်း သိရသည်။

ရွှေနန်းမေ(ပြန်/ဆက်)

ကြေးမုံ
စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဦးကိုမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



# ဖျော်ဖြေ တင်ဆက်မှု ကြည့်ရှု

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ နိုင်ငံတော်သမ္မတ(မြိမ်း) ဦးထင်ကျော်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဦးဟင်နရီဗန်ထီးယူ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဧည့်သည်တော်များ "ပင်လုံမြေမှ သစ္စာ" တေးသီချင်းဖြင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များ ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုကြစဉ်။



* ရှေ့ဖုံးမှ

ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်(ခေါ်) ဦးထွန်းထွန်းဟိန်၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စု ရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ လွှတ်တော်ရေးရာကော်မတီ ဥက္ကဋ္ဌများ၊ တိုင်းမှူးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ NCA လက်မှတ်ရေးထိုးရာတွင် ပါဝင်ခဲ့ကြသည့် အသိသက်သေများ၊ NCA ညှိနှိုင်းဆွေးနွေးစဉ်က ပါဝင်ခဲ့ကြသည့် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးဗဟိုကော်မတီ(UPCC)နှင့် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီ(UPWC)တို့မှ တာဝန်ရှိသူများ၊ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ(UPDJC)အဖွဲ့ဝင်များ၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC – U) ကော်မတီဝင်များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ၊ နိုင်ငံခြားသံတမန်များ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ **"ပင်လုံမြေမှ သစ္စာ"** တေးသီချင်းဖြင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဗီဒီယိုဖိုင်ကို ပြသသည်။

ဆက်လက်၍ **"မငြိမ်းချမ်းလို့ မဖြစ်ဘူး"** တေးသီချင်းဖြင့် ကယားပြည်နယ်မှ တိုင်းရင်းသားလူငယ်များက ဖျော်ဖြေတင်ဆက်သည်။

ထို့နောက် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အမှာစကား ပြောကြားသည်။

**(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ အမှာစကားကို စာမျက်နှာ ၅ တွင် ဖော်ပြထားပါသည်)**

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကားပြောကြားသည်။

**(တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ အမှာစကားကို စာမျက်နှာ ၇ တွင် ဖော်ပြထားပါသည်)**

ဆက်လက်၍ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသော စာမျက်နှာ ၄ သို့ *




နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ် အောင်ဆန်းစုကြည်၊ နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးထင်ကျော်၊ ဒုတိယသမ္မတများ၊ လွှတ်တော်ဥက္ကဋ္ဌများ၊ ပြည်ထောင်စုတရားသူကြီးချုပ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ တိုင်းရင်းသားခေါင်းဆောင်များနှင့်အဖွဲ့၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ JMC နှင့် UPDJC ကိုယ်စားလှယ်တို့ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ညစာစားပွဲသို့ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ညစာစားပွဲသို့ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။

**✻ စာမျက်နှာ ၃ မှ**

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကိုယ်စား KNU ကရင်အမျိုးသား အစည်းအရုံးဥက္ကဋ္ဌ စောမူတူးစေးဖိုးက အမှာစကားပြောကြားသည်။

**(KNU ကရင်အမျိုးသားအစည်းအရုံး ဥက္ကဋ္ဌ စောမူတူးစေးဖိုး၏ အမှာစကားကို စာမျက်နှာ ၈ တွင်ဖော်ပြထားပါသည်)**

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးထင်ကျော်၊ ဒုတိယသမ္မတများ၊ လွှတ်တော်ဥက္ကဋ္ဌများ၊ ပြည်ထောင်စုတရားသူကြီးချုပ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ တိုင်းရင်းသားခေါင်းဆောင်များနှင့် အဖွဲ့သည် သံတမန်များနှင့်လည်းကောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ JMC နှင့် UPDJC ကိုယ်စားလှယ်များနှင့်လည်းကောင်း၊ နိုင်ငံရေးပါတီများ၊ ယခင်ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ(UPWC)၊ ယခင်အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(MPC)နှင့် အသိသက်သေများနှင့်လည်းကောင်း၊ အစိုးရ၊ လွှတ်တော်၊ တပ်မတော်ကိုယ်စားလှယ်များနှင့်လည်းကောင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ကော်မတီ/ကော်မရှင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့်လည်းကောင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၊ ကယားပြည်နယ်မှ တိုင်းရင်းသားလူငယ်များနှင့်လည်းကောင်း စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ညပိုင်းတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) (၄)နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားသို့ တက်ရောက်လာကြသူများအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ညစာစားပွဲသို့ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးထင်ကျော်၊ ဒုတိယသမ္မတများ၊ လွှတ်တော်ဥက္ကဋ္ဌများ၊ ပြည်ထောင်စုတရားသူကြီးချုပ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များနှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ကြသည်။

ညစာစားပွဲတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့သည် ညစာစားပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

**သတင်းစဉ်**




နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ် အောင်ဆန်းစုကြည်၊ နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးထင်ကျော်၊ ဒုတိယသမ္မတများ၊ လွှတ်တော်ဥက္ကဋ္ဌများ၊ ပြည်ထောင်စုတရားသူကြီးချုပ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ တိုင်းရင်းသားခေါင်းဆောင်များနှင့်အဖွဲ့၊ အစိုးရ၊ လွှတ်တော်၊ တပ်မတော်ကိုယ်စားလှယ်များ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။



(NCA) (၄)နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားသို့ တက်ရောက်လာကြသူများကို တွေ့ရစဉ်။



(NCA) (၄)နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားသို့ တက်ရောက်လာကြသူများကို တွေ့ရစဉ်။

# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) (၄) နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားသည့် အမှာစကား

**ဒီကနေ့အခမ်းအနားကို တက်ရောက်ချီးမြှင့်ကြတဲ့ နိုင်ငံတော်သမ္မတကြီးနဲ့တကွ ဧည့်သည်တော်များ၊ အထူးသဖြင့် ကျွန်မတို့နိုင်ငံရဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် ကူညီမစခဲ့သောပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများနဲ့ အဝေးကနေမှ တကူးတကလာရောက်ကြတဲ့ ကျွန်မတို့ရဲ့ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးကို ကြိုဆိုနှုတ်ခွန်းဆက်ပါတယ်။**

**NCA လေးနှစ်ပြည့်မြောက်**

ဒီကနေ့အခမ်းအနားကတော့ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(Nationwide Ceasefire Agreement-NCA) လေးနှစ်မြောက်နှစ်ပတ်လည်အထိမ်းအမှတ်ပဲ ဖြစ်ပါတယ်။ NCA လက်မှတ်ရေးထိုးခဲ့ကြသူတွေအားလုံးအနေနဲ့ ဒီလိုလေးနှစ်ပြည့်မြောက်တဲ့အချိန်အခါသမယမှာ NCA အကောင်အထည်ဖော်မှုတွေ ပိုမိုခိုင်မာအားကောင်းအောင် ကြိုးပမ်းဆောင်ရွက်နေကြတာတွေအတွက်လည်း ဝမ်းမြောက်မိကြောင်း ဦးစွာပြောကြားလိုပါတယ်။

ငြိမ်းချမ်းရေးသဘောတူညီချက်တွေဟာ စွန့်စားရလေ့ရှိတဲ့ နိုင်ငံရေးနဲ့စစ်ရေးဆိုင်ရာ ဆုံးဖြတ်ချက်တွေပဲဖြစ်ပါတယ်။ ကျွန်မတို့ရဲ့နိုင်ငံတည်ငြိမ်ရေးနဲ့ ကျွန်မတို့ရဲ့ မျိုးဆက်သစ်လူငယ်တွေရဲ့ အနာဂတ်ငြိမ်းချမ်းသာယာလှပရေးကို ရှေးရှုပြီး သတ္တိရှိတဲ့ နိုင်ငံရေးဆုံးဖြတ်ချက်တွေကို ရဲရဲရင့်ရင့်ချမှတ်ပြီး လက်မှတ်ရေးထိုးခဲ့ကြတဲ့ ခေါင်းဆောင်တွေအားလုံး၊ ယခင်သမ္မတကြီး ဦးသိန်းစိန်နဲ့ ယခင်အစိုးရတာဝန်ရှိသူတွေအားလုံး၊ တပ်မတော်ခေါင်းဆောင်တွေနဲ့ တိုင်းရင်းသားခေါင်းဆောင်တွေအားလုံးကို ကျွန်မအနေနဲ့ ဂုဏ်ပြုပါတယ်။ လွန်ခဲ့တဲ့လေးနှစ်တာကာလက စိတ်တူကိုယ်တူ ဆုံးဖြတ်ချမှတ်ခဲ့တဲ့ ငြိမ်းချမ်းရေးလမ်းကြောင်းကို ဒီကနေ့၊ ဒီအချိန်မှာ ဆက်လက်ပြီး ခိုင်မာတဲ့ယုံကြည်ချက်နဲ့ လျှောက်လှမ်းနေကြတာတွေကိုလည်း အသိအမှတ်ပြုပါကြောင်း ကျွန်မအနေနဲ့ အလေးအနက်ပြောကြားလိုပါတယ်။

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် NCA ဟာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သက်သက်မဟုတ်ပါဘူး။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဘယ်လိုအကောင်အထည်ဖော်သွားမယ်ဆိုတာကို တိတိကျကျ ဖော်ပြထားတဲ့ စာချုပ်တစ်စောင်ဖြစ်ရုံတင်မကပါဘူး။ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးကို ဘယ်လမ်းကြောင်းအတိုင်း သွားမယ်ဆိုတာကို ပြဋ္ဌာန်းထားတဲ့ နိုင်ငံရေးပဋိညာဉ်တစ်ရပ်လည်း ဖြစ်ပါတယ်။ ကျွန်မတို့ မြန်မာနိုင်ငံရဲ့သမိုင်းကြောင်းတစ်လျှောက် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ကြဖို့ အတိအလင်းဖော်ပြထားတဲ့ တစ်ခုတည်းသော စာချုပ်လည်းဖြစ်ပါတယ်။ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ အမျိုးသားတန်းတူရေးနဲ့ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက် အလွန်အရေးပါတဲ့ သဘောတူစာချုပ် ဖြစ်ပါတယ်။ ဒီကနေ့ ကျွန်မတို့အကြားမှာ ဖြစ်ပေါ်လာခဲ့တဲ့ အခက်အခဲတွေဟာ NCA စာချုပ်ကြောင့်မဟုတ်ပါဘူး၊ NCA စာချုပ်ကို အကောင်အထည်ဖော်ရာမှာ အားနည်းချက်တွေ၊ လိုက်နာဖို့လိုအပ်ချက်တွေ၊ နားလည်မှု ကွဲပြားမှုတွေကြောင့်ဖြစ်ပေါ်လာတဲ့ အခက်အခဲတွေပဲ ဖြစ်ပါတယ်။ NCA ကို ပါဝင်လက်မှတ်ရေးထိုးထားတဲ့ သက်ဆိုင်သူ ခေါင်းဆောင်တွေအားလုံးအနေနဲ့ NCA ပါ သဘောတူညီချက်တွေကို အကောင်အထည်ဖော်ရာမှာ ကတိသစ္စာတည်ကြည်ကြဖို့ အင်မတန်မှ အရေးကြီးတယ်ဆိုတာကို အားလုံးနားလည်ပြီးဖြစ်ပါလိမ့်မယ်။

လွန်ခဲ့တဲ့ လေးနှစ်က NCA လက်မှတ်ရေးထိုးပြီး ကာလတစ်လျှောက်ကို ပြန်ပြောင်းလေ့လာကြည့်ရင် လက်ရှိ ၂၀၁၉ ခုနှစ်ဟာ တပ်မတော်နဲ့ NCA လက်မှတ်ရေးထိုးထားတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေအကြား ထိတွေ့တိုက်ပွဲဖြစ်ပွားမှု အနည်းဆုံးနှစ်ဖြစ်တယ်ဆိုတာကို တွေ့ရပါလိမ့်မယ်။ ဒါကိုပြန်ပြီး သုံးသပ်ကြည့်တဲ့အခါ တပ်မတော်ရဲ့ တစ်ဖက်သတ်အပစ်ရပ်ကြေညာချက်ကြောင့်ဖြစ်သလို တစ်ဖက်မှာလည်း နိုင်ငံတော်အစိုးရနဲ့ NCA လက်မှတ်ရေးထိုးထားတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း အားလုံးအကြားမှာ တွေ့ဆုံဆွေးနွေးမှုတွေ ဆက်တိုက်ပြုလုပ်နိုင်ခဲ့ခြင်းရဲ့ အကျိုးသက်ရောက်မှုဆိုတာကို ကျွန်မတို့ တွေ့ရှိရပါတယ်။ ဒါဟာကောင်းမွန်တဲ့ တိုးတက်မှုလို့ ဆိုရမှာပါ။



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အမှာစကားပြောကြားစဉ်။

ကျွန်မတို့နိုင်ငံရဲ့ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခအတွင်းမှာ အများဆုံးဘေးဒုက္ခကြုံတွေ့ ခံစားနေရသူအများစုဟာ ကျွန်မတို့ရဲ့ တိုင်းရင်းသားမျိုးနွယ်စုတွေဖြစ်တယ်ဆိုတာကို အထင်အရှားတွေ့မြင်ကြရပါလိမ့်မယ်။ လက်နက်ကိုင်ပဋိပက္ခကြောင့် နေအိမ်၊ စည်းစိမ်၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းတွေ ဒေါ်လာဘီလီယံနဲ့ချီပြီး ပျက်စီးဆုံးရှုံးခဲ့ရပြီး တန်ဖိုးမဖြတ်နိုင်တဲ့ လူ့အသက်ပေါင်းမြောက်မြားစွာ ပေးဆပ်ခဲ့ရပါတယ်။ နေရပ်စွန့်ခွာပြီး စစ်ဘေးတိမ်းရှောင်ခဲ့ကြရတဲ့ တိုင်းရင်းသားလူငယ်လေးတွေဟာ ပညာရေးနဲ့အလှမ်းဝေးပြီး ခေတ်နောက်ကျကျန်ရစ်ခဲ့ရပါတယ်။ အကြီးမားဆုံးသော ဆုံးရှုံးမှုကတော့ ပြည်ထောင်စုရဲ့အနာဂတ်ကို တိုက်ပွဲတွေက ခြိမ်းခြောက်သလိုဖြစ်ခြင်းပါပဲ။ ဒါ့ကြောင့် လူနည်းစုတိုင်းရင်းသားတွေရဲ့ ခံစားချက်တွေ၊ နာကျင်မှုတွေ၊ ဒဏ်ရာဒဏ်ချက်တွေကို ကျွန်မတို့ရဲ့နှလုံးသားနဲ့ ခံစားနားလည်ပေးပြီး အားလုံးကြုံတွေ့ခဲ့ရတဲ့ အခက်အခဲတွေ၊ ရုန်းကန်မှုတွေကို ကျွန်မတို့ သိမြင်သဘောပေါက် ကုစားပေးနိုင်မှသာ ပဋိပက္ခဖြေရှင်းရေးကို ဦးတည်တဲ့ငြိမ်းချမ်းရေးကို ကျွန်မတို့ တည်ဆောက်နိုင်မှာဖြစ်တယ်ဆိုတာ ပြောကြားလိုပါတယ်။

**ပြည်ထောင်စုရဲ့အိပ်မက်**

နိုင်ငံတကာနဲ့ကမ္ဘာလုံးဆိုင်ရာ သမိုင်းကြောင်းနဲ့ ဖြစ်စဉ်တွေမှာ ငြိမ်းချမ်းရေးဖြစ်စဉ်တွေ၊ နိုင်ငံရေးဆွေးနွေးပွဲတွေကို ကြိုးပမ်းဆောင်ရွက်ခဲ့ကြတဲ့ သာဓကတွေ၊ စံနမူနာတွေ အမြောက်အမြားရှိနေကြပါတယ်။ နှစ်အရှည်ကြာဆုံး ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခနဲ့ နောက်ခံအကြောင်းတရားမျိုးစုံ၊ စိန်ခေါ်မှုနဲ့ အခက်အခဲအမျိုးမျိုး ရောထွေးလျက်ရှိတဲ့ ကျွန်မတို့နိုင်ငံရဲ့ သမိုင်းနောက်ခံ၊ အကြောင်းတရားတွေလောက် နက်နဲကျယ်ပြန့်ရှုပ်ထွေးခြင်း မရှိတာကိုလည်း အားလုံးအသိပဲ ဖြစ်ပါလိမ့်မယ်။ ဖြေရှင်းရမယ့်ပြဿနာတွေ၊ အရှုပ်အထွေးတွေကလည်း ရှင်းလင်းလွယ်ကူခြင်းမရှိပါဘူး။ ဒီလိုအကြောင်းတရားအမျိုးမျိုးနဲ့ အရှုပ်အထွေးအမျိုးမျိုးကို တစ်ခုချင်းစီ ခွဲခြမ်းစိတ်ဖြာပြီး ဖြေရှင်းနိုင်ဖို့ဆိုတာလည်း လွယ်ကူလှတဲ့ အနေအထားတော့ မဟုတ်ပါဘူး။ ကျွန်မတို့နိုင်ငံရဲ့သမိုင်းကြောင်းဖြစ်စဉ်နဲ့အတူ ဒွန်တွဲတည်ရှိခဲ့တဲ့ ပဋိပက္ခတွေ၊ တင်းမာမှုတွေနဲ့ ပြဿနာတွေရဲ့ အရင်းခံအကြောင်းတရားတွေရဲ့ နက်နဲရှုပ်ထွေးမှုတွေကို သိမြင်နားလည်သဘောပေါက်နိုင်မယ်ဆိုရင် ကျွန်မတို့အားလုံး စိတ်ရှည်သည်းခံနားလည်မှုထားရှိနိုင်ပါလိမ့်မယ်။

၁၉၄၇ခုနှစ်၊ (၂၀)ရာစုပင်လုံညီလာခံက အစပြုခဲ့တဲ့ ပြည်ထောင်စုတည်ဆောက်ရေးအိပ်မက်ဟာ ဒီကနေ့၊ ဒီအချိန်အထိ ပြည့်ဝအောင်မြင်နိုင်ခြင်း မရှိသေးပါဘူး။ ကျွန်မတို့ရဲ့မိဘ၊ ဘိုးဘွားတွေရဲ့ မျှော်လင့်ချက်တွေ၊ အိပ်မက်တွေဟာ ဒီကနေ့၊ ဒီအချိန်မှာ မျိုးဆက်သစ်တိုင်းရင်းသားလူငယ်တွေရဲ့ မျှော်လင့်ချက်တွေ၊ အိပ်မက်တွေဖြစ်လာခဲ့ပါပြီ။ ဒီကနေ့အထိလည်း ပြည်ထောင်စုအိပ်မက်ဟာ အိပ်မက်အဖြစ်ကနေ လက်တွေ့အကောင်အထည်ပေါ်လာဖို့ ကျွန်မတို့ကြိုးပမ်းနေရဆဲ၊ အားထုတ်နေရဆဲပဲ ဖြစ်ပါတယ်။ တိုင်းရင်းသားပြည်သူအားလုံး တန်ဖိုးထား၊ အမြတ်တနိုးထားရတဲ့ ပြည်ထောင်စုကြီးတည်ဆောက်နိုင်ဖို့ဆိုတာ ဒီကနေ့အခမ်းအနားကို တက်ရောက်လာကြတဲ့ ကျွန်မတို့အားလုံးရဲ့သမိုင်းပေးတာဝန်ပဲ ဖြစ်ပါတယ်။

ကျွန်မတို့ရဲ့ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံနိုင်ငံရေးဆွေးနွေးပွဲတွေဟာ ကျွန်မတို့နိုင်ငံရဲ့ သမိုင်းကြောင်းတစ်လျှောက် အမြစ်တွယ်ခဲ့တဲ့ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခတွေကို ဖြေရှင်းနိုင်ဖို့ ပထမဦးဆုံးပေါ်ပေါက်လာခဲ့တဲ့ သမိုင်းဝင်နိုင်ငံရေးဆွေးနွေးပွဲတွေပဲ ဖြစ်ပါတယ်။ ဒီလိုနိုင်ငံရေးပြဿနာတွေကို နိုင်ငံရေးနည်းလမ်းနဲ့ ငြိမ်းငြိမ်းချမ်းချမ်းညှိနှိုင်းအဖြေရှာပြီး အားလုံးသဘောတူလက်ခံတဲ့ နိုင်ငံရေးသဘောတူညီချက်တွေကနေ ဒီမိုကရေစီအရေး၊ အမျိုးသားတန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးတွေ၊ အာမခံချက်တွေအပြည့်အဝရှိတဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးကို ကျွန်မတို့အားလုံးခိုင်ခိုင်မာမာ ဆက်လက်လျှောက်လှမ်းသွားကြဖို့ အထူးပဲအရေးကြီးလှပါတယ်။

ဒီခရီးလမ်းက ရှည်လျားနိုင်ပါတယ်။ အနိမ့်-အမြင့်၊ အတက်-အကျတွေလည်း ရှိနေနိုင်ပါတယ်။ တစ်ခါတစ်ရံမှာ အားတက်၊ စိတ်တက်ကြွစရာတွေ တွေ့ကြုံနိုင်သလို တစ်ခါတစ်ရံမှာလည်း အားပျက်၊ စိတ်ဓာတ်ကျစရာတွေ တွေ့ကြုံနိုင်ပါတယ်။ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကို ချီရာလမ်းဟာ မှောင်တစ်ခါ၊ လင်းတစ်လှည့်နဲ့ မှောင်ရီဝိုးတဝါး အချိန်ကာလတွေကို ဖြတ်သန်းရနိုင်ပါတယ်။ တစ်ချိန်တစ်ခါမှာလည်း မှုန်ပျပျ အဝေးကပန်းတိုင်ကို ခပ်ရေးရေးမြင်တွေ့နေရတဲ့ ကာလတွေကိုလည်း ဖြတ်သန်းရနိုင်ပါတယ်။ ဒီလိုအခက်အခဲတွေ၊ စိန်ခေါ်မှုတွေက ကျွန်မတို့အားလုံးရဲ့ရှေ့မှာ စောင့်ကြိုနေတယ်ဆိုတာလည်း အားလုံးသိရှိပြီးဖြစ်ပါတယ်။ တာတိုခရီးမှာခွန်အားက အဆုံးအဖြတ်ပေးပေမယ့် တာဝေးခရီးကို လျှောက်လှမ်းကြရာမှာတော့ ခရီးဆုံးအထိ ရေကုန်ရေခန်း၊ အားမပျက်၊ စိတ်မလျှော့စတမ်း လျှောက်လှမ်းနိုင်ကြဖို့ အရေးကြီးလှပါတယ်။ တာဝေးခရီးကို လျှောက်လှမ်းကြရာမှာ ခရီးလမ်းရှည်ကြာလာတာနဲ့အမျှ စိတ်ဓာတ်ခိုင်မာမှု၊ စိတ်ရှည်သည်းခံမှု၊ စိတ်လိုလက်ရရှိမှု၊ သန္နိဋ္ဌာန်စိတ် ခိုင်မာမှုတွေက တဖြည်းဖြည်း အားနည်းယုတ်လျော့လာတတ်ကြပါတယ်။

ဒီလိုအခြေအနေမျိုးမှာ တစ်လှေတည်းစီး၊ တစ်ခရီးတည်း သွားနေကြတဲ့ ကျွန်မတို့အားလုံး တစ်ဦးကိုတစ်ဦး စာနာမှု၊ နားလည်မှု၊ ဖေးမမှု၊ ရိုင်းပင်းကူညီမှုတွေနဲ့ လဲနေသူကို ထူပေးပြီး ပန်းတိုင်ရောက်အောင် ဆက်လက်လျှောက်လှမ်းကြဖို့ လိုပါတယ်။ ဘယ်သူတွေက ငြိမ်းချမ်းရေးကို အမှန်တကယ်လိုလားသလဲ၊ ဘယ်သူတွေက ငြိမ်းချမ်းရေးကိုမလိုလားဘူးလဲဆိုတာကိုလည်း သမိုင်းနဲ့ ပြည်သူကမှတ်ကျောက်တင် အဆုံးအဖြတ်ပေးသွားမှာ ဖြစ်ပါတယ်။ လက်ရှိကြုံတွေ့နေရတဲ့ အခြေအနေနဲ့ ပတ်သက်လို့ ကျွန်မအနေနဲ့ အလေးအနက်ပြောချင်တာက **“ပြဿနာဆိုတာတွေက ပြဿနာမဟုတ်ပါဘူး။ ဒီပြဿနာတွေကို ဘယ်ပုံဘယ်နည်းနဲ့ ဖြေရှင်းကြမလဲ ဆိုတာကသာ ပြဿနာဖြစ်တယ်”**ဆိုတာပါပဲ။ ကျွန်မတို့ရဲ့ ပြည်ထောင်စုအတွက်၊ ကျွန်မတို့ရဲ့ သားမြေးစဉ်ဆက်၊ နောင်အနာဂတ်မျိုးဆက်သစ်တွေအတွက် ဒီကနေ့ ပြဿနာတွေကိုဖြေရှင်းကြဖို့ ကျွန်မတို့ရဲ့ပစ္စုပ္ပန်ကို တန်ဖိုးရှိရှိ သုံးရပါမယ်။

**နိုင်ငံတော်အစိုးရရဲ့ ဖက်ဒရယ် သန္နိဋ္ဌာန်**

ကျွန်မတို့ အစိုးရအနေနဲ့ နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူ ထမ်းဆောင်စကတည်းက ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးကို ဦးတည်လျှောက်လှမ်းဖို့ ကတိပြုခဲ့ပြီးဖြစ်ပါတယ်။ ဒါဟာအစိုးရဖြစ်လာမှ မဟုတ်ပါဘူး။ ဖက်ဒရယ်ဆိုတဲ့ စကားလုံးကို ပွင့်ပွင့်လင်းလင်းမပြောရဲကြတဲ့ အချိန်တွေမှာ ကျွန်မတို့အဖွဲ့ချုပ်ကပြောခဲ့တာဖြစ်ပါတယ်။ ဒီလိုတည်ဆောက်နိုင်ဖို့အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေကို မဏ္ဍိုင်ပြုပြီး နိုင်ငံရေးဆွေးနွေးညှိနှိုင်းမှုတွေကနေ သဘောတူညီချက်တွေချမှတ်ဖို့ ကျွန်မတို့ အစဉ်တစိုက် ပြောခဲ့ပါတယ်။ လူထုမနာစေဖို့အတွက် တွေ့ဆုံဆွေးနွေးညှိနှိုင်းခြင်းနည်းလမ်းနဲ့ အဖြေရှာပြီး ညီညွတ်ရေးတည်ဆောက်ဖို့ဆိုတာ ကျွန်မတို့အဖွဲ့ချုပ်ရဲ့ မူဝါဒလည်း ဖြစ်ပါတယ်။

စစ်မှန်တဲ့ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်နိုင်မှ ကျွန်မတို့နိုင်ငံ ရေရှည်တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းရေး ရမယ်ဆိုတာကို အရင်ကတည်းက ကျွန်မတို့ တဖွဖွပြောခဲ့ပြီး ဖြစ်ပါတယ်။ ဖက်ဒရယ်စနစ်နဲ့အညီ အာဏာခွဲဝေမှုတွေ ရှိရမယ်၊ သယံဇာတခွဲဝေမှုနဲ့ အခွန်အကောက်ခွဲဝေမှုတွေ ရှိရမယ်၊ ဖက်ဒရယ်ယူနစ်တွေအားလုံးဟာ တန်းတူရည်တူ ရှိရမယ်၊ ပြည်နယ်တွေမှာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အာမခံနိုင်တဲ့ ကိုယ်ပိုင်အခြေခံဥပဒေတွေရှိရမယ်၊ ပြည်နယ်တွေရဲ့ အာဏာတွေကို ခွဲဝေကျင့်သုံးတဲ့အခါ ပြည်သူလူထုကို အခြေခံရမယ်စတဲ့ အခြေခံမူတွေကို ကျွန်မတို့အစိုးရအနေနဲ့မူအားဖြင့် လက်ခံထားပြီး ဖြစ်ပါတယ်။ အသေးစိတ်အခြေခံမူတွေ ချမှတ်ရာမှာ အားလုံးညှိနှိုင်းတိုင်ပင်ပြီး သဘောတူညီချက်တွေအဖြစ် ချမှတ်ဖို့ တွေ့ဆုံဆွေးနွေးရေး စားပွဲဝိုင်းမှာ ကျွန်မတို့အားလုံး ပါဝင်နိုင်ကြဖို့ အရေးကြီးပါတယ်။

တွေ့ဆုံဆွေးနွေးကြရာမှာလည်း ကိုယ့်မူ-သူ့မူ၊ ကိုယ့်ရပ်တည်ချက်- သူ့ရပ်တည်ချက်၊ ဒါတွေကိုအသေဆုပ်ကိုင်ပြီး အလျှော့အတင်း၊ အပေးအယူမလုပ်နိုင်တဲ့ သူတွေလည်း ရှိကောင်းရှိနိုင်ပါတယ်။ အမှန်တကယ် ငြိမ်းချမ်းရေးကို လိုလားရင်၊ အမှန်တကယ် ဖက်ဒရယ်ပြည်ထောင်စုကြီးကို

**စာမျက်နှာ ၆ သို့** ☆

# အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်
# KNU ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ စောမူတူးစေးဖိုးနှင့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၂၈**

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် KNU ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ စောမူတူးစေးဖိုးနှင့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ရှိ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် လက်ရှိငြိမ်းချမ်းရေးဖြစ်စဉ်တွင် ကြုံတွေ့နေရသည့် အခက်အခဲများကျော်လွှားနိုင်ရေးကိစ္စ၊ NCA အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင်သဘောတူညီချက်များ ရယူရေးကိစ္စ၊ ၂၀၂၀ ရွေးကောက်ပွဲများအလွန် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များအပေါ် သဘောတူညီချက်ရယူရေးကိစ္စ၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး JICM ကျင်းပနိုင်ရေးကိစ္စ၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) နေပြည်တော်မလာရောက်နိုင်သည့်ကိစ္စနှင့် ရေရှည်တည်တံ့သောငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ အစီအစဉ်များကိစ္စ စသည်တို့ကိုရင်းရင်းနှီးနှီး ပွင့်ပွင့်လင်းလင်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အတူ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းနှင့် ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ၊ ဒုတိယဝန်ကြီး ဦးခင်မောင်တင်နှင့် ဦးလှမော်ဦး၊ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးတို့ တက်ရောက်ကြပြီး ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌနှင့်အတူ အထွေထွေအတွင်းရေးမှူး ပဒိုစောတာဒိုမူး၊ တွဲဖက်အထွေထွေအတွင်းရေးမှူး(၂) ပဒိုစောလှထွန်း၊ စစ်ရေး/ နိုင်ငံရေးအကြံပေး ပဒိုစောထူးထူးလေး၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် စောရော်ဂျာခင်၊ ဗဟိုအမြဲတမ်းကော်မတီဝင်များဖြစ်ကြသည့် စောတောနီး၊ စောသမိန်ထွန်း၊ စောအိုင်းဇက်ဖိုး၊ စောတာမလာသောနှင့် ပဒိုစောရွှေမောင်းတို့လည်း တက်ရောက်ကြသည်။ **သတင်းစဉ်**



အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် KNU ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ စောမူတူးစေးဖိုးနှင့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

☆ **စာမျက်နှာ ၅ မှ**

တည်ဆောက်ချင်တယ်ဆိုရင် ပျော့ပျောင်းညင်သာမှုနဲ့ သဘောထားကြီးမှုတို့လည်း လိုအပ်တယ်ဆိုတာကို သတိချပ်စေချင်ပါတယ်။ နိုင်ငံရေး စားပွဲဝိုင်းတွေ့ဆုံဆွေးနွေးရေးမှာလည်း ကျွန်မတို့ရဲ့မူကို ချပြပြီး ဒီမူကို ဦးတည်ဆွေးနွေးတာမျိုး ကျွန်မတို့ မလုပ်ခဲ့ပါဘူး။ ကျွန်မတို့ရဲ့ တိုင်းရင်းသားတွေဘက်က တင်ပြချက်တွေကို အခြေခံပြီး အားလုံးဝိုင်းဝန်းဆွေးနွေး၊ အားလုံးသဘောတူလက်ခံတာကို ရွေးချယ်တဲ့နည်းလမ်းနဲ့ ချဉ်းကပ်ခဲ့တာပါ။ ကျွန်မတို့က အစိုးရပဲ၊ အစိုးရသဘောထားကိုပဲ အားလုံးက အလေးပေးဆွေးနွေးကြရမယ်ဆိုတာမျိုး ကျွန်မတို့ မလုပ်ခဲ့ပါဘူး။ ပြန်ကြည့်လိုက်ရင် ပြည်ထောင်စုသဘောတူစာချုပ်ရဲ့ အစိတ်အပိုင်း(၁)နဲ့(၂)က အခြေခံမူတွေ၊ လက်ရှိဆွေးနွေးညှိနှိုင်းနေတဲ့ အချက်အလက်တွေအားလုံးဟာ ကျွန်မတို့တိုင်းရင်းသားတွေရဲ့ လိုလားချက်တွေ၊ အဆိုပြုချက်တွေကို အခြေခံပြီး ဆွေးနွေးညှိနှိုင်းခဲ့တယ်ဆိုတာ တွေ့မြင်နိုင်ပါလိမ့်မယ်။ ကိုယ့်ရဲ့ ရပ်တည်ချက်တွေကို လှေနံဓားထစ်၊ တစ်ထစ်ချ တရားသေဆွဲကိုင်ပြီး ဆွေးနွေးညှိနှိုင်းတာမျိုးဟာ စစ်မှန်တဲ့ ဆွေးနွေးညှိနှိုင်းမှု မဟုတ်ပါဘူး။ ဒါ့ကြောင့် အဖြေထွက်လာနိုင်တဲ့ နည်းလမ်းရှာတဲ့ ပုံစံမျိုးနဲ့ ကျွန်မတို့ ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။

**နိုင်ငံတော် ရှေ့ဆက်မယ့် လမ်းစဉ်(၃)ရပ်**

ဒီကနေ့ ကျင်းပပြုလုပ်တဲ့ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) (၄)နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားမှာ ကျွန်မတို့**အစိုးရအနေနဲ့ ရှေ့ဆက်လျှောက်လှမ်းမယ့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် (၃)ရပ်**ကို အသိပေးပြောကြားလိုပါတယ်။ **ပထမဆုံးလုပ်ငန်းစဉ်**ကတော့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံကို ဘယ်လိုရှေ့ဆက်သွားမလဲဆိုတဲ့ ဘုံလုပ်ငန်းစဉ် ဖြစ်ပါတယ်။ ဒီဘုံလုပ်ငန်းစဉ်ချမှတ်ပြီး ခိုင်မာတဲ့ အုတ်မြစ်တစ်ရပ် စိုက်ထူနိုင်အောင် NCA လက်မှတ်ရေးထိုးထားတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများရဲ့ ခေါင်းဆောင်ကြီးတွေက စတင်ပြီး အဆိုပြုကမ်းလှမ်းခဲ့တာ ဖြစ်ပါတယ်။ ဒီအဆိုပြုချက်ကို ကျွန်မအနေနဲ့ အလေးအနက် စဉ်းစားသုံးသပ်ပါတယ်။ NCA ကို အခြေခံပြီး ရှေ့ကိုဆက်ပြီး လျှောက်လှမ်းရာမှာ ကျွန်မတို့အကြားမှာ အကျေအလည်ဆွေးနွေးပြီး အားလုံးသဘောတူချမှတ်တဲ့ လုပ်ငန်းစဉ်တစ်ရပ် ရှိဖို့လိုတယ်ဆိုတာကို ကျွန်မအနေနဲ့ အလေးအနက်လက်ခံထားပြီးသားဖြစ်ပါတယ်။ အလွတ်သဘော တွေ့ဆုံဆွေးနွေးမှုတွေကြိမ်ဖန်များစွာ ပြုလုပ်ခဲ့ပြီးတဲ့နောက် ဒီကနေ့ ဒီအချိန်ကျွန်မတို့အားလုံးအကြားမှာ မူအားဖြင့် သဘောတူလက်ခံနိုင်တဲ့ အချက်သုံးချက် ရရှိထားပါတယ်။ **ပထမဆုံးအချက်**အနေနဲ့ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) အကောင်အထည်ဖော်မှုနဲ့ စပ်လျဉ်းပြီး မူဘောင်သဘောတူညီချက်တွေ ကျွန်မတို့ ရယူပါမယ်။ ဒီမူဘောင်သဘောတူညီချက်တွေဟာ လာမယ့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေးမှာ ချုပ်ဆိုမယ့် ပြည်ထောင်စုသဘောတူစာချုပ်ရဲ့ ပထမပိုင်း ဖြစ်လာပါလိမ့်မယ်။

**ဒုတိယအချက်**အနေနဲ့ ဖက်ဒရယ်ဆိုင်ရာအခြေခံမူ ၅၁ ချက် ရရှိပြီးဖြစ်တဲ့အတွက် နောက်ထပ်ရနိုင်သမျှအခြေခံမူတွေ ရရှိအောင် ကျွန်မတို့အစုအဖွဲ့တွေကြားမှာ၊ (၂၁)ရာစု ပင်လုံညီလာခံရဲ့ လုပ်ငန်းစဉ်တွေမှာ ဆွေးနွေးညှိနှိုင်းကြပါမယ်။ နောက်ထပ်ရရှိလာမယ့် အခြေခံမူတွေရယ်၊ ကျွန်မတို့ ရရှိပြီး ၅၁ ချက်ရယ်ကို စုပေါင်းပြီး အခြေခံမူသဘောတူညီချက်တွေ ရယူပါမယ်။ ဒီအခြေခံမူသဘောတူညီချက်တွေဟာ လာမယ့်ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေးမှာ ချုပ်ဆိုမယ့် ပြည်ထောင်စုသဘောတူစာချုပ်ရဲ့ ဒုတိယပိုင်း ဖြစ်လာပါလိမ့်မယ်။

**တတိယအချက်**အနေနဲ့ ၂၀၂၀ ရွေးကောက်ပွဲတွေအလွန် ဆက်လက်ဖော်ဆောင်မယ့် အဆင့်လိုက်လုပ်ငန်းစဉ်တွေ၊ ဦးစားပေးအစီအစဉ်တွေကို ကျွန်မတို့အကြားမှာ ဘုံသဘောတူညီချက် ရယူပါမယ်။ ၂၀၂၀ ရွေးကောက်ပွဲတွေအလွန် အဆင့်လိုက် လုပ်ငန်းစဉ်တွေ၊ အဆင့်လိုက်အကောင်အထည်ဖော်မှုတွေကို သဘောတူညီချက်ရယူပြီးရင် ဒီလုပ်ငန်းစဉ်တွေဟာ လာမယ့်ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေးမှာ ချုပ်ဆိုမယ့် ပြည်ထောင်စုသဘောတူစာချုပ်ရဲ့ တတိယပိုင်း ဖြစ်လာပါလိမ့်မယ်။

ဒီလို အစိတ်အပိုင်း သုံးပိုင်းပါဝင်တဲ့ ပြည်ထောင်စုသဘောတူစာချုပ်၊ အပိုင်း(၃)ကို ရရှိအောင် ကြိုးပမ်းဆောင်ရွက်ကြဖို့ဆိုတာကို မှတ်တိုင်အဖြစ် ကျွန်မတို့ သတ်မှတ်နိုင်ခဲ့တဲ့အတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ခဲ့ကြတဲ့ အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ NCA လက်မှတ်ရေးထိုးထားတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ အခြားသက်ဆိုင်သူများ အားလုံးကို ကျေးဇူးအထူးတင်ရှိကြောင်း အလေးအနက်ထားပြီး ပြောကြားလိုပါတယ်။ ဆက်လက်ပြီးလည်း အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ပေးကြဖို့လည်း တိုက်တွန်းပြောကြားလိုပါတယ်။

ကျွန်မတို့အစိုးရရဲ့ ရှေ့ဆက်သွားမယ့် ငြိမ်းချမ်းရေး **ဒုတိယလုပ်ငန်းစဉ်**ကတော့ ပါဝင်သင့် ပါဝင်ထိုက်သူအားလုံး ပါဝင်လာရေးပဲဖြစ်ပါတယ်။ ကျွန်မတို့အစိုးရအနေနဲ့ NCA လက်မှတ်ရေးထိုးထားခြင်းမရှိသေးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ တွေ့ဆုံဆွေးနွေးမှုတွေ ဆက်လက်အရှိန်မြှင့်လုပ်ဆောင်ပြီး ပစ်ခတ်တိုက်ခိုက်မှု လျော့နည်းတဲ့ အခြေအနေတစ်ရပ်ကို တည်ဆောက်နိုင်ဖို့၊ နိုင်ငံရေးစားပွဲဝိုင်းမှာ ပါဝင်နိုင်ဖို့၊ NCA ထီးရိပ်အောက်မှာ ပါဝင်သင့် ပါဝင်ထိုက်သူအားလုံး ပါဝင်လာဖို့ ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ NCA ညှိနှိုင်းခဲ့စဉ်က အခုလက်မှတ်မထိုးရသေးတဲ့အဖွဲ့အတော်များများ ပါဝင်ခဲ့ကြပြီး ဖြစ်ပါတယ်။ အကြောင်းအမျိုးမျိုးကြောင့်သာ အားလုံးပါဝင်နိုင်ခြင်း မရှိခဲ့တာ ဖြစ်ပါတယ်။ အခုအချိန်မှာ လက်မှတ်မထိုးရသေးတဲ့ အဖွဲ့အစည်းအသီးသီးက ခေါင်းဆောင်များအနေနဲ့လည်း သမိုင်းဝင်နိုင်ငံရေးဆွေးနွေးပွဲတွေမှာ ပါဝင်နိုင်ဖို့ ရှေ့ကို ခြေတစ်လှမ်းတက်ပေးကြဖို့ အလေးအနက် မေတ္တာရပ်ခံတိုက်တွန်းလိုပါတယ်။ ပါဝင်သင့် ပါဝင်ထိုက်တဲ့သူတွေ ပါဝင်နိုင်ခြင်းမရှိသေးတာကြောင့် ကျွန်မတို့ရဲ့ နိုင်ငံရေးစားပွဲဝိုင်းမှာ လိုအပ်ချက်တွေ၊ လစ်ဟာချက်တွေကို ခံစားနေရပါတယ်။ အားလုံးပါဝင်နိုင်တဲ့ အခင်းအကျင်းမျိုး ဖြစ်ပေါ်လာအောင် ကျွန်မတို့အနေနဲ့ဆက်လက်ပြီး အားထုတ်ကြိုးပမ်းသွားမှာဖြစ်ပါတယ်။

ကျွန်မတို့အစိုးရရဲ့ ရှေ့ဆက်သွားမယ့် ငြိမ်းချမ်းရေး **တတိယလုပ်ငန်းစဉ်**ကတော့ ငြိမ်းချမ်းရေးရဲ့အသီးအပွင့်တွေကို လူထုရရှိခံစားနိုင်ရေးပဲ ဖြစ်ပါတယ်။ မငြိမ်းချမ်းတဲ့ဒေသတွေမှာ ပဋိပက္ခရဲ့ ဒဏ်ရာဒဏ်ချက်တွေကို အဓိကရရှိခံစားကြရတာက ဟိုးအောက်ခြေက ကျွန်မတို့ရဲ့လူထုပဲ ဖြစ်ပါတယ်။ အထူးသဖြင့် လွတ်လပ်ရေး ရရှိချိန်ကစပြီး ပဋိပက္ခဒဏ်ရာဒဏ်ချက်တွေကို ခေတ်အဆက်ဆက် ခံစားခဲ့ရတဲ့ ကျွန်မတို့ရဲ့တိုင်းရင်းသားတွေအတွက် ဒီထက်ပိုတဲ့ ဘေးဒုက္ခဆိုတာမရှိတော့ပါဘူး။ ဒီကနေ့ကျွန်မတို့ရဲ့ ကမ္ဘာကြီးက နည်းပညာတော်လှန်ရေး “4.0”ကို သွားနေကြပါပြီ။ အခြားနိုင်ငံတွေက လူငယ်တွေ၊ မှတ်ဉာဏ်အတုပုံရိပ်ယောင်လူ့အဖွဲ့အစည်း၊ စက်မှုတော်လှန်ရေး၊ ဒစ်ဂျစ်တယ်ရေစီးကြောင်းတွေထဲကြားမှာ တက်တက်ကြွကြွနဲ့ စက္ကန့်နဲ့အမျှ တိုးတက်ဆန်းသစ်နေချိန်မှာ ကျွန်မတို့ရဲ့ ပြည်ထောင်စုမှာတော့ ကျွန်မတို့ရဲ့ တိုင်းရင်းသားလူငယ်တွေ၊ ကျွန်မတို့ရဲ့တိုင်းရင်းသားဒေသတွေရဲ့ အနာဂတ်တွေအတွက် အာမခံချက်တွေ လိုနေပါသေးတယ်။

ဒီလက်နက်ကိုင်ပြည်တွင်းစစ်ကို စတင်ခဲ့သူတွေဟာ ဒီ (၂၁) ရာစု၊ ဒီကနေ့ ဒီအချိန် ဒီလောကကြီးထဲမှာ မရှိကြတော့ပါဘူး။ ဒါပေမယ့်လည်း ဒီပြည်တွင်းစစ်မီးကို ငြှိမ်းသတ်ဖို့၊ ဖက်ဒရယ်ပြည်ထောင်စုအိပ်မက်ကို အကောင်အထည်ဖော်ဖို့၊ ဒီကနေ့ ဒီခန်းမထဲမှာ ရောက်နေကြတဲ့ ကျွန်မတို့အားလုံးရဲ့ ပခုံးထက်မှာ သမိုင်းက တာဝန်တွေ ရောက်ရှိနေပါပြီ။ နောင်လာမယ့် ၁၀ နှစ်မှာ ကမ္ဘာကြီးက ဘယ်လိုဖြစ်နေမလဲ၊ အဲ့ဒီအချိန်မှာ ကျွန်မတို့ရဲ့တိုင်းရင်းသားတွေကို ဘယ်လိုဖြစ်စေချင်သလဲ၊ ကျွန်မတို့ရဲ့ ပြည်ထောင်စုကြီးကို ဘယ်လိုဖြစ်စေချင်သလဲ။ ခေါင်းဆောင်တွေအားလုံး အလေးအနက်ထားပြီး စဉ်းစားကြစေလိုပါတယ်။ နောက်လာမယ့် ၁၀ နှစ်၊ နှစ် ၂၀ မှာလည်း ဒီပုံစံ၊ ဒီအနေအထား၊ ဒီလိုမျိုးနဲ့ပဲ စစ်မီးမငြိမ်းနိုင်သေးတဲ့နိုင်ငံ၊ စစ်မီးတောက်လောင်နေဆဲပြည်ထောင်စုကြီးကို ကျွန်မတို့ လက်ဆင့်ကမ်း ထားရစ်ခဲ့ကြမှာလား။

ဒီကနေ့ ကျွန်မတို့ ထားရှိနေကြတဲ့ မာနတွေ၊ အာဃာတတွေ၊ အသာစီး ရယူလိုမှုတွေ၊ မယုံကြည်မှုတွေကြောင့် ကျွန်မတို့ရဲ့ နောင်လာနောက်သားတွေရဲ့ အနာဂတ်ကို ဘယ်လောက်အထိ နောက်ကျသွားစေနိုင်သလဲ မြင်ယောင်တွေးကြည့်ကြစေလိုပါတယ်။ ကျွန်မတို့ အစိုးရအနေနဲ့ တိုင်းရင်းသားတွေ ခေတ်အဆက်ဆက် နှစ်ပေါင်းများစွာ အိပ်မက်သဖွယ် လိုလားတောင့်တတဲ့၊ ကျွန်မတို့ တိုင်းရင်းသားပြည်သူအားလုံးက အသက်ပေးပြီး ကာကွယ်ချင်လောက်အောင် အမြတ်တနိုးတန်ဖိုးထားကြတဲ့ ဖက်ဒရယ်ပြည်ထောင်စုကြီးကို တည်ဆောက်ချင်ပါတယ်။ ကျွန်မတို့နိုင်ငံဟာ ငြိမ်းချမ်းရေးရရှိဖို့ အချိန်တန်နေရုံမကဘူး၊ အချိန်တောင် အတော်လွန်နေပါပြီ။

နိဂုံးချုပ်အနေနဲ့အလေးအနက်ထားပြီး ပြောကြားလိုတာကတော့ ပြည်ထောင်စုဆိုတာ ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်သူအားလုံးရဲ့ ဦးနှောက်ထဲ၊ နှလုံးသားထဲကနေ နှစ်နှစ်ကာကာ ယုံယုံကြည်ကြည် တန်ဖိုးထားရတဲ့ စုစည်းမှုဖြစ်ဖို့ အရေးကြီးတယ်ဆိုတာပါပဲ။ ဒီစုစည်းမှုကို အင်အားနဲ့ တည်ဆောက်လို့ မရနိုင်ဘဲ ဉာဏ်ပညာအမြော်အမြင်၊ စိတ်သဘောထား ပြည့်ဝမှုတို့နဲ့ တည်ဆောက်မှ ရနိုင်မယ်ဆိုတာကို အားလုံးက သတိပြုကြစေလိုပါတယ်။ တိုင်းရင်းသားတန်းတူရေးကို အခြေခံတဲ့ ဖက်ဒရယ်ပြည်ထောင်စု မတည်ဆောက်နိုင်သရွေ့ ကျွန်မတို့နိုင်ငံ ငြိမ်းချမ်းဖို့မမြင်နိုင်ပါဘူး။ ပင်လုံစိတ်ဓာတ်ကို အခြေခံတဲ့ တိုင်းရင်းသားညီညွတ်ရေးကို မတည်ဆောက်နိုင်သရွေ့ ကျွန်မတို့နိုင်ငံ တိုးတက်အားကောင်းဖို့ မဖြစ်နိုင်ပါဘူး။ ဒီအနေအထားကို နှစ်ပေါင်း ၇၀ ကျော် သက်သေပြခဲ့ပြီးဖြစ်လို့ ကျွန်မတို့ မျက်မြင်ကိုယ်တွေ့ ကြုံတွေ့ခဲ့ကြပြီးလည်း ဖြစ်ပါတယ်။ ဒီအခြေအနေကို ပြောင်းလဲပစ်ဖို့ ကျွန်မတို့အားလုံး စိတ်တူကိုယ်တူ ကြိုးပမ်းဆောင်ရွက်ကြမယ်ဆိုရင် မဖြစ်နိုင်စရာ မရှိပါဘူး။

ကျွန်မတို့အစိုးရအနေနဲ့ ရှေ့လာမယ့် ကာလတွေမှာ ရှေ့ဆက်သွားမယ့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်(၃)ရပ်ကို အပြင်းအထန် ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ကျွန်မတို့ပြည်ထောင်စုအတွက် တန်ဖိုးအရှိဆုံးဖြစ်တဲ့ ငြိမ်းချမ်းရေး၊ တန်းတူရေးနဲ့ ဖက်ဒရယ်တည်ဆောက်ရေး အခြေခံအုတ်မြစ်ကို လက်ဆင့်ကမ်း စိုက်ထူပေးသွားနိုင်ဖို့ ကျွန်မတို့အစိုးရနဲ့ ပူးပေါင်းလက်တွဲပြီး ဆောင်ရွက်ပေးကြဖို့ အလေးအနက် မေတ္တာရပ်ခံတိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) (၄)နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြောကြားသည့် အမှာစကား

ဒီကနေ့ဟာ ကျွန်တော်တို့နိုင်ငံရဲ့ ပကတိလိုအပ်ချက်ဖြစ်တဲ့ ပြည်တွင်းစည်းလုံးညီညွတ်ရေးနဲ့ ငြိမ်းချမ်းရေးကို လက်တွေ့ကျကျ အကောင်အထည်ဖော်ပေးနိုင်မယ့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ချုပ်ဆိုခဲ့တဲ့ (၄)နှစ်မြောက် နှစ်ပတ်လည်နေ့ပဲဖြစ်ပါတယ်။ ဒီနှစ်ပတ်လည်နေ့အခမ်းအနားကို တက်ရောက်လာကြတဲ့ နိုင်ငံတော်သမ္မတကြီး အမှူးပြုတဲ့ အစိုးရပိုင်းဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ နိုင်ငံ့ငြိမ်းချမ်းရေးအတွက် အဘက်ဘက်မှ ပါဝင်ဆောင်ရွက်နေကြတဲ့ ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များအားလုံးနဲ့ အခမ်းအနားတက်ရောက်လာသူအားလုံး ငြိမ်းချမ်းသာယာရှိကြ၍ နိုင်ငံအကျိုး၊ ပြည်ထောင်စုအကျိုးနဲ့ ငြိမ်းချမ်းရေး အကျိုးတို့ကို ဆတက်ထမ်းပိုး စည်းလုံးညီညွတ်စွာ ထမ်းဆောင်နိုင်ပါစေကြောင်း ဆန္ဒပြုနှုတ်ခွန်းဆက်သလိုက်ပါတယ်။ အကြောင်းအမျိုးမျိုးပြပြီး မတက်ရောက်နိုင်တဲ့ အဖွဲ့များဟာလည်း ၎င်းတို့အကြောင်းနဲ့ ၎င်းတို့သာဖြစ်ပါလိမ့်မယ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အမှာစကား ပြောကြားစဉ်။

## ပြန်လည်အမှတ်ရစေဖို့

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ချုပ်ဆိုခြင်း အခမ်းအနားတွေ ကျင်းပလာတာ ဒီနှစ်နဲ့ဆို ၄ ကြိမ်ရှိပြီဖြစ်ပါတယ်။ အခမ်းအနားတိုင်းမှာ တာဝန်ရှိသူများက အမှာစကား၊ နှုတ်ခွန်းဆက်စကား အသီးသီးပြောကြပါတယ်။ ကျွန်တော့်အနေနဲ့လည်း ယခင်အခမ်းအနား ၃ ကြိမ်မှာ နှုတ်ခွန်းဆက်စကားများ ပြောကြားခဲ့ပါတယ်။ ဒီနေ့မှာတော့ ယခင်ပြောခဲ့တဲ့ နှုတ်ခွန်းဆက်စကားတွေထဲက အရေးကြီးတဲ့ အချက်အချို့ကို ပြန်လည်အမှတ်ရစေဖို့ အဖွင့်အနေနဲ့ ပြောလိုပါတယ်။

ပထမဆုံးအခမ်းအနားမှာ ကျွန်တော့်အနေနဲ့ NCA စာချုပ် ဖြစ်ပေါ်လာပုံနဲ့ တပ်မတော်ရဲ့ ငြိမ်းချမ်းရေးမူဝါဒ (၆)ရပ်ကို အလေးပေးပြောကြားခဲ့ပါတယ်။ NCA စာချုပ်နဲ့ပတ်သက်လို့ ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်နေ့မှာ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းအားလုံးကို ငြိမ်းချမ်းရေးဖိတ်ခေါ်ပြီး နိုင်ငံငြိမ်းချမ်းရေးအတွက် ကဏ္ဍသစ်တစ်ရပ် ဖွင့်လှစ်ခဲ့တဲ့အချိန်ကစတင်ပြီး NCA စာချုပ်ကို ပထမဆုံး လက်မှတ်ရေးထိုးခဲ့တဲ့ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့အထိ အချိန်ကာလ လေးနှစ်ကျော် ကြာမြင့်ခဲ့ကြောင်းနဲ့ ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်း အဆင့်ဆင့်ကို ညီညွတ်တဲ့ပေါင်းစည်းစွမ်းအားနဲ့ ကြိုးစားဖြတ်သန်းခဲ့ရပုံတွေကို ဆက်လက်လုပ်ဆောင်ရမယ့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေအတွက် ခွန်အားတွေဖြစ်စေဖို့ ပြန်ပြောင်းပြောပြခဲ့ပါတယ်။ ခေတ်အဆက်ဆက် ငြိမ်းချမ်းရေးကြိုးပမ်းမှုသမိုင်းတွေက ရရှိလာတဲ့ တပ်မတော်ရဲ့ "အသိတရား"နဲ့ လက်ရှိငြိမ်းချမ်းရေးတည်ဆောက်မှုခိုင်မြဲစေဖို့အတွက် လိုအပ်တဲ့ "အရှိတရား" ဖြစ်တဲ့ တပ်မတော်ရဲ့ ငြိမ်းချမ်းရေးမူဝါဒ (၆)ရပ်အကြောင်းကို ကျွန်တော်ဆွေးနွေးခဲ့ပါတယ်။ ဒါ့အပြင် တပ်မတော်ရဲ့ ငြိမ်းချမ်းရေးမူဝါဒ (၆)ရပ်နဲ့ NCA စာချုပ်ဟာ လက်နက်ကိုင်လမ်းစဉ်မှသည် ငြိမ်းချမ်းရေး၊ ငြိမ်းချမ်းရေးမှသည် ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ စစ်မှန်သော ဒီမိုကရေစီပြည်ထောင်စုဖြစ်စေဖို့ လမ်းခင်းပေးထားတာဖြစ်ကြောင်း ကျယ်ကျယ်ပြန့်ပြန့် ရှင်းပြခဲ့ပါတယ်။

ဒုတိယအခမ်းအနားမှာတော့ ပြည်သူလူထုတစ်ရပ်လုံးတောင်းဆိုခဲ့တဲ့ ယနေ့နိုင်ငံမှာ ကျင့်သုံးနေတဲ့ ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို တပ်မတော်က လိုလိုလားလား လမ်းဖွင့်ပေးခဲ့တာဖြစ်ပြီး ဒီလမ်းကြောင်းပေါ်မှာ အဆင်ပြေချောမွေ့စွာ လျှောက်လှမ်းနိုင်ဖို့ တပ်မတော်အစိုးရလက်ထက်ကတည်းက နိုင်ငံရေး၊ စီးပွားရေးနဲ့ လူမှုရေးဆိုင်ရာ ကြိုတင်တည်ဆောက်မှုတွေ၊ ဆောင်ရွက်ခဲ့ပုံတွေ၊ NCA စာချုပ်ရဲ့ အရေးပါပုံများနဲ့ NCA စာချုပ်ကို လက်မှတ်ရေးထိုးဖို့ လိုတဲ့အကြောင်းတွေကို ပြည့်ပြည့်စုံစုံရှင်းပြခဲ့ပါတယ်။

တတိယအခမ်းအနားမှာတော့ အဲဒီအချိန်က သဘောထားကွဲလွဲနေတဲ့ "ခွဲမထွက်ရ"ဆိုတဲ့စကားရပ်နဲ့ပတ်သက်ပြီး ဘာကြောင့် လိုအပ်တယ်ဆိုတဲ့အကြောင်း၊ တိုင်းရင်းသားပြည်သူလူထုရဲ့အကျိုးကို ရှေးရှုပြီး ၂၀၁၅ ခုနှစ်အတွင်း ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ဇယား-၂ နဲ့ဇယား-၅ တို့ကို ပြင်ဆင်ဖြည့်စွက်လုပ်ပိုင်ခွင့်တွေ ထပ်မံတိုးချဲ့ပုံများ၊ တပ်မတော်ရဲ့သမိုင်းနဲ့ တစ်ခုတည်းသော တပ်မတော်ကိစ္စတို့ကို နောက်ခံသမိုင်းကြောင်းများနဲ့ တကွ ကျယ်ကျယ်ပြန့်ပြန့် ရှင်းပြပြောဆိုခဲ့ပါတယ်။ ဒါတွေကို ထပ်မံပြောပြရတာဟာ တပ်မတော်ရဲ့ NCA အပေါ်မှာ ရပ်တည်ချက်၊ ငြိမ်းချမ်းရေးအပေါ် သဘောထားနဲ့ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့အပေါ် အလေးအနက်ထားရှိမှုကို ပိုမိုပေါ်လွင်စေချင်လို့ဖြစ်ပါတယ်။ တပ်မတော်အနေနဲ့ NCA အပေါ်မှာပဲ ရပ်တည်ပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ခိုင်ခိုင်မာမာ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

## တစ်ဖက်သတ် အပစ်အခတ်ရပ်စဲပေး

ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခတွေ ချုပ်ငြိမ်းသွားဖို့ အလိုလားဆုံးသူတွေကတော့ လက်နက်ကိုင်တိုက်ပွဲတွေမှာ အသက်ခန္ဓာ စွန့်လွှတ်တိုက်ပွဲဝင်နေရတဲ့ တပ်မတော်သားတွေဖြစ်တယ်လို့ ပြောခဲ့ဖူးပါတယ်။ လက်တွေ့အနေနဲ့ မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သမိုင်းမှာ တစ်ခါမှမရှိခဲ့ဖူးတဲ့ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနဲ့ ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်ကို ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့မှာ ထုတ်ပြန်ပြီး ပထမအကြိမ် ၄ လကျော်ကြာ တစ်ဖက်သတ် အပစ်အခတ်ရပ်စဲပေးခဲ့ပါတယ်။ အဲဒီအချိန်မတိုင်မီက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအချို့၊ နိုင်ငံရေးအင်အားစုအချို့၊ ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းအချို့က တပ်မတော်အနေနဲ့ သဘောထားကြီးစွာ အပစ်ရပ်ပေးသင့်ကြောင်းနဲ့ ဒီလိုလုပ်ဆောင်ပေးရင် ငြိမ်းချမ်းရေးရရှိမယ်ဆိုပြီး အမြဲတမ်းပြောဆိုခဲ့ပါတယ်။ ကမ္ဘာမှာ ဘယ်မှာမှ မရှိခဲ့တဲ့ ဒီလိုပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကို တပ်မတော်အနေနဲ့ လက်တွေ့ဆောင်ရွက်ပေးပြီး သက်သေပြခဲ့ပါတယ်။ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်နေ့အထိ ၉ လကာလအတွင်း အပစ်ရပ်သက်တမ်းတိုးပေးမှုနဲ့ ငြိမ်းချမ်းရေး ထိထိရောက်ရောက် ဆောင်ရွက်နိုင်ကြဖို့ ထုတ်ပြန်ချက် ၄ ကြိမ် ထုတ်ပြန်ဆောင်ရွက်ပေးခဲ့ပါတယ်။ လက်တွေ့ရလဒ်တွေက ဘာတွေဖြစ်လာတယ်ဆိုတာကို တစ်နိုင်ငံလုံးက တိုင်းရင်းသားပြည်သူလူထုအားလုံး မျက်မြင်ကိုယ်တွေ့ပဲ ဖြစ်ပါတယ်။

ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနဲ့ ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်များထုတ်ပြန်ခဲ့ပြီး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲခဲ့တဲ့ စစ်တိုင်း ၅ တိုင်းနဲ့ အချို့ဒေသတွေမှာ ပစ်ခတ်တိုက်ခိုက်မှုတွေမရှိသလောက် လျော့နည်းသွားပေမယ့် အချို့ဒေသတွေမှာ EAO အချင်းချင်း နယ်မြေချဲ့ထွင်တိုက်ခိုက်မှုဖြစ်ခဲ့တာတွေ၊ ကြားထဲက ပြည်သူလူထုဒုက္ခရောက်ရတာတွေ၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲထားတဲ့ အချိန်ကာလကို အခွင့်ကောင်းယူပြီး အင်အားတည်ဆောက်၊ နယ်မြေတည်ဆောက်ခဲ့မှုတွေ၊ အပြစ်မဲ့ပြည်သူတွေကို သတ်ဖြတ်ခဲ့တာတွေကိုလည်း တွေ့ကြုံခဲ့ရပါတယ်။

## ကာကွယ်ပေးနေ

ရခိုင်ပြည်နယ်ကိစ္စနဲ့ပတ်သက်လို့ ပြောရရင် ရခိုင်ပြည်နယ်ဟာ ယခင်ကတည်းက အဖြူရောင်နယ်မြေဖြစ်ပါတယ်။ ဘူးသီးတောင်၊ မောင်တောဒေသမှာ ARSA ရဲ့ အကြမ်းဖက်လုပ်ရပ်တွေကြောင့် မတည်ငြိမ်မှုတွေ ဖြစ်လာပြီး ဒေသခံ ရခိုင်၊ မြို၊ ခမီတို့အပါအဝင် တိုင်းရင်းသားပြည်သူတွေရဲ့ အသက်၊ အိုးအိမ်၊ စည်းစိမ်တွေ ခြိမ်းခြောက်ခံခဲ့ရပါတယ်။ ရွာလုံးကျွတ် ထွက်ပြေးခဲ့ရပါတယ်။ အဲဒီဒေသမှာ လူနည်းစုဖြစ်တဲ့ ဒေသခံတိုင်းရင်းသားပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ်ကို တပ်မတော်အနေနဲ့ များစွာအရင်းအနှီးပေးပြီး ကာကွယ်ပေးခဲ့ရပါတယ်။ ARSA ကြောင့် မတည်မငြိမ်ဖြစ်နေတဲ့အခြေအနေမှာ AA အနေနဲ့ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့မှာ ဘူးသီးတောင်ဒေသက တိုင်းရင်းသားရွာတွေကို အကာအကွယ်ပေးနေတဲ့ အင်အားနည်း နယ်ခြားစောင့်ရဲတပ်ဖွဲ့စခန်းလေးခုကို အကြမ်းဖက်တိုက်ခိုက်ခဲ့ပြီး ၎င်းတို့ရဲ့ အကြမ်းဖက်လုပ်ရပ်တွေကို အရှိန်မြှင့်တင်ခဲ့ပါတယ်။ ဒီလုပ်ရပ်တွေဟာ ကျွန်တော်တို့ ဒီနေ့ကျင့်သုံး တည်ဆောက်နေတဲ့ ဒီမိုကရေစီစနစ်နဲ့ လားလားမှမသက်ဆိုင်၊ မထိုက်တန်တဲ့ လုပ်ရပ်တွေပဲ ဖြစ်ပါတယ်။ ဒီအကြမ်းဖက်လုပ်ရပ်တွေကို တပ်မတော်အနေနဲ့ လက်ပိုက်ကြည့်နေလို့မရပါဘူး။ တစ်ဖက်က အဲဒီဒေသမှာ ရှိနေတဲ့ တိုင်းရင်းသားတွေကို ARSA ရန်က ကာကွယ်ပေးနေသလို၊ AA ရဲ့ အကြမ်းဖက်လုပ်ရပ်တွေကိုလည်း ကာကွယ်ပေးနေရပါတယ်။

ပစ်ခတ်တိုက်ခိုက်မှုရပ်စဲထားတဲ့ ကာလအတွင်းမှာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ဖို့အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေကို အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) နဲ့ ဆွေးနွေးဖို့ တိုက်တွန်းခဲ့တဲ့အပြင် လိုအပ်ပါက ထပ်မံဆွေးနွေးနိုင်ရေးအတွက် အဖွဲ့ဝင်ရှစ်ဦးပါ တပ်မတော်ညှိနှိုင်းဆွေးနွေးရေးအဖွဲ့ကို ဖွဲ့စည်းပေးခဲ့ပါတယ်။ ဆွေးနွေးညှိနှိုင်းမှုတွေဟာ တိုင်းရင်းသားပြည်သူလူထုက မျှော်လင့်သလောက် ခရီးမပေါက်တဲ့အတွက်လည်း အချိန်မဆိုင်းဘဲ ထိထိရောက်ရောက် ဆွေးနွေးနိုင်ဖို့ ဇူလိုင်လ ၁ ရက်နေ့နဲ့ ဩဂုတ်လ ၁၄ ရက်နေ့တို့မှာ တိုက်တွန်းအသိပေးချက် နှစ်စောင်ထုတ်ပြန်ပြီး နှိုးဆော်ခဲ့ရပါတယ်။ ဒါပေမယ့် ဩဂုတ်လ ၁၅ ရက်နေ့ကစပြီး မန္တလေး-လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီးပေါ်က လမ်း၊ တံတား၊ မြို့၊ ရွာတွေကို နှောင့်ယှက်ဖျက်ဆီးခဲ့တာတွေ၊ ပြင်ဦးလွင်၊ နောင်ချို၊ လားရှိုးနဲ့ ကွတ်ခိုင်မြို့တွေကို တိုက်ခိုက်ခဲ့တဲ့ အကြမ်းဖက်လုပ်ရပ်တွေကို လက်တွေ့ကြုံရပါတယ်။ ဒီလိုလုပ်ရပ်တွေဟာ သူတို့တောင်းဆိုနေတဲ့ တိုင်းရင်းသားအခွင့်အရေးလားလို့ ပြန်ပြီးသုံးသပ်စရာတွေ ဖြစ်လာခဲ့ပါတယ်။

## အခြေခံဇာစ်မြစ်

ကျွန်တော်တို့နိုင်ငံမှာ လက်ရှိတောက်လောင်နေဆဲဖြစ်တဲ့ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခရဲ့ ဇာစ်မြစ်ဟာ ယခင် ကိုလိုနီလက်ထက်ကတည်းက ကျင့်သုံးခဲ့တဲ့ သွေးခွဲအုပ်ချုပ်တဲ့ စနစ်ကြောင့်ဖြစ်ပါတယ်။ ဒီလို သွေးခွဲအုပ်ချုပ်မှုရဲ့ အကျိုးဆက်တွေကြောင့် တိုင်းရင်းသားချင်း၊ လူမျိုးစုချင်းအကြား သွေးကွဲခဲ့ရပြီး တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများအထိ ဖြစ်ခဲ့ရပါတယ်။ လွတ်လပ်ရေးရပြီး ၁၉၄၈ ခုနှစ်မှ ၁၉၅၈ ခုနှစ်အတွင်း ပါလီမန်ဒီမိုကရေစီခေတ်မှာ နိုင်ငံရေးကွဲပြားမှု၊ လူမျိုးရေးကွဲပြားမှု၊ တိုင်းရင်းသားအရေး ကွဲပြားမှု၊ အယူဝါဒရေးကွဲပြားမှုတွေကတစ်ဆင့် အုပ်ချုပ်တဲ့အစိုးရအဆက်ဆက်ကို လက်နက်စွဲကိုင် ဆန့်ကျင်ခြင်းဟာ ယနေ့တိုင် တည်ရှိနေတဲ့ လက်နက်ကိုင်ပဋိပက္ခရဲ့ အခြေခံဇာစ်မြစ်ပဲဖြစ်ပါတယ်။ တပ်မတော်အနေနဲ့ နိုင်ငံတော်နဲ့ အစိုးရရဲ့ အချုပ်အခြာအာဏာကို ကာကွယ်ဖို့ တာဝန်ရှိတဲ့ အဖွဲ့အစည်းပီသစွာ ကာကွယ်ရခြင်းပဲဖြစ်ပါတယ်။ ယနေ့ရှိနေဆဲ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများဟာ ဘယ်လိုပေါ်ပေါက်ခဲ့တယ်။ ဘယ်လို အဖွဲ့အစည်းကနေ ဆင်းသက်လာခဲ့တယ်။ မူလပေါ်ပေါက်လာရတဲ့အကြောင်းအရင်းတွေက ဘာတွေဆိုတာ အဖွဲ့အစည်းတွေကိုယ်တိုင်က အသိဆုံးဖြစ်ပါတယ်။

အတိတ်မှာ ဘာတွေဖြစ်ခဲ့သည်ဖြစ်စေ၊ ကျွန်တော်တို့အနေနဲ့ အတိတ်ကို လက်ညှိုးထိုးပြီး အပြစ်တင်နေလို့ ပိုမိုတိုးတက်လာစရာ အကြောင်းမရှိပါဘူး။ လက်ရှိပစ္စုပ္ပန်ကာလ ပြည်တွင်းငြိမ်းချမ်းရေးတည်ဆောက်ရာမှာ တိုင်းရင်းသားအဖွဲ့အစည်းတွေ တော်တော်များများပြောဆိုနေတာက ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဖြစ်ပါတယ်။ ဦးစားပေးဖြေရှင်းသင့်တဲ့ကိစ္စလည်း ဖြစ်ပါတယ်။ ဒီလို ဦးစားပေးဖြေရှင်းမှသာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ပိုမိုမြန်ဆန်မှာဖြစ်ပါတယ်။ တပ်မတော်အနေနဲ့ ပြည်သူလူထုရဲ့ အကျိုးစီးပွားကို ဆောင်ရွက်ရာမှာ တိုင်းရင်းသားတွေရဲ့ အရေးကိစ္စကို ဦးစားပေးအဖြစ် အမြဲထည့်သွင်းထားရှိပါတယ်။ ဒါကြောင့် လက်ရှိဆောင်ရွက်နေတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးလုပ်ငန်းမှာ တိုင်းရင်းသားတွေရဲ့ တောင်းဆိုမှုကိုလည်း ဦးစားပေးစဉ်းစားဆောင်ရွက်သင့်တယ်လို့လည်း ယူဆပါတယ်။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁ ရာစုပင်လုံ)ဟာ တိုင်းရင်းသားတွေရဲ့ ငြိမ်းချမ်းရေးဆန္ဒကို ဦးစားပေးပြီး ဖြစ်ပေါ်လာတာဖြစ်ပါတယ်။ ဒီလို ဆောင်ရွက်ရာမှာ ငြိမ်းချမ်းရေးနဲ့ နိုင်ငံရေးကို ခွဲခြားပြီး မြင်တာက လက်တွေ့အလုပ်ဖြစ်နိုင်ပါလိမ့်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ ပင်လုံညီလာခံဟာ မြန်မာနိုင်ငံလွတ်လပ်ရေးရဖို့ လွတ်လပ်ရေးရပြီးရင် ပြည်ထောင်စုကို ဘယ်လိုတည်ဆောက်မလဲ ဆွေးနွေးခဲ့တာ ဖြစ်ပါတယ်။ ဦးစားပေးအနေနဲ့ နိုင်ငံရေးကို ဦးတည်ဆွေးနွေးတာဖြစ်ပါတယ်။ ယခု ကျင်းပပြုလုပ်နေတဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁ ရာစုပင်လုံ) ကတော့ လက်နက်ကိုင်ပဋိပက္ခတွေကို ဦးဆုံး ဘယ်လိုရပ်တန့်ပစ်မလဲဆိုတဲ့ ငြိမ်းချမ်းရေးကို အဓိကထား ဦးတည်ဆွေးနွေးတာဖြစ်ကြောင်း ကျွန်တော်တို့ သတိပြုရမှာဖြစ်ပါတယ်။

ငြိမ်းချမ်းရေးလုပ်ငန်းတွေ ဆောင်ရွက်ရာမှာပဲဖြစ်ဖြစ်၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးနဲ့ တည်ဆောက်ရေးလုပ်ငန်းတွေ ဆောင်ရွက်ရာမှာပဲဖြစ်ဖြစ် တပ်မတော်အနေနဲ့ တိုင်းရင်းသားပြည်သူလူထုရဲ့ အကျိုးစီးပွား၊ နိုင်ငံတော်ရဲ့ အမျိုးသားအကျိုးစီးပွားကိုသာ အမြဲရှေးရှုဆောင်ရွက်ခဲ့ပါတယ်။ ခေတ်အဆက်ဆက်၊ အစိုးရအဆက်ဆက်ဟာလည်း ဒီလုပ်ငန်းစဉ်တွေကို ဆောင်ရွက်ရာမှာ ခေတ်ကာလအခြေအနေ၊ အချိန်အခါပေါ်မှာမူတည်ပြီး တတ်စွမ်းသမျှ ကြိုးစားဆောင်ရွက်ခဲ့ကြမှာဖြစ်ပါတယ်။ **စာမျက်နှာ ၉ သို့** ✪

# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) (၄)နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားတွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ကိုယ်စား KNU ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ စောမူတူးစေးဖိုး ပြောကြားသည့်အမှာစကား

လေးစားအပ်ပါသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံတော်သမ္မတ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်တကွ နှစ်ပတ်လည်အခမ်းအနားသို့ တက်ရောက်လာကြသော နိုင်ငံတော်အကြီးအကဲများ၊ တပ်မတော်အရာရှိကြီးများ၊ တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းအသီးသီးမှ ခေါင်းဆောင်ကြီးများ၊ နိုင်ငံတကာမှ ခေါင်းဆောင်ကြီးများနှင့် ဧည့်သည်တော်ကြီးများခင်ဗျား-

ယခုလို တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးသော (၄) နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားတွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကိုယ်စား အမှာစကားပြောကြားခွင့်ရသည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါတယ်။ တက်ရောက်လာကြသော ခေါင်းဆောင်ကြီးများ ကိုယ်၏ကျန်းမာခြင်း စိတ်၏ချမ်းသာခြင်းများဖြင့် ရှိကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သလျက် ဦးစွာပြောကြားလိုပါတယ်။ ဤအခမ်းအနားသို့ NCA ကိုလက်မှတ်ရေးထိုးခဲ့ကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတို့မှ စုံစုံလင်လင် တက်ရောက်ကြမည်ဟု မျှော်လင့်ထားကြသော်လည်း ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) အဖွဲ့မှ တက်ရောက်လာနိုင်ခြင်းမရှိသည့်အပေါ် လွန်စွာမှ ဝမ်းနည်းစိတ်မကောင်း ဖြစ်ရပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် ကျွန်တော်တို့တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများအကြား တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်ကို ချုပ်ဆိုနိုင်ခဲ့တာ (၄)နှစ်ပြည့် လွန်မြောက်လာခဲ့ပြီး ဖြစ်ပါတယ်။

သို့သော်လည်း အခုထက်ထိ တိုးတက်မှု များများစားစား မရရှိသေးတာက ယုံကြည်မှုတွေ အားနည်းနေပြီး အာဃာတတရားတွေ၊ သံသယတွေ၊ စိုးရိမ်မှုတွေ၊ မုန်းတီးမှုတွေ အားကောင်းနေသေးတယ်လို့ ကျွန်တော်မြင်မိတယ်။ ကျွန်တော်တို့တစ်တွေဟာ ဘာကိုမယုံမကြည်ဖြစ်နေကြရတာလဲ၊ ဒါတွေကိုပြန်ဆန်းစစ်ရမှာဖြစ်ပြီး မှန်ကန်တဲ့၊ တရားမျှတတဲ့ နိုင်ငံရေးဆွေးနွေးပွဲများနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ပုံဖော်အကောင်အထည်ဖော်ဆောင်ကြရမှာ ဖြစ်ပါတယ်။

NCA စာချုပ်ချုပ်ဆိုရခြင်း၏ ရည်ရွယ်ချက်ဟာ ပြည်ထောင်စုကြီးတွင် လွတ်လပ်ရေးရပြီးသည့်အချိန်မှစ၍ ယနေ့တိုင်ဖြစ်ပွားနေသော လက်နက်ကိုင်ပဋိပက္ခအားလုံးကို ချုပ်ငြိမ်းနိုင်စေရေးအတွက် နိုင်ငံရေးပြဿနာများကို စစ်ရေးဖြင့်မဟုတ်ဘဲ နိုင်ငံရေးနည်းဖြင့်သာ ငြိမ်းချမ်းစွာ တွေ့ဆုံဆွေးနွေးအဖြေရှာပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်ရေးပဲဖြစ်ပါတယ်။



KNU ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ စောမူတူးစေးဖိုး အမှာစကားပြောကြားစဉ်။

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်ကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ရှစ်ဖွဲ့ဖြင့် ကနဦးချုပ်ဆိုခဲ့ပြီး ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် မွန်ပြည်သစ်ပါတီ (MNSP) နှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU) တို့မှ ဆက်လက်ပါဝင်လက်မှတ်ရေးထိုးခဲ့သည့်အတွက် ၁၀ ဖွဲ့ ရှိခဲ့ပြီးဖြစ်ပါတယ်။

ထိုမှတစ်ဆင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ဆိုသည့်အတိုင်း တစ်နိုင်ငံလုံးအတိုင်းအတာဆောင်နိုင်သည့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲနိုင်ရေးအတွက် ကျန်ရှိနေသေးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများတို့မှလည်း NCA ကို လက်မှတ်ရေးထိုးနိုင်ရန် အစိုးရမှသော်လည်းကောင်း၊ တပ်မတော်မှသော်လည်းကောင်း၊ NCA ကို လက်မှတ်ရေးထိုးထားကြသော တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများမှသော်လည်းကောင်း မိမိနှင့် သက်ဆိုင်သည့်အခန်းကဏ္ဍမှ ကြိုးစားခဲ့ကြသော်လည်း ယနေ့ထိ ထပ်မံလက်မှတ်မရေးထိုးနိုင်သေးပါ။

ဒီအခြေအနေအပေါ် ကျွန်တော်တို့အားလုံးမှ ပြန်လည်သုံးသပ်ကြပြီး ကျန်ရှိနေသူများ NCA လက်မှတ်ရေးထိုးလာနိုင်ရေးအတွက် ဆွေးနွေးညှိနှိုင်းပူးပေါင်းဆောင်ရွက်လုပ်ဆောင်ကြရမှာလည်းဖြစ်ပါတယ်။

သို့မှသာ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်၏ အနှစ်သာရကို ပေါ်လွင်စေမှာဖြစ်ပြီး မိမိတို့အားလုံးမှ တည်ဆောက်ချင်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုပေါ်ပေါက်ရေးအတွက် နိုင်ငံရေးဆွေးနွေးပွဲများကို အောင်အောင်မြင်မြင် ကျင်းပပြုလုပ်နိုင်ခြင်းဖြင့် နိုင်ငံရေးရလဒ်များကို ရရှိစေမှာဖြစ်ပါတယ်။

(၄)နှစ်တာကာလအတွင်း NCA စာချုပ်၏ ဦးတည်ချက်နှင့် ရည်ရွယ်ချက်ကိုရောက်ရှိဖို့ ကျွန်တော်တို့ကြိုးစားခဲ့ကြပေမယ့် NCA စာသားများအပေါ် တူညီသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်များကို မရရှိသေးသည့်အတွက် NCA အကောင်အထည်ဖော်မှုဆိုင်ရာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တို့တွင်လည်း မိမိတို့နားလည်ထားကြသည့် အဓိပ္ပာယ်အရသာ အကောင်အထည်ဖော်နေကြသလို ဖြစ်နေပါတယ်။

အားလုံးတစ်သားတည်းကျတဲ့အမြင်နဲ့ သုံးသပ်ချက်မဟုတ်ရင်တောင် ငြိမ်းချမ်းရေးဖြစ်စဉ်ဟာ ကျွန်တော်တို့ တည်ဆောက်ချင်သောလမ်းကြောင်းကနေ တိမ်းစောင်းသွားနေသည့် အခြေအနေသို့ တွန်းပို့လာနေတယ်ဆိုတာကို ကျွန်တော်တို့တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းအချို့က သုံးသပ်ထားကြတာတွေရှိသလို ပါဝင်ပတ်သက်နေကြသည့် အစုအဖွဲ့တွေကြားမှာ မယုံကြည်မှုတွေ၊ စိုးရိမ်ကြောင့်ကြမှုတွေ၊ အစွန်းရောက်မှုတွေ၊ အသာစီးရလိုမှုတွေ ရှိနေကြလို့ နိုင်ငံရေးဆွေးနွေးပွဲတွေကို မပြုလုပ်မကျင်းပနိုင်ခဲ့ကြဘဲ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဟာ ရပ်တန့်နေတာဖြစ်တယ်လို့ ပြောနိုင်ပါတယ်။

ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ ဒီငြိမ်းချမ်းရေးဖြစ်စဉ်ကို အနှစ်သာရရှိရှိ ဆက်လက်လျှောက်လှမ်းနိုင်ဖို့ လိုအပ်ပါတယ်။ ကျွန်တော်တို့အားလုံးဟာ အပြန်အလှန်လေးစားအသိအမှတ်ပြုမှုကို ထားရှိကြပြီး လက်တွဲညီညီပူးပေါင်းဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။

အရေးကြီးသည့်အချက်ကတော့ ငြိမ်းချမ်းရေးဖော်ဆောင်မှုဖြစ်စဉ်မှာ ပါဝင်ပတ်သက်နေကြသည့် Stakeholder များအကြား ယုံကြည်မှုတည်ဆောက်ခြင်းပဲဖြစ်ပါတယ်။ ယုံကြည်မှုရရှိရေးအတွက် ထင်သာမြင်သာရှိသည့် ယုံကြည်မှုတည်ဆောက်ရေး လုပ်ငန်းစဉ်ဟာလည်း မဖြစ်မနေ ဖော်ပြလုပ်ဆောင်သွားပေးဖို့ လိုအပ်ပါတယ်။

တစ်ပြိုင်တည်းမှာပဲ ဖြစ်ပေါ်နေတဲ့ တစ်ဆို့မှုတွေနဲ့ စိန်ခေါ်မှုတွေကို ကျော်လွှားဖြတ်သန်းနိုင်ဖို့အတွက် ပါဝင်ပတ်သက်နေကြသည့် Stakeholder များအကြားမှာ ကျွန်တော်တို့အားလုံးဟာ ဘုံနားလည်မှု၊ ဘုံရည်မှန်းချက်တွေကို ရယူထားခြင်းဖြင့် နည်းလမ်းများရှာဖွေနိုင်ကြမှာဖြစ်ပြီး ကျွန်တော်တို့ရဲ့ အန္တိမပန်းတိုင်ဖြစ်တဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးကို တည်ဆောက်နိုင်မယ်လို့ ယုံကြည်ပါတယ်။

ကျွန်တော်တို့တွေအနေနဲ့ NCA အရ သဘောတူထားခဲ့ကြသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အား ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ရှေးရှု၍ လွတ်လပ်မှု၊ တရားမျှတမှု၊ တန်းတူမှု၊ တန်းတူညီမျှမှုတို့ကို အခြေခံပြီး ပင်လုံစိတ်ဓာတ်နှင့်အညီ ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အခွင့်အရေးများ၊အာမခံချက်များ အပြည့်အဝရှိသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့်ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲရလဒ်များနှင့်အညီ တည်ဆောက်သွားနိုင်ရန်ဆိုသည့်အတိုင်း ဦးလည်မသုန်လုပ်ဆောင်သွားကြရမှာ ဖြစ်ပါတယ်။

နိဂုံးချုပ်အနေဖြင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးကြတဲ့ ကျွန်တော်တို့အားလုံးဟာ ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှုတို့ကို အခြေခံပြီး ဤသဘောတူစာချုပ်ပါ အချက်များကို ပြီးစီးအောင်မြင်သည့်အထိ မပျက်မကွက် အတူတကွ ပူးတွဲအကောင်အထည်ဖော်ဆောင်ရွက်သွားရန် အပြန်အလှန် သန္နိဋ္ဌာန်ချကြပါစို့။

ပါဝင်ပတ်သက်နေကြသော Stakeholder များအကြား ယုံကြည်မှုတည်ဆောက်ရင်း ကျွန်တော်တို့အားလုံးမှ အပြန်အလှန်လေးစားအသိအမှတ်ပြု တန်ဖိုးထားမှုကို အခြေခံပြီး ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးကို စုပေါင်းတည်ဆောက်သွားကြပါစို့ဟု တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

# ကျွဲခြံ-အလှပ်လမ်းနှင့် ဘုရားကြီး-ကျိုက်ထို-သထုံ- မော်လမြိုင်လမ်းမကြီး ချိတ်ဆက်နိုင် ကျေးလက်ဒေသထုတ်ကုန်များကို မြို့ပြသို့ အချိန်တိုအတွင်း လွယ်ကူစွာ သယ်ယူပို့ဆောင်ပေး

**နေပြည်တော် အောက်တိုဘာ ၂၈**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်သည် ယနေ့နံနက်ပိုင်းတွင် ရွှေသံလွင်ကုမ္ပဏီမှ B.O.T စနစ်ဖြင့် ဆောင်ရွက်သော ဘုရားကြီး-ကျိုက်ထိုလမ်းပိုင်းအခြေအနေကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျိုက်ထိုမြို့ရှောင်လမ်းပိုင်းသို့ ရောက်ရှိရာ လမ်းဦးစီးဌာနမှ တာဝန်ရှိသူက ပဲခူး-ကျိုက်ထို အမြန်လမ်းသစ်စီမံကိန်းနှင့် ပတ်သက်၍ မြေပုံကားချပ်ဖြင့် ရှင်းလင်းတင်ပြပြီး ညွှန်ကြားရေးမှူးချုပ် ဦးအုန်းလွင်က ဖြည့်စွက်ရှင်းလင်းကာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အဆိုပါ မြို့ရှောင်လမ်းပေါ်တွင် တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၁၀)မှ တည်ဆောက်နေသော ကဒက်ချောင်းတံတားတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။



ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ကျိုက်ထို-မော်လမြိုင်လမ်း အခြေအနေနှင့် အဆိုပါလမ်းပေါ်ရှိ ဘီးလင်းတံတားကြံ့ခိုင်မှု၊ တံတားသစ်တည်ဆောက်မည့် လျာထားနေရာအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မွန်ပြည်နယ် ပေါင်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောင်ရွက်သော ကျွဲခြံ-အလှပ်လမ်း ကတ္တရာလမ်း အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ကျွဲခြံ-အလှပ်လမ်းသည် အရှည် ၈ မိုင် ၁ ဖာလုံကျော်ရှိပြီး ဘုရားကြီး-ကျိုက်ထို-သထုံ- မော်လမြိုင်လမ်းမကြီးနှင့် ချိတ်ဆက်သွားလာနိုင်သဖြင့် ကျေးလက်ဒေသထုတ်ကုန်များကို မြို့ပြသို့ အချိန်တိုအတွင်း လွယ်ကူချောမွေ့စွာ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်သလို အဆိုပါ လမ်းကို အသုံးပြုသော ကျေးရွာ၂၀၊ အိမ်ခြေ ၃၄၆၇ အိမ်၊ လူဦးရေ ၂၁၉၀၄ ဦးတို့၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးတို့ အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ညနေပိုင်းတွင် မော်လမြိုင်မြို့ရှိ တရားလွှတ်တော်ပေ(၂၄၀x၂၄၀) RC သုံးထပ်ဆောင် တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိရာ ရှင်းလင်းဆောင်တွင် အင်ဂျင်နီယာချုပ် ဦးမျိုးမြင့်က တရားလွှတ်တော် ပေ(၂၄၀ x၂၄၀ ) RC သုံးထပ်ဆောင်အား ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်မှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို မြေပုံကားချပ်ဖြင့် ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို မှာကြားပြီး တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။**(ဓါတ်ပုံ)**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မော်လမြိုင်မြို့ သမိုင်းဝင် ကျိုက်သလွံစေတီတော်မြတ်ကြီးရှိ ရင်ပြင်တော်နှင့် မြေသားနံရံပြိုကျပျက်စီးမှုများ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

✪ စာမျက်နှာ ၇ မှ

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ အတိတ်ကိုလက်ညှိုးထိုး အပြစ်တင်နေရုံနဲ့ လုပ်ငန်းစဉ်ကြီးပြီးမြောက်စရာမရှိပါဘူး။ ပိုမိုအေးချမ်းသာယာဖွံ့ဖြိုးတိုးတက်တဲ့ လူမှုစီးပွားဘဝတည်ဆောက်နိုင်ဖို့ လက်ရှိပစ္စုပ္ပန်မှာရှိနေတဲ့ ကျွန်တော်တို့အားလုံးမှာ တာဝန်ရှိပါတယ်။ ကျွန်တော်တို့ ယခင်က ဘာတွေမှားခဲ့ကြသလဲ၊ ဘာတွေလိုအပ်ချက်ရှိခဲ့ကြသလဲ ဒါတွေကို မှန်မှန်ကန်ကန်၊ အစွဲကင်းကင်းသုံးသပ်ပြီး ငြိမ်းချမ်းရေးကို အမှန်တကယ် လိုလားတဲ့စိတ်နဲ့ ရှေ့ကိုဆက်လုပ်သွားရင် ဒီလုပ်ငန်းစဉ်ကြီး အောင်မြင်ပြီးမြောက်မယ်လို့ အကြံပြုပြောကြားလိုပါတယ်။ ဒီလို ဆွေးနွေးရာမှာ သံသယစိတ်နဲ့ အတ္တလိုလားချက်တွေ ကြီးမားလွန်းရင်လည်း ထာဝရငြိမ်းချမ်းရေးအတွက် နိုင်ငံရေးဆွေးနွေးမှုတွေမှာ မည်သို့မျှ မအောင်မြင်နိုင်ကြောင်း သတိပြုဖို့ လိုအပ်ပါတယ်။

ဒီနေရာမှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ နိုင်ငံရေးအင်အားစုအချို့ပြောနေကြတဲ့ ဖက်ဒရယ်စနစ်အကြောင်းကို ပြောလိုပါတယ်။ ဖက်ဒရယ်စနစ်နဲ့ ပတ်သက်ပြီး မိမိတို့လိုရာ၊ သန်ရာကို အဓိပ္ပာယ်အမျိုးမျိုး၊ စံနှုန်းအမျိုးမျိုးဖွင့်ဆိုပြီး ဆောင်ရွက်နေကြတာတွေ့ရပါတယ်။ ဘယ်လောက်ပဲ ကွဲပြားခြားနားတဲ့ အဓိပ္ပာယ်တွေဖွင့်ဆိုပြီး စံနှုန်းအမျိုးမျိုး သတ်မှတ်ကြသည်ဖြစ်စေ အနှစ်သာရက "ပေါင်းစည်းခြင်း" (Together) နဲ့ "သဟဇာတဖြစ်မှု" (Hermony) ပဲ ဖြစ်ပါတယ်။

**ငြိမ်းချမ်းစွာ စေ့စပ်ညှိနှိုင်းအဖြေရှာ**

ကျွန်တော်တို့ အတူတကွပေါင်းစည်းနေထိုင်ဖို့၊ သဟဇာတဖြစ်ဖို့အတွက် လိုက်နာရမယ့် တာဝန်တွေ၊ စောင့်ထိန်းရမယ့် ဝတ္တရားတွေ၊ ဒီလိုနေထိုင်ခြင်းဖြင့် ရရှိလာမယ့် အခွင့်အရေးတွေ၊ ရည်မှန်းချက်တွေကို အကောင်အထည်ဖော် တည်ဆောက်ကြရာမှာ အသေးစိတ်ဘယ်လိုဆောင်ရွက်ကြမလဲဆိုတာကို ဒီမိုကရေစီနည်းလမ်းဖြစ်တဲ့ ငြိမ်းချမ်းစွာ စေ့စပ်ညှိနှိုင်းအဖြေရှာခြင်း နည်းလမ်းနဲ့ ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

ဒီလို စေ့စပ်ညှိနှိုင်းအဖြေရှာရာမှာလည်း မိမိလူမျိုး၊ မိမိပြည်နယ်၊ မိမိဒေသ၊ မိမိအဖွဲ့အစည်းတစ်ခုတည်းအတွက်ကိုသာမကြည့်ဘဲ ပြည်ထောင်စုဆိုတဲ့အမြင်၊ We are Myanmar ဆိုတဲ့ တပေါင်းတစည်းတည်းစိတ်တွေနဲ့ ညှိနှိုင်းဆွေးနွေးသွားမှ အလုပ်ဖြစ်နိုင်မှာ ဖြစ်ပါတယ်။

ဒီနေ့၊ ဒီအချိန်မှာ အင်အားစုတော်တော်များများက ညွှန်ပြပြောဆိုနေတဲ့ ဖက်ဒရယ်စနစ်နဲ့ပတ်သက်လို့ တပ်မတော်အနေနဲ့ ကျယ်ကျယ်ပြန့်ပြန့်လေ့လာခဲ့ပြီး ဆက်လက်ပြီးလည်း လေ့လာလျက်ရှိပါတယ်။ စာအုပ်စာတမ်းတွေက လေ့လာတာအပြင် ဒီစနစ်ကို ကျင့်သုံးနေတဲ့ နိုင်ငံတွေကိုသွားရောက်ပြီး လက်တွေ့လေ့လာခဲ့ပါတယ်။ တွေ့ရှိတာက ဖက်ဒရယ်စနစ်ကို ကျင့်သုံးမှုနဲ့ ပတ်သက်ပြီး တစ်နိုင်ငံနဲ့တစ်နိုင်ငံ မတူကြပါဘူး။ အဓိပ္ပာယ်ဖွင့်ဆိုမှု၊ ပြဋ္ဌာန်းထားမှု၊ လက်တွေ့ကျင့်သုံးနေမှုတွေက နိုင်ငံရဲ့ နောက်ခံသမိုင်း၊ ဖွဲ့စည်းတည်ဆောက်ပုံ၊ စုစည်းတည် ဆောက်ပုံနဲ့ အခြေအနေ၊ အချိန်အခါတွေအရ အမျိုးမျိုး ကွဲပြားမှုတွေရှိနေတာ တွေ့ရပါတယ်။

ကျွန်တော်တို့နိုင်ငံနဲ့အနီးစပ်ဆုံး တူညီနိုင်တဲ့ အိန္ဒိယနိုင်ငံရဲ့ ပြည်ထောင်စုစနစ်ကို လက်တွေ့အောင်မြင်စွာကျင့်သုံးနေပုံနဲ့ ပတ်သက်ပြီး လေ့လာတဲ့အခါ ဖက်ဒရယ်ဆိုတာ ခွဲထွက်ခွင့်မဟုတ်ကြောင်း၊ ဘယ်လိုဆောင်ရွက်ရမယ်ဆိုတာ ပုံသေသတ်မှတ်ထားခြင်းမရှိဘဲ မိမိနိုင်ငံ၊ မိမိလူမျိုး၊ ဒေသပထဝီနဲ့ သင့်လျော်တဲ့ပုံစံကိုဆောင်ရွက်ကြရကြောင်း တွေ့ရှိရပါတယ်။ ဒီမိုကရေစီဖက်ဒရယ်စနစ်ဆိုရာမှာလည်း အများသဘောတူညီတဲ့ပုံစံနဲ့ မိမိနိုင်ငံ၊ မိမိလူမျိုးရဲ့ အမျိုးသားအကျိုးစီးပွားနဲ့ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာကို မထိခိုက်စေဘဲ ဗဟိုအစိုးရနဲ့ ဒေသအစိုးရတွေအကြား အာဏာခွဲဝေကျင့်သုံးခြင်းပင်ဖြစ်ကြောင်းတွေ့ရပြီး ၎င်းကဲ့သို့ ခွဲဝေကျင့်သုံးနိုင်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ဥပဒေပြုပိုင်ခွင့်ဇယားတွေနဲ့ တိကျစွာ သတ်မှတ်ထားရှိကြောင်း တွေ့ရှိရပါတယ်။

**ပူးပေါင်းဆောင်ရွက်**

ဒီနေရာမှာ ကျွန်တော်တို့စဉ်းစားရမှာက ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဆိုတဲ့ကိစ္စပါ၊ ဒီကိစ္စကို ကျွန်တော်တို့ ကျယ်ကျယ်ပြန့်ပြန့်စဉ်းစားဖို့၊ အဖြစ်နိုင်ဆုံးနည်းလမ်းရှာဖွေဖို့ လိုအပ်မှာဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ဇယား (၁၊ ၂၊ ၃၊ ၅) ဥပဒေပြုစာရင်းတွေအတွက် တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်တွေက ဘာဥပဒေတွေပြဋ္ဌာန်းခဲ့ကြ ပြီးပြီလဲ။ အဲဒီ ပြဋ္ဌာန်းပြီး ဥပဒေအပေါ်အခြေခံပြီး မိမိတိုင်းဒေသကြီး၊ ပြည်နယ်ရဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို ဘယ်လောက်ဆောင်ရွက်နေကြပြီလဲ ပြန်လည်သုံးသပ်ရမှာဖြစ်ပါတယ်။ ဒါ့အပြင် ၂၀၁၅ ခုနှစ်အတွင်းက တိုင်းဒေသကြီး၊ ပြည်နယ်နဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသတွေရဲ့ ဥပဒေပြုစာရင်းတွေကို ထပ်မံတိုးချဲ့လုပ်ပိုင်ခွင့်များ ပေးအပ်ခဲ့တဲ့အပေါ် လက်တွေ့မှာ ဘယ်လောက်အသုံးချနိုင်ပြီလဲ ပြန်လည်သုံးသပ်ဖို့ လိုအပ်မှာ ဖြစ်ပါတယ်။ တပ်မတော်အနေနဲ့လည်း အခြေခံဥပဒေပြင်ဆင်ရေးနဲ့ပတ်သက်ပြီး ပြင်ဆင်သင့်တာပြင်ဆင်ထိုက်တာတွေကို ပကတိအခြေအနေနဲ့ ကိုက်ညှိပြီး ပြင်ဆင်နိုင်ဖို့ဆောင်ရွက်လျက်ရှိနေသလို တပ်မတော်နဲ့ ခံယူချက်၊ ယုံကြည်ချက်တူညီတဲ့ အဖွဲ့အစည်းတွေနဲ့ပူးပေါင်းဆောင်ရွက်လျက်ရှိနေပါတယ်။

အခွင့်အရေးတွေ၊ အခွင့်အလမ်းတွေ၊ ရပိုင်ခွင့်တွေ၊ တာဝန်ရှိမှုတွေဟာ စာထဲမှာ ပြဋ္ဌာန်းလိုက်ရုံနဲ့ ပြီးပြည့်စုံသွားတဲ့ကိစ္စတွေမဟုတ်ပါဘူး။ ကျွန်တော်တို့အားလုံးက လက်တွေ့ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်တည်ဆောက်သွားရမှာဖြစ်ပါတယ်။ ဒီမိုကရေစီစနစ်ဆိုတာ ပြည်သူကို ဗဟိုပြုတဲ့စနစ်ဖြစ်လို့ အဲဒီလို ဝိုင်းဝန်းကြိုးပမ်းတည်ဆောက်သွားနိုင်ရေး ကျွန်တော်တို့ တိုင်းရင်းသားပြည်သူလူထု တစ်ရပ်လုံး အသိပညာ၊ အတတ်ပညာမြင့်မားဖို့ လိုအပ်ပါတယ်။

**ကိုယ်တိုင်ကြိုးစားရမှာ ဖြစ်**

အသိပညာဆိုတာ ဘဝမှာတွေ့ကြုံခဲ့ရတဲ့ အတွေ့အကြုံတွေဖြစ်ပြီး အတတ်ပညာဆိုတာ သင်ယူရတဲ့ပညာ ဖြစ်ပါတယ်။ မိမိဖြတ်သန်းလာခဲ့ရတဲ့ အသိပညာတွေကို သင်ယူတတ်မြောက်ထားတဲ့ အတတ်ပညာတွေနဲ့ ပေါင်းစပ်ပြီး မိမိဒေသ၊ မိမိမြို့၊ မိမိတိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြန်လည်အသုံးချရမှာ ဖြစ်ပါတယ်။ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကို အောင်မြင်စွာ တည်ဆောက်နိုင်ဖို့ ဘယ်သူကမှ လာရောက်ကြိုးပမ်းပေးမှာ မဟုတ်ပါဘူး။ ကျွန်တော်တို့အနေနဲ့ ကျွန်တော်တို့နိုင်ငံနဲ့ကိုက်ညီတဲ့ ဒီမိုကရေစီဖော်ဆောင်ရမှာဖြစ်ပြီး တိုင်းရင်းသားပြည်သူလူထု၊ နိုင်ငံသူ နိုင်ငံသားတွေကပဲ ကိုယ်တိုင်ကြိုးစားရမှာ ဖြစ်ပါတယ်။

ဒီလိုဆောင်ရွက်ကြရာမှာ ကျွန်တော်တို့ဟာ မဖြစ်နိုင်တဲ့၊ နိုင်ငံရဲ့အခြေအနေနဲ့ မကိုက်ညီတဲ့ ဖြစ်လိုတဲ့ဆန္ဒတစ်ခုတည်းအပေါ် အာရုံစိုက်ဆောင်ရွက်နေမယ့်အစား ကျွန်တော်တို့နိုင်ငံရဲ့ လက်ရှိအခြေအနေနဲ့ ကိုက်ညီသင့်လျော်တဲ့ ဖြစ်နိုင်ခြေတွေအပေါ်မှာ အာရုံစိုက်ဆောင်ရွက်တာက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ပိုမိုမြန်ဆန်ထိရောက်စေမှာဖြစ်ပါတယ်။ ဥပမာအားဖြင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဆိုတာထက် ဇယား-၂၊ ၃ နဲ့ ၅ မှာ ကျွန်တော်တို့ ဘာတွေဖြည့်စွက်ပြင်ဆင်ပြီး ဘယ်လိုပြည့်စုံအောင် ဆောင်ရွက်ကြမလဲဆိုတဲ့ စဉ်းစားနည်းက ပိုမိုသဘာဝကျလိမ့်မယ်လို့ ထင်ပါတယ်။

ကျွန်တော်တို့နိုင်ငံဟာ တိုင်းရင်းသားလူမျိုးပေါင်းစုံ စုစည်းနေထိုင်တဲ့ ပြည်ထောင်စုနိုင်ငံဖြစ်ပါတယ်။ နိုင်ငံရဲ့ မည်သည့်တိုင်းဒေသကြီး၊ ပြည်နယ်မှာမှ သီးသန့် လူမျိုးစုတစ်ခုတည်းနေထိုင်ခြင်းမရှိဘဲ တိုင်းရင်းသားလူမျိုးပေါင်းစုံ စုစည်းနေထိုင်လျက်ရှိပါတယ်၊ အနည်းနဲ့အများသာ ကွာခြားပါတယ်။ ဒါဟာ အရှိတရားဖြစ်ပါတယ်။ ဒီအရှိတရားအပေါ်မှာ အခြေခံပြီးစဉ်းစားရင် တိုင်းဒေသကြီးတစ်ခု၊ ပြည်နယ်တစ်ခုမှာ လူမျိုးစုတစ်ခုတည်းအတွက် ရည်ရွယ်ပြီး ဥပဒေပြဋ္ဌာန်းရင် ဘယ်လိုအကျိုးဆက်တွေ ဖြစ်လာနိုင်သလဲဆိုတဲ့ အဖြေကို စဉ်းစားကြည့်ရင် သိနိုင်ပါတယ်။ဒ့ါအပြင် ကျွန်တော်တို့နိုင်ငံမှာနေထိုင်ကြတဲ့ တိုင်းရင်းသားမဟုတ်တဲ့ နိုင်ငံသားတွေရှိပါတယ်။ တိုင်းရင်းသားနဲ့ နိုင်ငံသား မူလအခွင့်အရေးတွေ မတူကြပေမယ့် မြန်မာပြည်မှာနေပြီး မြန်မာစိတ်မွေး၍ တိုင်းပြည်ကောင်းရာကောင်းကျိုးကို အားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်နေကြတာကိုလည်း တွေ့ရပါတယ်။

တပ်မတော်သားများအနေနဲ့ စစ်မှုထမ်းဆောင်ခြင်းဖြင့် တိုင်းပြည်နဲ့ ပြည်သူလူထုအပေါ် အကျိုးပြုလျက်ရှိပါတယ်။ တပ်မတော်ဟာ နိုင်ငံ့ခြံစည်းရိုးဖြစ်ပြီး ခြံစည်းရိုးလုံခြုံမှသာလျှင် တိုင်းပြည်လုံခြုံအေးချမ်းမှာ ဖြစ်ပါတယ်။ တိုင်းပြည်လုံခြုံအေးချမ်းမှုရှိမှသာလျှင် တိုင်းရင်းသားပြည်သူအားလုံး၊ နိုင်ငံသားအားလုံး လုပ်ကိုင်စားသောက်ဖို့ အဆင်ပြေချောမွေ့မှာ ဖြစ်ပါတယ်။ နိုင်ငံသူ နိုင်ငံသားများရဲ့ လုပ်အားစစ်စစ်နဲ့ ထွက်လာတဲ့ ထုတ်ကုန်ပစ္စည်းများကို ရောင်းကုန်ပစ္စည်းအနေနဲ့ ဝင်ငွေတိုးတက်လာအောင်၊ ပြည်သူတို့ရဲ့ ဝယ်လိုအားတိုးတက်လာပြီး လူမှုစီးပွားတိုးတက်အောင် ဆောင်ရွက်ဖို့က ယနေ့ပကတိလိုအပ်ချက်ဖြစ်ပါတယ်။ ဒါတွေအတွက် တပ်မတော်အနေနဲ့ နိုင်ငံတော်ကာကွယ်ရေးနဲ့ လုံခြုံရေးတာဝန်တွေကို ကျေပွန်စွာထမ်းဆောင်နေသလို ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေမှာလည်း စစ်မှန်တဲ့ဆန္ဒနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ဆက်လက်ပြီးတော့လည်း ကျွန်တော်တို့ရဲ့ တာဝန်တွေကို ပြည်သူလူထုနဲ့ နိုင်ငံ့အကျိုးစီးပွားအပေါ် ရှေးရှုပြီး တာဝန်ကျေပွန်စွာ ထမ်းဆောင်သွားမှာ ဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ ပြောကြားလိုတာကတော့-

- NCA စာချုပ်ကို ကျွန်တော်တို့အားလုံး ညှိနှိုင်းပူးပေါင်းဆောင်ရွက်ပြီး နိုင်ငံရဲ့ ငြိမ်းချမ်းရေးသမိုင်းမှာ မှတ်တိုင်သစ်စိုက်ထူခဲ့ကြတာကို ပြန်ပြောင်းသတိရပြီး ရှေ့ဆက်မယ့် ငြိမ်းချမ်းရေးခရီးစဉ်အတွက် အားသစ်၊ အင်သစ်၊ အတွေးအမြင်သစ်တွေမွေးပြီး လျှောက်လှမ်းသွားကြပါ။
- နိုင်ငံတည်ဆောက်ရေး၊ တိုင်းပြည်တည်ဆောက်ရေး ဆောင်ရွက်ကြရာမှာ ဟိုးယခင်ကရှိခဲ့တဲ့ အတွေးအမြင်တွေကို ခေတ်စနစ်နဲ့ လျော်ညီတဲ့ အတွေးအမြင်တွေနဲ့ အစားထိုးပြီး ရှေ့ဆက်လျှောက်လှမ်းကြပါ။
- ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုစနစ်ကို တည်ဆောက်ကြရာမှာ ကျွန်တော်တို့အားလုံးသည် မြန်မာဖြစ်သည်ဆိုတဲ့ ပြည်ထောင်စုစိတ် အရင်းခံပြီး ငြိမ်းချမ်းရေးကို လိုလားတဲ့ စစ်မှန်တဲ့ဆန္ဒနဲ့ ဆောင်ရွက်သွားကြရင် ပြည်သူလူထု လိုလားတောင့်တနေတဲ့ ထာဝရ ငြိမ်းချမ်းရေးကို ထိရောက်လျင်မြန်စွာ ဖော်ဆောင်သွားနိုင်မှာဖြစ်ကြောင်း တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

# ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန် အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီသွေးစည်းညီညွတ်ရေး အစီအစဉ်အရ ဖွင့်လှစ်သည့် ကနူး / ကယက်လှေနည်းပြသင်တန်းအဆင့်(၁) ဖွင့်ပွဲတက်ရောက်

**ရန်ကုန် အောက်တိုဘာ ၂၈**

အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီ သွေးစည်းညီညွတ်ရေး အစီအစဉ်အရ ဖွင့်လှစ်သည့် ကနူး/ကယက်လှေနည်းပြသင်တန်း အဆင့်(၁) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ တာမွေမြို့နယ် ကျိုက္ကဆံအားကစားနှင့် ကာယပညာသိပ္ပံ ရုံးဟောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က ယခုဖွင့်လှစ်သည့် ကနူး/ကယက်လှေနည်းပြသင်တန်းအနေဖြင့် မြန်မာ့ကနူး/ကယက်လှေအားကစား အဆင့်အတန်းမြင့်မားရေးအတွက် များစွာအထောက်အကူပြုပံ့ပိုးပေးနိုင်မည့် အလွန်ထိရောက်သော သင်တန်းဖြစ်ကြောင်း၊ ယခုသင်တန်းကို တက်ရောက်လာကြသည့် သင်တန်းသားများအနေဖြင့် စာတွေ့၊ လက်တွေ့ ပို့ချပေးမည့် ခေတ်မီအဆင့်မြင့် အသိပညာ၊ အတတ်ပညာများကို မိမိတို့ရှိပြီးသား အတွေ့အကြုံကောင်းများနှင့် ပေါင်းစပ်၍ မြန်မာ့ကနူး/ကယက်လှေ အားကစား အဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် အစွမ်းကုန်ပြန်လည်အသုံးချ အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်အောင် ကြိုးပမ်းသွားကြစေလိုပါကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် အပြည်ပြည်ဆိုင်ရာ ကနူးအဖွဲ့ချုပ် (ICE) တာဝန်ပေးအပ်သူ ၊ နည်းစနစ် ကျွမ်းကျင်သူ ဘူလ်ဂေးရီးယားနိုင်ငံမှ Mr.Adan Aliev က အမှာစကားပြောကြားပြီး တက်ရောက်လာကြသည့် သင်တန်းသား သင်တန်းသူများနှင့် တစ်ဦးချင်းမိတ်ဆက်ပေးသည်။



အဆိုပါ သင်တန်းကို တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ သင်တန်းသား ၃၀၊ သင်တန်းသူ လေးဦး စုစုပေါင်း ၃၄ ဦး တက်ရောက်သင်ကြားပြီး အောက်တိုဘာ ၂၈ ရက်မှ နိုဝင်ဘာ ၅ ရက်အထိ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❒ ပွင့်ဖြူမြို့နယ်မှ

တိုးချဲ့ကာ တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ပင်မတံတား အစားထိုး အဆင့်မြှင့်တင်ခြင်းလုပ်ငန်းအတွက် ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေကျပ် သန်းပေါင်း ၂၅၀၀ နှင့် ချဉ်းကပ်တံတား တိုးချဲ့ခြင်းလုပ်ငန်းအတွက်ပြည်ထောင်စုဖြည့်စွက်ရန်ပုံငွေကျပ်သန်း ၂၀၀ စုစုပေါင်း ငွေကျပ်သန်းပေါင်း ၂၇၀၀ အကုန်အကျခံကာ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

မဲဇလီတံတား အဆင့်မြှင့်တင်တည်ဆောက်ရေးစီမံကိန်း ဆောင်ရွက်ရန်အတွက် ပြီးခဲ့သည့်နှစ် အောက်တိုဘာလမှစတင်၍ တည်ဆောက်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဒေသခံပြည်သူများ၏ လူမှုရေး၊ စီးပွားရေးနှင့် ကျန်းမာရေးစသဖြင့် ပိုမိုတိုးတက်ကောင်းမွန်လာမည်ဖြစ်ပြီး မြန်မာနိုင်ငံအလယ်ပိုင်းရှိ အထင်ကရဘုရားများဖြစ်သော ရွှေစက်တော်ဘုရား၊ မကွေးမြသလွန်ဘုရား စသည့် တန်ခိုးကြီးဘုရားများကို အလွယ်တကူ ဖူးမြော်နိုင်ကြမည်ဖြစ်ကာ ကုန်စည်စီးဆင်းမှုများ ပိုမိုလွယ်ကူချောမွေ့မြန်ဆန်လာစေရန်အတွက် အထောက်အကူပြုစေမည့် တံတားဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သိရသည်။

ကြိုးတံတားဖြုတ်သိမ်းသော ပေ ၄၀၀ ခန်းဖွင့်အတွက် ရေလယ်တွင် ၁ ဒသမ ၂ မီတာအချင်းရှိ လွန်တူးပိုင်အုတ်မြစ်နှင့် သံကူကွန်ကရစ်တိုင်တစ်ခုတည်ဆောက်ခဲ့ပြီး ခန်းဖွင့် ပေ ၂၀၀ နှစ်ခန်း ပါဝင်သော Steel Box Girder ဖြင့် အစားထိုးတပ်ဆင်ခဲ့ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သိရသည်။

**သတင်း - ပွင့်သစ္စာ ၊ ဓာတ်ပုံ - စိုးမြင့်အောင်**

❖ အိုလံပစ်ပြိုင်ပွဲမှ

World Tour Super 300 ပြိုင်ပွဲ၌ ပထမဆုံး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ International Challenge ပြိုင်ပွဲတွင် ဆုကြေးငွေ စုစုပေါင်း ဒေါ်လာ ၂၅၀၀၀ သာ ချီးမြှင့်သော်လည်း BWF World Tour Super 300 ပြိုင်ပွဲတွင်မူ ဆုကြေးငွေစုစုပေါင်း ဒေါ်လာတစ်သိန်းခွဲအထိ ချီးမြှင့်မည်ဖြစ်သည်။

သက်ထားသူဇာသည် ဂျပန်နိုင်ငံ၌ ကျင်းပမည့် အိုလံပစ်ပြိုင်ပွဲ ဝင်ခွင့်ရရန် ကမ္ဘာ့အဆင့် သတ်မှတ်ချက်မြင့်မားရန် လိုအပ်နေပြီး ကမ္ဘာ့ကြက်တောင်အဖွဲ့ချုပ်က ကျင်းပလျက်ရှိသည့် ပြိုင်ပွဲများ ဆက်တိုက်ယှဉ်ပြိုင်ကာ အမှတ်များရယူနိုင်မှသာ အဆင့်သတ်မှတ်ချက်တက်လာမည်ဖြစ်သည်။ သက်ထားသူဇာသည် ယင်းပြိုင်ပွဲသုံးခုအပြီးတွင် ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပမည့် အကြိမ် (၃၀) မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ဆက်လက်ယှဉ်ပြိုင်မည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-ဖိုးသော်ဇင်**

❑❑

# NCA (၄)နှစ်မြောက်နှစ်ပတ်လည်အခမ်းအနားသို့ တက်ရောက်လာကြသူများ၏ စကားသံများ

သတင်းအဖွဲ့

ပြည်တွင်းငြိမ်းချမ်းရေး သမိုင်းစာမျက်နှာသစ်အတွက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစုပင်လုံ အစည်းအဝေးများကို သုံးကြိမ်ကျင်းပခဲ့ပြီး ဖြစ်သည်။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ပထမအစည်းအဝေးကို ၂၀၁၆ ခုနှစ် ဩဂုတ် ၃၁ ရက်မှ စက်တင်ဘာ ၃ ရက်အထိ ကျင်းပခဲ့သည်။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေးကို ၂၀၁၇ ခုနှစ် မေ ၂၄ ရက်မှ ၂၉ ရက်အထိ ကျင်းပခဲ့ပြီး ပြည်ထောင်စုသဘောတူစာချုပ်၏ အစိတ်အပိုင်း (၁)အဖြစ် ဖက်ဒရယ်ဆိုင်ရာ အခြေခံမူ ၃၇ ချက်ကို ညီလာခံတွင် လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစုပင်လုံ တတိယအစည်းအဝေးကို ၂၀၁၈ ခုနှစ် ဇူလိုင် ၁၁ ရက်မှ ၁၆ ရက်အထိ ကျင်းပခဲ့ပြီး ပြည်ထောင်စုသဘောတူစာချုပ်၏ အစိတ်အပိုင်း (၂)အဖြစ် ဖက်ဒရယ်ဆိုင်ရာ အခြေခံမူ ၁၄ ချက်ကို လက်မှတ်ရေးထိုးနိုင်ခဲ့သည့်အတွက် စုစုပေါင်းဖက်ဒရယ်ဆိုင်ရာ အခြေခံမူ ၅၁ ချက်ရရှိခဲ့ပြီးဖြစ်သည်။


ဒေါက်တာမင်းဇော်ဦး


ဒေါ်စောမြရာဇာလင်း


ဦးအောင်ကြည်ညွန့်


ဒေါက်တာဆလိုင်းငွန်ကျုံးလျန်


ဦးကိုကိုကြီး


ပူးဇိုဇမ်း (ဥက္ကဋ္ဌ)

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစုပင်လုံ တတိယအစည်းအဝေးအပြီးတွင် နိုင်ငံရေးဆွေးနွေးပွဲများ၊ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးလုပ်ငန်းစဉ်များနှင့်စပ်လျဉ်းပြီး ပြန်လည်သုံးသပ်ခြင်း၊ ပြန်လည်ဆွေးနွေးခြင်း၊ ဘုံနားလည်မှုရှာဖွေခြင်းများအတွက် တွေ့ဆုံဆွေးနွေးမှုကြိမ်ဖန်များစွာ ပြုလုပ်ကာ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေး ကျင်းပနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

အောက်တိုဘာလ ၂၈ ရက်နေ့တွင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) (၄)နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားကို နေပြည်တော်တွင်ကျင်းပရာ ပြည်သူများ၏ အနာဂတ်မျှော်လင့်ချက်ဖြစ်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုအတွက် အကောင်အထည်ဖော်ဆောင်နေမှုများနှင့်စပ်လျဉ်း၍ ပါဝင်တက်ရောက်ကြသူများ၏ စကားသံများကို စုစည်းဖော်ပြအပ်ပါသည် -

**ဒေါက်တာမင်းဇော်ဦး**
**ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC)**
**အတွင်းရေးမှူးအဖွဲ့ဝင်**

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ရှေ့ဆက်ဖို့အကြံပြုရမယ်ဆိုရင် အခက်အခဲအချို့ကတော့ အစိုးရအပေါ်မှာလည်းရှိတယ်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေအပေါ် မှာလည်းရှိတယ်။ အစိုးရအပေါ်မှာရှိတဲ့ အခက်အခဲကိုကျော်ဖို့ဆိုရင် အဆင့်သုံးဆင့်ကို ဖြေရှင်းဖို့လိုတယ်။ ပထမအဆင့်ကတော့ ဆုံးဖြတ်ချက်ချမှတ်တဲ့ စုဖွဲ့မှုတစ်ခုရှိဖို့လိုတယ်။ကျွန်တော့်အမြင်ကတော့ နိုင်ငံတော်သမ္မတပါဝင်တဲ့စုဖွဲ့မှုတစ်ခုရှိဖို့ လိုတယ်။ ဒုတိယအချက်ကတော့ ထိပ်သီးခေါင်းဆောင်တွေ ချမှတ်လိုက်တဲ့မူဝါဒတွေကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေနဲ့ အမြဲမပြတ် တွေ့ဆုံဆွေးနွေးဖို့အတွက် ဂန်ကြီးအဆင့်ရှိတဲ့ တာဝန်ရှိသူတွေကို အားကောင်းကောင်းနဲ့ ပြန်လည်ဖွဲ့စည်းဖို့လိုတယ်။ တတိယအချက်ကတော့ အပေါ်က မူဝါဒချမှတ်တဲ့သူတွေ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေနဲ့ ညှိနှိုင်းနေတဲ့သူတွေကို နည်းပညာအထောက်အပံ့ပေးဖို့အတွက် စုဖွဲ့မှုတွေသေချာဖွဲ့စည်းဖို့လိုပါတယ်။ အထူးသဖြင့် လုပ်ငန်းနဲ့ပတ်သက်ပြီး ကျွမ်းကျင်တဲ့သူတွေ၊ ဗဟုသုတရှိတဲ့သူတွေ၊ အသိပညာရှိတဲ့သူတွေနဲ့ အသစ်ပြန်လည်စုဖွဲ့ဖို့လိုလိမ့်မယ်။ ဒီအဆင့်သုံးဆင့်လုံးကို အစိုးရဘက်က ကိုင်တွယ်ဆောင်ရွက်ဖို့လိုလိမ့်မယ်။

တိုင်းရင်းသားလက်နက်ကိုင်တွေဘက်မှာတော့ အဖွဲ့အစည်းတစ်ခုနဲ့တစ်ခုကြားမှာ ကွာဟမှုတွေ အလွန်များတယ်။ အကျိုးစီးပွားတွေလည်း မတူကြဘူး။ အမြင်လည်း မတူကြဘူး။ သူတို့အချင်းချင်းကြားထဲမှာ အလုပ်ဖြစ်နိုင်တဲ့လုပ်ငန်းစဉ်တစ်ခုကို ပြန်လည်တည်ဆောက်ဖို့လိုပါလိမ့်မယ်။

လက်ရှိဖြစ်နေတဲ့ ပြဿနာကတော့ NCA ထက် အပစ်အခတ်ရပ်စဲရေးလုပ်ဖို့အတွက် နယ်မြေဒေသကိစ္စတွေကို ဘယ်လိုပိုင်းခြားမလဲဆိုတာ ပြဿနာတစ်ရပ်ဖြစ်နေပါတယ်။ အခုဖြစ်နေတဲ့ တိုက်ပွဲတွေကလည်း နိုင်ငံရေးကြောင့်ဖြစ်တဲ့တိုက်ပွဲတွေပါ။

ဒီနှစ်ထဲမှာ NCA ထိုးထားတဲ့အဖွဲ့တွေနဲ့ တိုက်ပွဲတွေ အရင်နှစ်နဲ့စာရင် သိသိသာသာလျော့သွားပြီ။ ဒါဟာတိုးတက်မှုလို့ ပြောလို့ရတယ်။ နောက်တစ်ခုကတချို့ လက်နက်ကိုင်အဖွဲ့အစည်းတွေ ရှေ့ဆက်သွားဖို့အတွက် အခက်အခဲဖြစ်နေပေမယ့် တချို့လက်နက်ကိုင်အဖွဲ့အစည်းတွေကတော့လည်း သွားချင်တဲ့အခြေအနေရှိတယ်။ အခုလာမယ့် ၂၀၂၀ ပြည့်နှစ်ထဲမှာလုပ်မယ့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံမှာ ဖက်ဒရယ်နဲ့ပတ်သက်တဲ့ အခြေခံမူတွေကို အဓိကထွက်အောင် ညှိနှိုင်းနိုင်ပြီဆိုရင်တော့ ဒါဟာအစိုးရအနေနဲ့ တိုးတက်မှုတစ်ခုကို ဖြစ်အောင်လုပ်သွားနိုင်တယ်လို့ ပြောလို့ရပါတယ်။

**ဒေါ်စောမြရာဇာလင်း**
**ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP) ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်**

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လေးနှစ်တာကာလကိုဖြတ်သန်းပြီးပြီဆိုပေမယ့်လည်း EAO တွေ လုပ်ချင်တာတွေ၊ မလုပ်နိုင်သေးတာတွေ ကျန်နေသေးပါတယ်။ ဒါတွေကို ဆက်လုပ်ဖို့အများကြီးလိုပါသေးတယ်။ ဒီညီလာခံဟာဆိုရင် နောက်မှာကျန်ခဲ့တဲ့လုပ်ငန်းစဉ်တွေနဲ့ ရှေ့ကိုသွားဖို့အတွက်ကြိုးစားနေတဲ့လုပ်ငန်းစဉ်တွေရဲ့ တံတားတစ်ခုဖြစ်ပါတယ်။ ဒီညီလာခံဟာ အင်မတန်မှလည်း အရေးကြီးပါတယ်။ လက်မှတ်မထိုးရသေးတဲ့ အဖွဲ့အစည်းတွေကိုလည်း NCA လက်မှတ်ရေးထိုးဖို့ အမြဲတမ်းကမ်းလှမ်းတယ်။ စားပွဲဝိုင်းမှာ အားလုံးအတူတကွထိုင်ပြီး ပြည်ထောင်စုအရေးကို ဆွေးနွေးဖို့ဆိုတာမျိုးကို တိုက်တွန်းတာတွေရှိပါတယ်။ တစ်ဖက်မှာလည်း အပစ်မရပ်သေးတဲ့ အဖွဲ့အစည်းတွေနဲ့လည်း ကြိုးပမ်းညှိနှိုင်းနေပါတယ်။ နှစ်ပတ်လည်အခမ်းအနားဆိုတာကလည်း အထိမ်းအမှတ်တစ်ခုဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ တိုက်ပွဲတွေကို တိုက်ပွဲနဲ့ဆုံးဖြတ်မယ်ဆိုရာကနေ အခုစားပွဲဝိုင်းကိုရောက်အောင်ဆိုပြီးတော့ စဉ်းစားလာတဲ့အနေအထားဖြစ်ပါတယ်။ ဒါတွေကို ရှေ့ဆက်ဖို့ဆိုရင် စစ်ကိုစစ်နဲ့မဖြေရှင်းဘဲ ငြိမ်းချမ်းရေးလမ်းစဉ်ကို စားပွဲဝိုင်းကနေပြီး အဖြေရှာမယ်ဆိုတဲ့ စဉ်းစားချက်တွေကိုသရုပ်ဖော်တဲ့ နှစ်ပတ်လည်တစ်ခုဖြစ်တယ်လို့လည်း ကျွန်မအနေနဲ့ပြောချင်ပါတယ်။

**ဦးအောင်ကြည်ညွန့်**
**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ(NLD) ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေးကို ၂၀၂၀ ပြည့်နှစ်မှာ ဖြစ်နိုင်၊ မဖြစ်နိုင်ဆိုတာထက် ဖြစ်အောင်ကြိုးစားနေကြတယ်ဆိုတဲ့ အနေအထားမျိုးမှာရှိပါတယ်။ တကယ်တော့ ဖြစ်အောင်ကြိုးစားရမှာပါ။ ဒီလိုလုပ်ငန်းရပ်မျိုးဟာ ဘာဖြစ်လာနိုင်မလဲဆိုတဲ့ မှန်းဆချက်တွေ၊ မျှော်လင့်ချက်တွေထက် တိုင်းပြည်အတွက် တကယ်အရေးကြီး လိုအပ်တဲ့ကိစ္စရပ်တွေဖြစ်တဲ့အတွက် ပူးပေါင်းပါဝင်ဆောင်ရွက်ကြတဲ့သူတွေအားလုံးက ငြိမ်းချမ်းရေးဖြစ်စဉ်ကြီးကို ရှေ့တိုးသွားဖို့အတွက် ဝါယမစိုက်ထုတ်ပြီး ကြိုးစားညှိနှိုင်းကြဖို့လိုပါတယ်။

လတ်တလောမှာတော့ (၈)ကြိမ်မြောက် ကျင်းပမယ့် JICM အစည်းအဝေးမှာ ညှိနှိုင်းကြဖို့၊ လိုအပ်ရင်လည်း NCA ရဲ့ တချို့ဆောင်ရွက်ချက်တွေ၊ ပြုပြင်စရာရှိတာတွေကိုပြုပြင်ဖို့ ကိစ္စရပ်တွေကို တရားဝင်ရော၊ အလွတ်သဘောအနေနဲ့ရော ညှိနှိုင်းဆွေးနွေးနေကြပါတယ်။ ညှိနှိုင်းဆွေးနွေးချက်တွေအပေါ်မှာ မူတည်ပြီးတော့ ရှေ့ကိုဆက်သွားရမှာဖြစ်ပါတယ်။

**ဒေါက်တာဆလိုင်းငွန်ကျုံးလျန်**
**သုတေသနဒါရိုက်တာ**
**ငြိမ်းချမ်းရေးနှင့်လုံခြုံရေးဆိုင်ရာမြန်မာအင်စတီကျု(MIPS)**

ငြိမ်းချမ်းရေးဆိုတာမလွယ်ပါဘူး။ စစ်ဖြစ်ဖို့ကလွယ်ပါတယ်။ အခုလေးနှစ်မြောက်ဆိုတော့ တစ်ဖက်ကပြောရင် အချိန်ကြာသလို တစ်ဖက်ကစဉ်းစားရင်လည်း အချိန်တိုသလိုပါပဲ။ ဒါပေမယ့် ငြိမ်းချမ်းရေးက ဆက်ပြီးသွားနေရမယ့်၊ ဆက်လုပ်နေရမယ့်၊ ဆက်ပြီးကြိုးပမ်းနေရမယ့်အရာလို့ပဲ ကျွန်တော်မြင်ပါတယ်။ ငြိမ်းချမ်းရေးလုပ်တဲ့နေရာမှာလည်း တိုးတက်မှုရှိသလို၊ ဆုတ်ယုတ်မှုလည်းရှိတယ်။ ဆုတ်ယုတ်မှုအတွက် ဘယ်သူ့ကို ဘယ်လိုအပြစ်တင်ရမလဲ၊ တိုးတက်မှုအတွက် ဘယ်သူ့ကို အမှတ်ပေးမှာလဲ ဆိုတာမျိုး မဟုတ်ဘူး။ အားလုံးအပေါ်မှာတာဝန်ရှိတယ်လို့ပဲ ကျွန်တော်ယူဆပါတယ်။ နှစ် ၆၀၊ ၇၀ နီးပါး ကြာလာတဲ့ ပဋိပက္ခကို အချိန်တိုတိုအတွင်းမှာ ငြိမ်းချမ်းရေးရအောင် လုပ်လို့ရမှာမဟုတ်ပါဘူး။ အဲဒါတွေကို ကျွန်တော်တို့က သည်းခံဖို့၊ စိတ်ရှည်ဖို့၊ နည်းပညာတွေ ကျွမ်းကျင်ဖို့၊ စိတ်ရင်းအမှန်နဲ့ လုပ်ဖို့လိုပါတယ်။

**ဦးကိုကိုကြီး**
**ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U) ဒုတိယဥက္ကဋ္ဌ (၂)**

ကျွန်တော်တို့ NCA စကတည်းက ပါဝင်ခဲ့ကြတယ်။ အသိသက်သေအဖြစ်လည်း လက်မှတ်ရေးထိုးခဲ့တယ်။ အဲဒီကနေဖွဲ့စည်းလိုက်တဲ့ JMC မှာလည်း ကျွန်တော်တို့အရပ်သားကိုယ်စားလှယ်တွေအဖြစ် ပါဝင်ခဲ့တယ်။ ကျွန်တော်တို့ဆောင်ရွက်နိုင်ခဲ့တဲ့အပိုင်းတွေ အများကြီးရှိသလို ရပ်တန့်နေတဲ့အပိုင်းတွေလည်းရှိပါတယ်။ သို့သော် ကျွန်တော်တို့က နောက်ပြန်ကျမသွားအောင် ဝိုင်းပြီးတော့ ဒါကိုဂရုတစိုက်နဲ့ ထိန်းဖို့လိုပါတယ်။ နိုင်ငံတကာမှာလည်း ငြိမ်းချမ်းရေးရဲ့ သဘောသဘာဝအရ တစ်ခါတလေမှာ တန့်နေတာ၊ ရပ်နေတာ၊ နောက်ပြန်ကျသွားတာတွေလည်းရှိတယ်။ အခုကျွန်တော်တို့က အတတ်နိုင်ဆုံးဝိုင်းပြီး ထိန်းသိမ်းထားကြတဲ့ အခြေအနေကိုကျော်လွှားဖို့၊ ဒီထက်ပိုပြီး ငြိမ်းချမ်းရေးဖြစ်စဉ်ကိုရောက်ဖို့ အားလုံးဝိုင်းပြီး ကြိုးစားကြရမယ်လို့မြင်ပါတယ်။

နောက်တစ်ခုက လက်မှတ်ထိုးထားပြီးသားအဖွဲ့ ၁၀ ဖွဲ့ဖြစ်ပါတယ်။ ကျွန်တော်တို့ JMC မှာတော့ ၁၀ ဖွဲ့နဲ့ပတ်သက်တဲ့အပိုင်းကို အဓိကတာဝန်ယူရပါတယ်။ ဒီအဖွဲ့တွေ ပုံမှန်အစည်းအဝေးပြန်တက်ပြီး JMC လုပ်ငန်းလည်ပတ်ဖို့အတွက်ကိုလည်း ကျွန်တော်တို့တတ်နိုင်သလောက် ကြိုးစားနေကြတာရှိပါတယ်။ ကျန်တဲ့အပိုင်းက NCA လက်မှတ်မထိုးသေးတဲ့အဖွဲ့တွေ ထိုးလာဖို့ UPDJC အနေနဲ့ ကြိုးပမ်းနေကြတာတွေရှိပါတယ်။ တဖြည်းဖြည်းချင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်က ရှေ့ဆက်နိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။

တစ်ခုက တရားဝင်ဆွေးနွေးပွဲတွေမတိုင်မီမှာ အလွတ်သဘောဆွေးနွေးပွဲတွေရှိတယ်။ ပုဂ္ဂိုလ်ရေးထိတွေ့မှု၊ ယုံကြည်မှုတည်ဆောက်တဲ့ ကိစ္စတွေကလည်း အင်မတန်အရေးကြီးတယ်လို့ မြင်ပါတယ်။ ဒါကြောင့် ငြိမ်းချမ်းရေးဆိုတာ အင်မတန်စိတ်ရှည်ရတဲ့ အလုပ်ဖြစ်တော့ တစ်ချိန်တုန်းက ပစ်ခတ်နေကြသူတွေ စားပွဲဝိုင်းပေါ်မှာ ငြင်းနိုင်ခုံနိုင်တယ်ဆိုရင်ပဲ ဒါကိုတိုးတက်တယ်လို့ ပြောလို့ရပါတယ်။ အဓိကက စကားပြောဖြစ်ဖို့က အရေးကြီးတယ်လို့မြင်ပါတယ်။

**ပူးဇိုဇမ်း (ဥက္ကဋ္ဌ)**
**ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ**

ကျွန်တော်ပွင့်ပွင့်လင်းလင်းပြောရမယ်ဆိုရင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်က အားမရဘူး။ နှစ်ဖက်စလုံးကတော့ စိတ်ရှည်လက်ရှည်နဲ့ လုပ်ရမယ့်အပိုင်းတွေ အများကြီးရှိပါတယ်။ အဲဒီအနေအထားအပေါ်မှာ ဒီထက်မက စိတ်ရှည်ပေးကြဖို့လိုပါတယ်။ NCA ကို ကျွန်တော်လက်မှတ်ထိုးပေးခဲ့တယ်။ ကျွန်တော်တို့က သက်သေနဲ့ ယုံယုံကြည်ကြည်နဲ့ ဒီနှစ်ဖွဲ့အကြားမှာ လုပ်ပေးခဲ့တယ်။ ဒါပေမယ့် ကျွန်တော်တို့မှန်းထားတဲ့အတိုင်း ဖြစ်မလာတာတွေရှိတဲ့အတွက် စိတ်မကောင်းဘူး။ ပြည်သူတွေကလည်း ပြည်သူတွေမှန်းထားတဲ့အတိုင်း ဖြစ်မလာလို့ စိတ်ဓာတ်ကျတဲ့အပိုင်းတွေ ရှိပါတယ်။ ဒါကို ကျွန်တော်က ပွင့်ပွင့်လင်းလင်းပြောတာဖြစ်ပါတယ်။

## မြောင်းမြမြို့နယ် ကမ်းနီကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အဦသစ် ဖွင့်လှစ်

**မြောင်းမြ အောက်တိုဘာ ၂၈**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် သိလ္လာတိုက်နယ် ကမ်းနီကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အဦသစ်ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းက အဆိုပါအဆောက်အဦရှေ့၌ ကျင်းပသည်။

ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အဦကို မြောင်းမြခရိုင် ဆေးရုံအုပ်ကြီး ဒေါက်တာသန်းမင်းထွဋ်၊ မြောင်းမြမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးမှူး ဦးသန်းငွေ၊ ဆေးခန်းအဆောက်အဦ အလှူရှင် ဦးကျင်ဆိုင်၊ ဒေါ်မမလေး(ရန်ကုန်မြို့)တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင် မြောင်းမြခရိုင် ဆေးရုံအုပ်ကြီး ဒေါက်တာသန်းမင်းထွဋ်က မုဒိတာစကား ပြောကြားပြီး အလှူရှင် ဦးကျင်ဆိုင်၊ ဒေါ်မမလေး (ရန်ကုန်မြို့)က ဆေးခန်းအဆောက်အဦ လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ ဆေးခန်းအဆောက်အဦ အလှူရှင်နှင့် ဆေးခန်းတွင်အသုံးပြုရန် စက်ရေတွင်း အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းများ ပြန်လည်ပေးအပ်သည်။

အဆိုပါ ကမ်းနီကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲမှာ ပေ ၃၀ x ၄၂ ပေ တစ်ထပ်တိုက်ဖြစ်ပြီး လူနာခုတင်၊ သားဖွားခုတင်ပါဝင်ကာ ကျပ်သိန်း ၁၆၀ ခန့် အကုန်အကျခံဆောက်လုပ်ထားခြင်းဖြစ်ကြောင်း သိရသည်။ **အောင်မင်း(မြောင်းမြ)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့်အဖွဲ့ ဂျပန်နိုင်ငံ NHK ရုပ်သံဌာနအား ကြည့်ရှုလေ့လာ တိုကျိုနိုင်ငံတကာရုပ်ရှင်ပွဲတော် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်



**တိုကျို အောက်တိုဘာ ၂၈**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့်အဖွဲ့သည် ယမန်နေ့ မွန်းလွဲ ၁၂ နာရီခွဲက ကမာကူရ ရုပ်ရှင်ပြတိုက်သို့ ရောက်ရှိကြပြီး ရုပ်ရှင်ဆိုင်ရာ စာအုပ်စာစောင်များ ခင်းကျင်းပြသထားမှုကို ကြည့်ရှုလေ့လာကြသည်။

အဆိုပါပြတိုက်သည် ရုပ်ရှင်ဆိုင်ရာ စာအုပ်၊ စာစောင်များ ခင်းကျင်းပြသထားမှုအပြင် ရုပ်ရှင်အထူးပွဲများပြသခြင်း၊ ရုပ်ရှင်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်းတို့ဖြင့် ရုပ်ရှင်အနုပညာအသိုက်အဝန်းအတွက် ဝန်ဆောင်မှုပေးရန် ဖြစ်ကြောင်း၊ ရုပ်ရှင်ရုံဆိုသည် ချစ်ကြည်ရင်းနှီးမှုနှင့် နားလည်မှုတည်ဆောက်ရန်အတွက် အကောင်းဆုံးကြားခံနေရာတစ်ခုအဖြစ် ယုံကြည်လက်ခံကြသည့် ကမာကူရမြို့ခံ Nagamasa နှင့် Kashiko Kawaichita စုံတွဲတို့ နေထိုင်ခဲ့သည့် နေအိမ်ကို ဂုဏ်ပြု၍ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကြည့်ရှုလေ့လာ**

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ယနေ့ နံနက် ၉ နာရီတွင် တိုကျိုမြို့ရှိ IMAGICAB Lab ကုမ္ပဏီသို့ သွားရောက်ကြပြီး ရုပ်ရှင်ထုတ်လုပ်ရေးအတွက် ကြိုတင်ပြင်ဆင်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်း (Post Production) ဆောင်ရွက်မှုကို ကြည့်ရှုလေ့လာကြသည်။ **(ယာပုံ)**

IMAGICAB Lab ကုမ္ပဏီသည် ရုပ်ရှင်လုပ်ငန်းအတွက် နည်းပညာဆိုင်ရာ အထောက်အပံ့များ ဝန်ဆောင်မှုပေးခြင်းနှင့် မှတ်တမ်းတင်ထိန်းသိမ်းခြင်းကို ၁၉၃၅ ခုနှစ်မှစ၍ဆောင်ရွက်ခဲ့ပြီး ရုပ်ရှင်၊ ရုပ်မြင်သံကြား၊ ကြော်ငြာ၊ မိုဘိုင်းဖုန်းမှစ၍ ဂိမ်းကစားနည်းများအထိ ကြိုတင်ပြင်ဆင်မှု၊ ဝန်ဆောင်မှုနှင့် ထုတ်လုပ်ဖြန့်ချိမှုများကို ဆောင်ရွက်နေကြောင်း၊ 2k နှင့် 4k အရည်အသွေးရှိသော ရုပ်ရှင်မှတ်တမ်းနှင့် ဒစ်ဂျစ်တယ်ပြုလုပ်ခြင်း၊ Scan ဖတ်ခြင်းနှင့် Metadata စီမံခန့်ခွဲစနစ် စသည့် အစိတ်အပိုင်းများစွာအတွက် ဝန်ဆောင်မှုပေးနေကြောင်း သိရသည်။

**စုဆောင်းထားရှိ**

ထို့နောက် Shochiku Otaami Library သို့ သွားရောက်ကြပြီး ပြဇာတ်၊ ရုပ်ရှင်နှင့် ရုပ်မြင်သံကြားဇာတ်ညွှန်းများ၊ စာအုပ်စာစောင်များ၊ ဓာတ်ပုံနှင့် မှတ်တမ်းများကို ကြည့်ရှုလေ့လာကြသည်။ ၎င်းစာကြည့်တိုက်ကို Shochiku Co.,Ltd. ကို တည်ထောင်ခဲ့သူတစ်ဦး ဖြစ်သည့် Otaami Takejino က ယဉ်ကျေးမှုဆိုင်ရာ ဆုတံဆိပ်ချီးမြှင့်ခံရပြီး နောက်တစ်နှစ် ၁၉၅၆ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းတွင် စာအုပ်စာစောင်နှင့် ဓာတ်ပုံမှတ်တမ်း စုစုပေါင်း လေးသိန်းနှစ်သောင်းကျော် စုဆောင်းထားရှိကြောင်း သိရသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် Shochiku Co.,Ltd.သို့ သွားရောက်ကြပြီး ရုပ်ရှင်နှင့် ရုပ်သံဇာတ်လမ်းတွဲများ၊ မီဒီယာဆော့ဖ်ဝဲများ ထုတ်လုပ်ခြင်း၊ ဝယ်ယူရောင်းချခြင်းနှင့် ဖြန့်ချိခြင်းတို့ကို ကြည့်ရှုလေ့လာကြသည်။

၎င်းကုမ္ပဏီကို Mr. Takejino Otani နှင့် Matusjino Shirani တို့က ၁၉၈၅ ခုနှစ်တွင်တည်ထောင်ခဲ့ပြီး ဂျပန်နိုင်ငံတွင် ရောင်စုံရုပ်ရှင်ကို ပထမဆုံး ထုတ်လုပ်နိုင်ခဲ့သည့်အပြင် ကမ္ဘာပေါ်တွင် အရှည်လျားဆုံး ရုပ်သံဇာတ်လမ်းတွဲများကိုလည်း ဖန်တီးထုတ်လုပ်နိုင်ခဲ့ကြောင်း၊ အသံစနစ်၊ တေးဂီတမူပိုင်ခွင့်လိုင်စင်၊ ကဇာတ်ရုံ အပြင်အဆင်နှင့် ငှားရမ်းခြင်း၊ စီမံခန့်ခွဲခြင်းတို့အပြင် အိမ်ခြံမြေဆိုင်ရာ ရှင်းလင်းခြင်းများကိုလည်း ဆောင်ရွက်နေကြောင်း သိရသည်။

**NHK ရုပ်သံဌာနလေ့လာ**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် NHK ရုပ်သံဌာနသို့ သွားရောက်ကြပြီး ပြည်တွင်း /ပြည်ပ သတင်းများအား ဂျပန်နှင့် အင်္ဂလိပ်ဘာသာတို့ဖြင့် ထုတ်လွှင့်နေမှု၊ မသန်စွမ်းသူများနှင့် ကလေးသူငယ်များအတွက် သတင်းထုတ်လွှင့်ရန် စီစဉ်ဆောင်ရွက်ထားမှု၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ သတင်းများထုတ်လွှင့်ပေးနေမှုတို့ကို ကြည့်ရှုလေ့လာကြသည်။

NHK သတင်းဌာနကို ၁၉၂၄ ခုနှစ် နိုဝင်ဘာလ ၂၄ ရက်နေ့တွင် တိုကျိုရုပ်သံသတင်းဌာနအဖြစ် တည်ထောင်ခဲ့ပြီး ၁၉၂၆ ခုနှစ်တွင် ဂျပန်ရုပ်သံထုတ်လွှင့်မှုကော်ပိုရေးရှင်း (Japan Broadcasting Corporation – NHK) အဖြစ် ပြောင်းလဲခဲ့သည့် ဂျပန်နိုင်ငံပိုင် ရုပ်သံသတင်းဌာနဖြစ်ကြောင်း သိရသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တိုကျိုမြို့တော် မင်နာတိုမြို့ရှိ Roppongi Theater ၌ ကျင်းပသည့် တိုကျိုနိုင်ငံတကာ ရုပ်ရှင်ပွဲတော် (Tokyo International Film Festival) ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ကြပြီး နိုင်ငံတကာမှ လာရောက်ပြသကြသည့် ရုပ်ရှင်ဇာတ်ကားများကို ကြည့်ရှုကြသည်။

**ဇာတ်ကားပေါင်း ၂၀၀ ကျော် ပြသမည်**

အဆိုပါရုပ်ရှင်ပွဲတော်သည် ၁၉၈၅ ခုနှစ်မှစ၍ ၁၉၉၁ ခုနှစ်အထိ နှစ်နှစ်လျှင် တစ်ကြိမ်ကျင်းပခဲ့ရာမှ နောက်ပိုင်းတွင် နှစ်စဉ်ကျင်းပလာခြင်း ဖြစ်ကြောင်း၊ နိုင်ငံတကာရုပ်ရှင်ထုတ်လုပ်သူများ ဖက်ဒရေးရှင်းမှ အသိအမှတ်ပြုထားသည့် အာရှဒေသ၏ ထင်ရှားသော ရုပ်ရှင်ပွဲတော်များတွင် ပါဝင်ကြောင်း၊ ၎င်းပွဲတော်မှ အကောင်းဆုံးရုပ်ရှင်၊ အကောင်းဆုံးဒါရိုက်တာ၊ အကောင်းဆုံး အမျိုးသားနှင့် အမျိုးသမီးဇာတ်ဆောင် ထူးချွန်ဆုများကိုလည်း ချီးမြှင့်ပေးလျက်ရှိကြောင်းနှင့် ပွဲတော်ကို အောက်တိုဘာ ၂၈ ရက်မှ နိုဝင်ဘာ ၅ ရက်အထိ ကျင်းပမည်ဖြစ်ပြီး နိုင်ငံတကာမှ ရုပ်ရှင်ဇာတ်ကားပေါင်း ၂၀၀ ကျော် ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အကျဉ်းထောင်စာကြည့်တိုက်များအတွက် စာအုပ်များ လှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၂၈**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်နှင့် မြန်မာရေးရာအဖွဲ့တို့ ပူးပေါင်းစီစဉ်သည့် အကျဉ်းထောင်စာကြည့်တိုက်များအတွက် စာအုပ်လှူဒါန်းပွဲကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ရွှေဥဒေါင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးယုလွင်အောင်က အဖွင့်အမှာစကားပြောကြားပြီး အခမ်းအနားကျင်းပရခြင်း ရည်ရွယ်ချက်နှင့် အကျဉ်းထောင်အတွင်း စာကြည့်တိုက်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာရေးရာ လေ့လာရေးအဖွဲ့ အဖွဲ့ဝင် စာရေးဆရာ မောင်ဇေယျာက မြန်မာရေးရာလေ့လာရေးအဖွဲ့၏ လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌ ဟံသာဝတီ ဦးအုန်းကြိုင်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုပြန်ကြားရေးကော်မတီအတွင်းရေးမှူး စာရေးဆရာ မုံရွာအောင်ရှင်တို့က မုဒိတာစကားများ ပြောကြားကြသည်။

ဆက်လက်၍ စိတ်ကူးချိုချိုစာအုပ်တိုက်မှ အယ်ဒီတာ ဦးလေးမြတ်နှင့် စာအုပ်တိုက်များမှ အလှူရှင်များကိုယ်စား DVB သတင်းဌာနမှ ဆရာမောင်သာမညတို့က စာအုပ်များ ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးယုလွင်အောင်နှင့် မြန်မာရေးရာလေ့လာရေးအဖွဲ့ အဖွဲ့ဝင်စာရေးဆရာ မောင်ဇေယျာတို့က လက်ခံကြပြီး အကျဉ်းထောင်စာကြည့်တိုက်များ ရေရှည်ဖွံ့ဖြိုးရေးအတွက် ဆက်လက်လှူဒါန်းမည့် အစီအစဉ်နှင့် ရှေ့လုပ်ငန်းစဉ်များကိုတက်ရောက်လာကြသူများက ဆွေးနွေးကြသည်။



ယင်းနောက် အကျဉ်းဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးအေးသွင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယနေ့လှူဒါန်းပွဲတွင် စိတ်ကူးချိုချို၊ ရွှေဝံ၊ သာလွန်၊ လင်းလွန်းခင်၊ ပန္နက်စာအုပ်တိုက်၊ The Key Collection၊ တကောင်းစာပေ၊ လောကအမွန်စာကြည့်တိုက်၊ ဆုရောင်စဉ်စာကြည့်တိုက်နှင့် မြန်မာနိုင်ငံ စာကြည့်တိုက်ဖောင်ဒေးရှင်း၊ မြန်မာနိုင်ငံသစ်သီးဝလံနှင့် ပန်းမန်အသင်းနှင့် စာရေးဆရာများက ငွေကျပ် ၁၇၁ သိန်းကျော်တန်ဖိုးရှိ စာအုပ်စာစောင်မျိုးစုံတို့ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံတစ်ဝန်းရှိ အကျဉ်းထောင်နှင့် အလုပ်စခန်းများရှိ အကျဉ်းထောင်စာကြည့်တိုက်များအတွက် စာအုပ်စာစောင် လှူဒါန်းလိုသည့် စေတနာရှင်များအနေဖြင့် မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင် ဦးကျော်စွာ ဖုန်း-၀၉-၄၂၀၇၃၀၆၁၁၊ လောကအမွန်စာကြည့်တိုက် ဦးကြည်ဝင်း ဖုန်း-၀၉-၅၁၁၉၇၁၀ နှင့် မြန်မာရေးရာလေ့လာရေးအဖွဲ့ ဦးရဲမြင့်ကျော် ဖုန်း-၀၉-၇၆၆၆၈၇၂၀၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရမည်းသင်းမြို့နယ်အတွင်း ကျေးရွာ ၆၃ ရွာ မီးလင်းနိုင်ရေးစတင်ဆောင်ရွက်

**ရမည်းသင်း အောက်တိုဘာ ၂၈**

ရမည်းသင်းမြို့နယ်အတွင်း လျှပ်စစ်မီးလင်းရန်ကျန်ရှိသည့် ကျေးရွာ ၁၀၄ ရွာအနက် ၆၃ ရွာကို ၂၀၂၀ ပြည့်နှစ်အတွင်း လျှပ်စစ်မီးလင်းနိုင်ရေး အောက်တိုဘာ ၂၅ ရက်မှ စတင်ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ သိရသည်။

ရမည်းသင်းမြို့နယ်အတွင်း ကျေးရွာအုပ်စု ၆၃ စု၊ ကျေးရွာ ၂၄၇ ရွာရှိသည့်အနက် ကျေးရွာ ၁၄၃ ရွာ လျှပ်စစ်မီးလင်းပြီးဖြစ်သည်။ ကျန်ရှိသောကျေးရွာ ၁၀၄ ရွာ လျှပ်စစ်မီးလင်းနိုင်ရေးအတွက် တိုင်းဒေသကြီး ဘတ်ဂျက်ဖြင့်လည်းကောင်း၊ Public Flmance Initiative (PFI) စနစ်ဖြင့်လည်းကောင်း၊ အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း (NEP) စနစ်ဖြင့်လည်းကောင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ထိုကဲ့သို့ အကောင်အထည်ဖော်ရာ ကျန်ရှိသည့် ကျေးရွာ ၁၀၄ ရွာအနက် NEP စီမံကိန်းဖြင့်ကျေးရွာ ၁၅ ရွာတွင် ၈၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးဖြစ်ပြီး PFI စနစ်ဖြင့် ကျေးရွာ ၃၈ ရွာ လျှပ်စစ်မီးလင်းနိုင်ရေး IGE ကုမ္ပဏီက စတင်ဆောင်ရွက်လျက်ရှိသည်။ အဆိုပါ ၆၃ ရွာကို ၂၀၂၀ ပြည့်နှစ် ဧပြီလအတွင်း လျှပ်စစ်မီးလင်းနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့ပြင် ၁၁ ကေဗွီဓာတ်အားလိုင်း၏ နှစ်မိုင်အပြင်ရှိ မီးလင်းရန် ကျန်ရှိသော ကျေးရွာ ၄၉ ရွာ မီးလင်းနိုင်ရေးအတွက် ဘဏ္ဍာနှစ်အလိုက် ပြည်ထောင်စုဘတ်ဂျက်၊ တိုင်းဒေသကြီးဘတ်ဂျက်ဖြင့် ဓာတ်အားခွဲရုံများ တိုးချဲ့တည်ဆောက်ရန် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးမျိုးမြင့်ထံမှ သိရသည်။

**တင်ဦး(ရမည်းသင်း)**

# နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန် လာအိုနှင့် ဟန်ဂေရီ သဘောတူ



**ဗီယန်ကျင်း အောက်တိုဘာ ၂၈**
ဟန်ဂေရီသမ္မတ ဂျာနော့စ်အာဒါသည် လာအိုသမ္မတ ဘွန်ညံဗိုရာချစ်၏ ဖိတ်ကြားချက်အရ နိုင်ငံတော်အဆင့် တရားဝင်ခရီးအဖြစ် အောက်တိုဘာ ၂၄ ရက်မှ ၂၆ ရက်အထိ လာအိုနိုင်ငံသို့ သွားရောက်လည်ပတ်ခဲ့သည်။

ဘွန်ညံဗိုရာချစ်နှင့် ဂျာနော့စ်အာဒါတို့ ဦးဆောင်သော နှစ်နိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၂၅ ရက်က မြို့တော်ဗီယန်ကျင်းမြို့တွင် အစည်းအဝေးတစ်ရပ်ကျင်းပခဲ့ကြောင်း ဗီယန်ကျင်းတိုင်းမ်က ယနေ့ ဖော်ပြထားသည်။

နှစ်နိုင်ငံခေါင်းဆောင်တို့သည် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးပြီး ပိုမိုကောင်းမွန်သော ပူးပေါင်းဆောင်ရွက်မှုအပေါ် တန်းဖိုးထားကြသလို နှစ်ဖက်အကြား သံတမန်ဆက်ဆံရေးထူထောင်ခဲ့စဉ် ၁၉၆၂ ခုနှစ်ကတည်းက နယ်ပယ်ပေါင်းစုံ၌ နှစ်နိုင်ငံဆက်ဆံရေး ခိုင်မာတောင့်တင်းလျက်ရှိသည်ကိုလည်း အသိအမှတ်ပြုခဲ့ကြကြောင်း သိရသည်။

လာအိုနှင့် ဟန်ဂေရီနိုင်ငံတို့သည် နှစ်ဖက်အကြား ထင်မြင်ယူဆချက်နှင့် အတွေ့အကြုံများဖလှယ်ရေးနှင့် စည်းလုံးညီညွတ်မှုတိုးမြှင့်ရေးအတွက် နှစ်နိုင်ငံခေါင်းဆောင်များနှင့် ကိုယ်စားလှယ်အဖွဲ့အကြား အပြန်အလှန်သွားရောက်လည်ပတ်မှုများ ပြုလုပ်လျက်ရှိရာ ယင်းကဲ့သို့ အပြန်အလှန် သွားရောက်လည်ပတ်မှုက နှစ်နိုင်ငံ၏ ခိုင်မာတောင့်တင်းသော ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို ထင်ရှားစေကြောင်း လာအိုနိုင်ငံခြားရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့် ကြေညာချက်တစ်ရပ်အရ သိရသည်။

နှစ်နိုင်ငံခေါင်းဆောင်တို့သည် တွေ့ဆုံစဉ် နိုင်ငံရေး၊ သံတမန်ရေး၊ စိုက်ပျိုးရေး၊ ပညာရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု အစရှိသည့် နယ်ပယ်များ၌ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာ နည်းလမ်းများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ကိုးကား–ဆင်ဟွာ**
**ဘာသာပြန်–ဂျေတီ**

# ဘရက်ဆစ်အရေးအား ဆိုင်းငံ့ထားရန် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများက သဘောတူ

**ဘရပ်ဆဲလ် အောက်တိုဘာ ၂၈**
ဘရက်ဆစ်အရေးအား သုံးလကြာမျှဆိုင်းငံ့ထားရန် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများက သဘောတူခဲ့ကြသည်။ ဘရက်ဆစ်အရေးသဘောတူညီချက်ရရှိရန် ထပ်မံသတ်မှတ်လိုက်သည့် နောက်ဆုံးနေ့ရက်မှာ လာမည့်နှစ် ဇန်နဝါရီ ၃၁ ရက်ဖြစ်ပြီး လန်ဒန်အနေဖြင့် ဘရက်ဆစ်မူကြမ်းအား အဆိုပါနေ့ရက်မတိုင်မီ အတည်ပြုခဲ့ပါကလည်း ဥရောပသမဂ္ဂအဖွဲ့ဝင် ၂၇ နိုင်ငံက ခွင့်ပြုရန်ရှိနေသည်။

ဥရောပသမဂ္ဂ၏ ဥက္ကဋ္ဌ ဒေါ်နယ်တက်စ်က ပြောကြားရာတွင် ဥရောပသမဂ္ဂအဖွဲ့ဝင် ၂၇ နိုင်ငံက ဘရက်ဆစ်အရေးအား ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလအထိ ရွှေ့ဆိုင်းမည်ဟု အင်္ဂလန်က တောင်းဆိုခြင်းကို လက်ခံခဲ့ကြောင်း ဆိုသည်။ အေအက်ဖ်ပီသတင်းဌာနက ကြည့်ရှုခဲ့ရသော သဘာတူညီချက်အရ ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်အနေဖြင့် အင်္ဂလန်ပါလီမန်က ဘရက်ဆစ်ခွဲထွက်ရေးဆိုင်ရာသဘောတူညီချက်အား လာမည့်နှစ်မတိုင်မီ အတည်ပြုနိုင်ပါက ဘရက်ဆစ်အရေးအား နိုဝင်ဘာ ၃၀ ရက်(သို့မဟုတ်) ဒီဇင်ဘာ ၃၁ ရက်မတိုင်မီ ဆောင်ရွက်နိုင်မည်ဖြစ်သည်။ တစ်ချိန်တည်းမှာပင် လန်ဒန်အနေဖြင့် ဥရောပကော်မရှင်တွင် တာဝန်ထမ်းဆောင်ရန် ထိပ်တန်းတာဝန်ရှိသူတစ်ဦးကို ရွေးချယ်အဆိုပြုပေးရမည်ဖြစ်ပြီး ဘရက်ဆစ်မူကြမ်းအား ထပ်မံညှိနှိုင်းမှုမပြုရန် သဘောတူရမည်ဖြစ်သည်။ အီးယူညှိနှိုင်းရေးမှူး မိုက်ကယ်ဘာနီရာက သံတမန်များတွေ့ဆုံပြီး အပြုသဘောဆောင်သော ဆွေးနွေးမှုတစ်ရပ်ဖြစ်ခဲ့သည်ဟု မှတ်ချက်ပြုခဲ့သည်။ ပဲရစ်အနေဖြင့်မူ ဗြိတိန်နှင့် အီးယူအကြား ဆယ်စုနှစ်ငါးခုမျှ တည်ရှိခဲ့သော ဆက်ဆံရေး ထိခိုက်မည်ကို စိုးရိမ်နေသည်။ ဝန်ကြီးချုပ် ဂျွန်ဆင်အနေဖြင့် အောက်လွှတ်တော်အမတ်များအား ၎င်းကျင်းပ လိုသည့် ကြားဖြတ်ရွေးကောက်ပွဲတွင် မဲပေးရန်တိုက်တွန်းခဲ့သည်။ ဇူလိုင်လအတွင်းက ဝန်ကြီးချုပ်ရာထူးကို စတင်ထမ်းဆောင်ခဲ့သော ဂျွန်ဆင်သည် ဗြိတိန်အား ဥရောပသမဂ္ဂမှ အောက်တိုဘာ ၃၁ ရက်တွင် နုတ်ထွက်နိုင်ရန် ဆန္ဒပြင်းပြနေသည်။

**ကိုးကား–အေအက်ဖ်ပီ၊ ဘာသာပြန်–စိုးသူရ**



# အာဖဂန်သမ္မတ ရွေးကောက်ပွဲရလဒ် နိုဝင်ဘာ ၁၄ ရက်တွင် ကြေညာမည်ဟုဆို

**ကဘူး အောက်တိုဘာ ၂၈**
စက်တင်ဘာလအတွင်းက ကျင်းပခဲ့သော အာဖဂန်နစ္စတန်သမ္မတ ရွေးကောက်ပွဲ၏ ပဏာမရလဒ်များကို လာမည့် နိုဝင်ဘာလလယ်တွင် ထုတ်ပြန်ကြေညာသွားမည်ဟု အာဖဂန်ရွေးကောက်ပွဲတာဝန်ရှိသူများက အောက်တိုဘာ ၂၈ ရက်တွင် ပြောကြားသည်။

အာဖဂန်သမ္မတ ရွေးကောက်ပွဲရလဒ်များကို အောက်တိုဘာ ၁၉ ရက်တွင် ထုတ်ပြန်မည်ဟု ကနဦးတွင် စီစဉ်ထားခဲ့သော်လည်း သီးခြားလွတ်လပ်သော ရွေးကောက်ပွဲကော်မရှင်က ယင်းသတ်မှတ်ရက်တွင် ထုတ်ပြန်ကြေညာရန် နှောင့်နှေးဖွယ်ရှိကြောင်း ယင်းနေ့မှာပင် ပြောကြားခဲ့ပြီးနောက် ရွေးကောက်ပွဲရလဒ်ကို နိုဝင်ဘာ ၁၄ ရက်တွင် ထုတ်ပြန်မည့် ဆုံးဖြတ်ချက်ထွက်ပေါ်လာခြင်းဖြစ်သည်။




အာဖဂန်ရွေးကောက်ပွဲ မဲပေးမှုများတွင် မဲမသမာမှုများကို တားဆီးနိုင်ရေးအတွက် စတင်အသုံးပြုခဲ့သည့် ဇီဝနည်းအရ ခွဲခြားသတ်မှတ်သည့်စနစ်တွင် နည်းပညာဆိုင်ရာပြဿနာများ ဖြစ်နိုင်ခြေရှိကြောင်း ရွေးကောက်ပွဲကော်မရှင်က ထောက်ပြမှုပြုခဲ့သည်။

အာဖဂန် ရွေးကောက်ပွဲရလဒ်များကို လာမည့် နိုဝင်ဘာ ၁၄ ရက်တွင် ထုတ်ပြန်ကြေညာမည်ဖြစ်ကြောင်း ရွေးကောက်ပွဲကော်မရှင် တာဝန်ရှိသူများက အောက်တိုဘာ ၂၇ ရက်တွင် သတင်းထောက်များအား ပြောကြားခဲ့သည်။

မဲဆန္ဒပေးသူများအား ဇီဝနည်းဖြင့် ခွဲခြားသတ်မှတ်သည့်စနစ်အား ပြန်လှန်စစ်ဆေးရေးအတွက် အချိန်လိုအပ်သော်လည်း ယင်းလုပ်ငန်းများ ပြီးမြောက်ရန် လုပ်ဆောင်ရမည့် နည်းလမ်းများကို ရှင်းလင်းစွာ တွေ့ရှိထားပြီးဖြစ်ကြောင်း ရွေးကောက်ပွဲတာဝန်ရှိသူများက ဆက်လက်ပြောကြားသည်။

အာဖဂန်သမ္မတ ရွေးကောက်ပွဲတွင် လက်ရှိသမ္မတ အာရှက်ဖ်ဂါနီနှင့် အာဖဂန်နစ္စတန်နိုင်ငံ အစိုးရအဖွဲ့၏ ဒုတိယခေါင်းဆောင်လည်းဖြစ်သည့် အမှုဆောင်အရာရှိချုပ် အဗ္ဗဒူလာအဗ္ဗဒူလာ အပါအဝင် ကိုယ်စားလှယ်လောင်း ၁၀ ဦးကျော်တို့ ပါဝင်ယှဉ်ပြိုင်ရွေးကောက်ခံခဲ့ကြသည်။

ယင်းကိုယ်စားလှယ်ထဲမှ သမ္မတလောင်းကိုယ်စားလှယ်တစ်ဦးအနေဖြင့် ထောက်ခံဆန္ဒမဲ အများစုမရရှိပါက ပါဝင်ယှဉ်ပြိုင်မည့်သမ္မတလောင်း ကိုယ်စားလှယ်ထဲမှ ထောက်ခံဆန္ဒမဲအများဆုံးရရှိသူ နှစ်ဦးတို့အကြား မဲဆန္ဒခံယူပွဲ ပြန်လည်ကျင်းပရမည်ဖြစ်သည်။

**ကိုးကား–အင်န်အိတ်ချ်ကေ**
**ဘာသာပြန်–ဇော်ဝင်း**



# အိုချီနေ့အခမ်းအနား ဂရိတွင် ကျင်းပ

**အေသင် အောက်တိုဘာ ၂၈**
ဂရိနိုင်ငံအား ၁၉၄၀ ပြည့်နှစ် အောက်တိုဘာ ၂၈ ရက်တွင် ဝင်ရိုးတန်းတပ်ဖွဲ့ဝင်နိုင်ငံများထံ လက်နက်ချရန် အီတလီခေါင်းဆောင် မူဆိုလိုနီ၏ ရာဇသံပေးမှုကို ထိုစဉ်က ဂရိခေါင်းဆောင်များက ငြင်းပယ်ခဲ့သော အောက်တိုဘာ ၂၈ ရက်ကို အိုချီနေ့အဖြစ် ဂရိနိုင်ငံတွင် စစ်တပ်နှင့် လူထုချီတက်ပွဲများဖြင့် ကျင်းပခဲ့သည်။ ထိုအချိန်မှစတင်ပြီး ဂရိနိုင်ငံသည် ဒုတိယကမ္ဘာစစ်ထဲသို့ စတင်ဝင်ရောက်ခဲ့သည်။

အဆိုပါသမိုင်းဝင်သောနေ့သည် ဂရိ၏သမိုင်းဝင်သော ဖက်ဆစ်စနစ်ဆန့်ကျင်ရေး၊ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီနှင့် လူသားများအား ကာကွယ်ရေးတို့အတွက် ထူးခြားသော ဆောင်ရွက်ချက်ဖြစ်ကြောင်း ဂရိသမ္မတ ပရိုကိုပစ်က မြောက်ပိုင်းမြို့တော်ဖြစ်သော သစ်ဆီလိုကီတွင် ပြုလုပ်သော စစ်ရေးပြအခမ်းအနားတွင် ပြောကြားသည်။ ပဋိပက္ခများဖြစ်ပွားပြီးသော ဆယ်စုနှစ်များပြီးနောက် ယခုအခါ ဂရိသည် အနာဂတ်အား အကောင်းမြင်ဝါဒလက်ကိုင်ထားပြီး ယုံကြည်ချက်ရှိရှိ ချီတက်နေကြောင်း ဝန်ကြီးချုပ် ကိုင်ရာကိုစ့်က ပြောကြားသည်။ "ကျွန်တော်တို့အနေနဲ့ ဒီလို ဂရိ၏သမိုင်းဝင်သော ဖက်ဆစ်စနစ်ဆန့်ကျင်ရေး၊ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီနှင့် လူသားများအား ကာကွယ်ရေးတို့အတွက် စွန့်လွှတ်စွန့်စားပြီး ဆောင်ရွက်ခဲ့သူတွေကို ဂုဏ်ပြုဖို့ ထိုက်တန်ပါတယ်"ဟု ပညာရေးဝန်ကြီး နီကီကီရာမတ်က ဆိုသည်။ "ကျွန်တော်တို့အနေနဲ့ သူတို့ခြေရာကိုနင်းပြီး ဂရိနိုင်ငံကို ပြန်လည်တည်ဆောက်ဖို့ ဆောင်ရွက်ရပါမယ်"ဟု အာတီကာဒေသ၏ မြို့တော်ဝန် ဂျီဂေ့ါက ဆိုသည်။

**ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–စိုးသူရ**

# အာဂျင်တီးနားသမ္မတ ရွေးကောက်ပွဲတွင် ရှုံးနိမ့်ကြောင်း လက်ရှိသမ္မတ ဝန်ခံ



**ဗျူနိုအေရီးစ် အောက်တိုဘာ ၂၈**

အာဂျင်တီးနားသမ္မတ မော်ရီစီယို မက်ခရီသည် သမ္မတရွေးကောက်ပွဲတွင် ရှုံးနိမ့်ကြောင်းဝန်ခံခဲ့ပြီး ရွေးကောက်ပွဲတွင် အနိုင်ရရှိသည့် ၎င်း၏ပြိုင်ဘက် အယ်လ်ဘာတိုဖာနန်ဒက်စ်အား ဝမ်းသာဂုဏ်ယူစကား ပြောကြားခဲ့သည်။

ဆန္ဒမဲအရေအတွက် ၉၀ ရာခိုင်နှုန်းကျော် ရေတွက်ပြီးချိန်တွင် ဖာနန်ဒက်စ်သည် မဲအရေအတွက် ၄၈ ရာခိုင်နှုန်းနီးပါးရရှိကြောင်း၊ လက်ရှိသမ္မတ မက်ခရီသည် မဲအရေအတွက် ၄၁ ရာခိုင်နှုန်းနီးပါးရရှိကြောင်း အမျိုးသားရွေးကောက်ပွဲဌာနက ပြောကြားသည်။

ယင်းရလဒ်သည် ဖာနန်ဒက်စ်အနေဖြင့် ဒုတိယအကျော့ယှဉ်ပြိုင်ရန် မလိုဘဲ ပထမအကျော့တွင်ပင် ရွေးကောက်ပွဲအနိုင်ရရှိသည်ဟု ဆိုလိုသည်။ အာဂျင်တီးနား ဥပဒေအရ သမ္မတလောင်းတစ်ဦးသည် ရွေးကောက်ပွဲတွင် ရှင်းရှင်းလင်းလင်း အနိုင်ရရန်အတွက် မဲအားလုံး၏ ၄၅ ရာခိုင်နှုန်း သို့မဟုတ် ထို့ထက်ပို၍ ရရှိရန်လိုသည်၊ သို့မဟုတ် မဲအားလုံး၏ ၄၀ ရာခိုင်နှုန်းရရှိပြီး အနီးကပ်ဆုံးပြိုင်ဘက်ထက် ၁၀ မှတ်အသာရရှိရန် လိုအပ်သည်။

ဖာနန်ဒက်စ်ကို ၁၉၅၉ ခုနှစ်တွင် မွေးဖွားခဲ့ပြီး သူသည် ဗျူနိုအေရီးစ်တက္ကသိုလ်ရှိ ဥပဒေကျောင်းမှ ဘွဲ့ရရှိခဲ့သည်။ ဖာနန်ဒက်စ်သည် ဝန်ကြီးများအဖွဲ့၏ အကြီးအကဲအဖြစ် ၂၀၀၃ ခုနှစ်မှ ၂၀၀၈ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အောင်ဇော်လင်း**

# ဂျပန်၌ တိုင်ဖွန်းမုန်တိုင်းများ တိုက်ခတ်မှုကြောင့် ဆုံးရှုံးနစ်နာမှုမှာ ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံအထိရှိ




**တိုကျို အောက်တိုဘာ ၂၈**

မကြာသေးမီက တိုက်ခတ်ခဲ့သည့် တိုင်ဖွန်းမုန်တိုင်းများကြောင့် စိုက်ပျိုးမွေးမြူရေး၊ သစ်တောနှင့် ငါးမွေးမြူရေးလုပ်ငန်းများတွင် ပျက်စီးမှုအတိုင်းအတာမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံခန့်နှင့်ညီမျှသည့် ယန်း ၁၇၀ ဘီလီယံကျော်ရှိကြောင်း ဂျပန်စိုက်ပျိုးရေးဝန်ကြီးဌာနက ပြောကြားသည်။

လွန်ခဲ့သော နှစ်ပတ်က တိုက်ခတ်ခဲ့သည့် တိုင်ဖွန်းမုန်တိုင်း "ဟာဂီဘစ်" ကြောင့် ငွေကြေးအရ ဆုံးရှုံးနစ်နာမှုမှာ စီရင်စု ၃၈ ခုတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁ ဘီလီယံအထိရှိခဲ့ကြောင်း အဆိုပါဝန်ကြီးဌာနက ဆိုသည်။ ရေလှောင်ကန်နှင့် ရေမြောင်းကဲ့သို့သော လယ်ယာစိုက်ပျိုးရေးလုပ်ငန်းသုံး အဆောက်အအုံ ၈၅၀၀ ကျော် ပျက်စီးခဲ့ပြီး ပြုပြင်ရမည့် ကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာသန်း ၄၄၀ ကျော်ရှိသည်ဟု ခန့်မှန်းထားသည်။ ဆန်၊ ပန်းသီးနှင့် လယ်ယာထွက်ကုန်များ ထိခိုက်ပျက်စီးမှုမှာ အမေရိကန်ဒေါ်လာ ၉၇ သန်းခန့်ရှိပြီး လယ်ယာမြေ ၁၄၀၀၀ ဟက်တာကျော် ထိခိုက်ပျက်စီးခဲ့သည်။

သစ်တောများ၊ သစ်ထုပ်ပိုးရေးစက်ရုံများနှင့် အခြားသစ်တောနှင့်ဆက်စပ်သည့် အဆောက်အအုံများ၏ ထိခိုက်ပျက်စီးမှုမှာ အမေရိကန်ဒေါ်လာ သန်း ၃၂၀ ခန့်ဖြစ်ပြီး ငါးဖမ်းလှေဆိပ်များ၊ ငါးမွေးမြူရေးဆိုင်ရာ အဆောက်အအုံများ၏ ဆုံးရှုံးမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၈၈ သန်းခန့်ဖြစ်သည်။ တိုင်ဖွန်းမုန်တိုင်းများ တိုက်ခတ်မှုကြောင့် အထူးသဖြင့် မြစ်ကမ်းပါးကျိုးပေါက်ခဲ့သည့် ဒေသများတွင် စုစုပေါင်းဆုံးရှုံးမှုပမာဏမှာ ထပ်မံမြင့်တက်မည်ဟု ယင်းဝန်ကြီးဌာနမှ တာဝန်ရှိသူများက ခန့်မှန်းသည်။

ပြီးခဲ့သော စက်တင်ဘာလအတွင်း တိုက်ခတ်ခဲ့သည့် တိုင်ဖွန်းမုန်တိုင်း "Faxai" ကြောင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၆၈ သန်းအထိ ရောက်ရှိခဲ့သည်။ ပြီးခဲ့သော သီတင်းပတ်ကလည်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကြီးမားသော ထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခဲ့သည်။ **ကိုးကား-အင်န်အိတ်ချ်ကေ**

**ဘာသာပြန် - ကျော်ထိုက်စိုး**

# ကိုလံဘီယာ၌ ရဟတ်ယာဉ်ပျက်ကျ၊ ခြောက်ဦး သေဆုံး

**ဘိုဂိုတာ အောက်တိုဘာ ၂၈**

ကိုလံဘီယာသမ္မတ၏ ရဟတ်ယာဉ်အုပ်စုတွင်ပါဝင်သည့် ရဟတ်ယာဉ်တစ်စင်းသည် ကိုလံဘီယာနိုင်ငံအလယ်ပိုင်း ကန်ဒီနာမာကာဒေသရှိ တောပိုင်းတွင်ပျက်ကျခဲ့ရာ ရဟတ်ယာဉ်အမှုထမ်း ခြောက်ဦးစလုံး သေဆုံးသွားကြောင်း ကိုလံဘီယာလေတပ်က တနင်္ဂနွေနေ့က ပြောကြားသည်။

ကိုလံဘီယာလေတပ် ရဟတ်ယာဉ် ၀၀၀၆ မှ အမှုထမ်းခြောက်ဦးစလုံး သေဆုံးသွားသည့်အတွက် များစွာဝမ်းနည်းရကြောင်း ကိုလံဘီယာလေတပ်က ကြေညာချက်ထုတ်ပြန်သည်။ ရဟတ်ယာဉ်ပျက်ကျမှုသည် သောကြာနေ့က ဖြစ်ပွားခဲ့သော်လည်း တနင်္ဂနွေနေ့ အစောပိုင်းအထိ အာဏာပိုင်များက ယင်းရဟတ်ယာဉ် ပျက်ကျသည့်နေရာနှင့် သေဆုံးသူအရေအတွက်ကို အတည်မပြုနိုင်ခဲ့ပေ။

Bell ၄၁၂ ရဟတ်ယာဉ်သည် ရာသီဥတုဆိုးရွားမှုကြောင့် ပျက်ကျခဲ့ခြင်းဖြစ်သည်ဟု ယုံကြည်ကြသည်။ ရဟတ်ယာဉ်ဖြင့် ကြိမ်ဖန်များစွာ ခရီးသွားခဲ့သည့် ကိုလံဘီယာသမ္မတ အိုင်ဗန် ဒူကွေးက ရဟတ်ယာဉ်ပျက်ကျမှုကြောင့် သေဆုံးသူများ၏ မိသားစုဝင်များသို့ ဝမ်းနည်းစကား ပြောကြားခဲ့သည်။။

ပုဂ္ဂိုလ်ရေးအရပြောရလျှင် ယခုဖြစ်ပွားသည့် မတော်တဆမှုကြောင့် မိမိအနေဖြင့် များစွာ ထိခိုက်ခံစားရကြောင်း၊ သေဆုံးသူများသည် လွန်ခဲ့သည့် ၁၄ လအတွင်း မိမိနှင့်အတူ အလုပ်လုပ်ခဲ့သူများဖြစ်ကြောင်း သမ္မတက ပြောကြားခဲ့ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**

**ဘာသာပြန်-အောင်ဇော်လင်း**

# ဘာဒါဒီသေဆုံးမှုအရ အရှေ့အလယ်ပိုင်းဒေသတွင် အမေရိကန်၏ ဝင်ရောက်စွက်ဖက်မှု အဆုံးသတ်သင့်ဟု အီရန်ပြောကြား

**တီဟီရန် အောက်တိုဘာ ၂၈**

အိုင်အက်စ်ခေါင်းဆောင် အဘူဘာကာ အယ်လ်ဘာဒါဒီ၏ သေဆုံးမှုအရ အရှေ့အလယ်ပိုင်းဒေသအတွင်း အမေရိကန် ပြည်ထောင်စု၏ ဝင်ရောက်စွက်ဖက်မှုကို အဆုံးသတ်စေသင့်ကြောင်း အီရန်အစိုးရ ပြောရေးဆိုခွင့်ရှိသူ အာလီရာဘီးက ယနေ့ ပြောကြားသည်။



အမေရိကန်၏မူဝါဒများသည် ဒေသတွင်း အကြမ်းဖက်သမားများ တစ်ဟုန်ထိုးပြန့်ပွားစေသော အဓိကအကြောင်းရင်းဖြစ်ကြောင်း ရာဘီးက ပြောကြားသည်။

အယ်လ်ဘာဒါဒီသေဆုံးမှုသည် အကြမ်းဖက်မှု လက္ခဏာတစ်ခု အဆုံးသတ်ခြင်းဖြစ်သော်လည်း အယ်လ်ဘာဒါဒီသေဆုံးမှုကြောင့် အိုင်အက်စ်ကဲ့သို့သော အစွန်းရောက်ဝါဒီများ အဆုံးသတ်သွားသည်ဟု အဓိပ္ပာယ်ကောက်ယူ၍ မရနိုင်ကြောင်း ပြောရေးဆိုခွင့်ရှိသူက ထပ်မံပြောကြားသည်။

အိုင်အက်စ်စစ်သွေးကြွခေါင်းဆောင် အဘူဘာကာအယ်လ်ဘာဒါဒီသည် ဆီးရီးယားနိုင်ငံမြောက်ဘက်ရှိ ၎င်းနေထိုင်ရာ ခြံဝင်းအတွင်း အမေရိကန်တပ်ဖွဲ့၏ စီးနင်းတိုက်ခိုက်မှုအတောအတွင်း သေဆုံးခဲ့သည်ဟု အမေရိကန်သမ္မတဒေါ်နယ်ထရန့်က အောက်တိုဘာ ၂၇ ရက်တွင် ကြေညာခဲ့သည်။ **ကိုးကား - ဆင်ဟွာ**

**ဘာသန်ပြန် - ဂျေတီ**

# ဆီးရီးယားနယ်စပ်ဒေသမှ ဆုတ်ခွာရန် ကာ့ဒ်တပ်ဖွဲ့များသဘောတူ

**အန်ကာရာ အောက်တိုဘာ ၂၈**

တူရကီနိုင်ငံ၏ တောင်းဆိုမှုကြောင့် တူရကီ-ဆီးရီးယားနယ်စပ်မှ ဆုတ်ခွာမည်ဟု ကာ့ဒ်တပ်ဖွဲ့က ကြေညာလိုက်သည်။ တူရကီနိုင်ငံသည် နယ်စပ်ဒေသမှ ကာ့ဒ်တပ်ဖွဲ့များကို ဖယ်ရှားရန် ယခုလအစောပိုင်းတွင် ဆီးရီးယားနိုင်ငံမြောက်ပိုင်း၌ စစ်ဘက်ဆိုင်ရာစစ်ဆင်ရေး တစ်ရပ် စတင်လုပ်ဆောင်ခဲ့သည်။

တူရကီနိုင်ငံက ကာ့ဒ်တပ်ဖွဲ့ကိုအကြမ်းဖက်သမားများအဖြစ် သတ်မှတ်ထားသည်။ နယ်စပ်ဒေသမှ ကာ့ဒ်တိုက်ခိုက်ရေးသမားများကို ဖယ်ရှားရာတွင် ပူးပေါင်းဆောင်ရွက်ရန် ရုရှားနိုင်ငံနှင့် သဘောတူညီချက်တစ်ရပ် ရရှိခဲ့ပြီးနောက် နောက်ထပ်စစ်ဆင်ရေး အစပျိုးမည်မဟုတ်ကြောင်း တူရကီနိုင်ငံက ပြီးခဲ့သည့် အောက်တိုဘာ ၂၂ ရက်တွင် ပြောကြားခဲ့သည်။ ရုရှားစစ်တပ်ဖွဲ့နှင့် ဆီးရီးယားသမ္မတ ဘာရှာအယ်လ်အာဆတ်၏ နယ်ခြားစောင့်တပ်ဖွဲ့တို့မှာ တူရကီနိုင်ငံ၏ စစ်ဆင်ရေးအပြင်ဘက်ရှိ နယ်မြေတစ်ခုသို့ ဝင်ရောက်ရန် တူရကီနှင့် ရုရှားနိုင်ငံတို့က သဘောတူခဲ့သည်။ ဗုဒ္ဓဟူးနေ့ နေ့လယ်မှ စတင်၍ နာရီ ၁၅၀ အတွင်း နယ်စပ်ဒေသမှ ကာ့ဒ်တပ်ဖွဲ့များကို ဖယ်ရှားရန် တပ်ဖွဲ့ဝင်များက ဆောင်ရွက်မည်ဟု တူရကီနှင့် ရုရှားတို့က ပြောသည်။

နယ်စပ်ဒေသမှ ဆုတ်ခွာမည်ဟု ကာ့ဒ်တပ်ဖွဲ့ဦးဆောင်သော ဆီးရီးယားဒီမိုကရက်တစ်တပ်ဖွဲ့က အောက်တိုဘာ ၂၇ ရက်တွင် ပြောကြားခဲ့သည်။ ထိုသို့ ပြောကြားမှုမှာ ကာ့ဒ်တပ်ဖွဲ့က ၎င်းတို့၏ ဆုံးဖြတ်ချက်ကို ပထမဆုံးအကြိမ် လူသိရှင်ကြား ဝန်ခံလိုက်ခြင်းဖြစ်သည်။ ရုရှားတပ်ဖွဲ့ဝင်များက စောင့်ကြည့်နေစဉ် ကာ့ဒ်တိုက်ခိုက်ရေးသမားများ၊ ခဲယမ်းလက်နက်များကို တင်ဆောင်ထားသော ဒါဇင်နှင့်ချီသည့် မော်တော်ကားများသည် ဆီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်းနယ်စပ်အနီးရှိ မြို့တစ်မြို့ဖြစ်သည့် အမူဒါမှ ဆုတ်ခွာနေပုံကို ဒေသခံရုပ်သံဌာနက ထုတ်လွှင့်ပြသခဲ့သည်။

သို့သော်လည်း စစ်ဘက်ဆိုင်ရာတပ်ဖွဲ့များ ရုပ်သိမ်းပြီးလျှင် ထိုဒေသကို ဆက်လက်ထိန်းချုပ်မည်ဟု ကာ့ဒ်တပ်ဖွဲ့များက ပြောကြားသည်။ ကာ့ဒ်တပ်ဖွဲ့များ ရုပ်သိမ်းမှုကို တူရကီနိုင်ငံက အသိအမှတ်ပြုခြင်း ရှိမရှိနှင့် တင်းမာမှုများ မြင့်တက်လာမည်လား ဆိုသည်မှာ ရှင်းရှင်းလင်းလင်း မသိရပေ။

**ကိုးကား-အင်န်အိတ်ချ်ကေ**

**ဘာသာပြန်-ကျော်ထိုက်စိုး**

# AA အဖွဲ့က ဖမ်းဆီးခေါ်ဆောင်သွားသူများအနက်မှ ရဲတပ်ဖွဲ့ဝင် တစ်ဦး ထပ်မံ တွေ့ရှိကယ်တင်

**နေပြည်တော် အောက်တိုဘာ ၂၈**

AA အဖွဲ့က အောက်တိုဘာ ၂၆ ရက်တွင် ဖမ်းဆီးခေါ်ဆောင်သွားသူများ အနက်မှ ရဲတပ်သားစိုင်းနိုင်အောင်အား ကျောက်တန်းကျေးရွာ၏ တောင်ဘက် မီတာ ၁၀၀ ခန့်၌ တပ်မတော်ရှာဖွေကယ်ဆယ်ရေး စစ်ကြောင်းများက ထပ်မံတွေ့ရှိ ကယ်တင်နိုင်ခဲ့ကြောင်း သိရှိရသည်။

ရဲတပ်သားစိုင်းနိုင်အောင် အပါအဝင် ပြန်လည်လွတ်မြောက်လာသူများ၏ ပြောကြားချက်အရ အောက်တိုဘာ ၂၆ ရက်တွင် စစ်တွေမြို့ ရွှေနဒီ အမြန်ရေယာဉ်ဖြင့် ဘူးသီးတောင်သို့ သွားရောက်ရန် တပ်မတော်အရာရှိ တစ်ဦးက ၎င်း၏အမည်၊ ရာထူးဖော်ပြ၍ လက်မှတ်ဝယ်ယူရာမှ စတင်၍ သတင်းပေါက်ကြားမှု ဖြစ်ပွားခဲ့ပြီး ရေမျက်ကျေးရွာ(ရွာဟောင်း) အနီးတွင် AA အဖွဲ့က ရေယာဉ်အား ရပ်တန့်၍ ပါရှိလာသည့် ခရီးသည်များထဲမှ လက်မှတ်ဝယ်သည့် အရာရှိအမည်အား ခေါ်ဆို၍ ၎င်းအရာရှိနှင့် ခရီးသည်အချို့ကို ဦးစွာဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း။

ကျန်ရှိသည့် ခရီးသည်များအား ငစံဘော်ချောင်းဘေးအတိုင်း ရေမျက်ကျေးရွာ (ရွာသစ်) အနီး ကမ်းနားသို့ ခေါ်ဆောင်သွားခဲ့ပြီး စက်လှေ သုံးစင်းဖြင့် ခရီးသည်အချို့အား ကျောက်တန်းကျေးရွာဘက်သို့ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း၊ စက်လှေလုံလောက်မှုမရှိ၍ AA အဖွဲ့အချို့နှင့် ခရီးသည်အချို့မှာ အဆိုပါကမ်းစပ်နား၌ စောင့်ဆိုင်းနေစဉ် ရဲတပ်သား စိုင်းနိုင်အောင် အပါအဝင် ငါးဦးအား ကြိုးဖြင့်တုပ်၍ လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့ပြီး ရေထဲသို့ပစ်ချခဲ့ကြောင်း၊ ပစ်ခတ်မှုကြောင့် ရဲတပ်သားစိုင်းနိုင်အောင်မှာ ထိခိုက်ဒဏ်ရာ အနည်းငယ်သာ ရရှိခဲ့ပြီး ရေထဲသို့မျောပါသွားခဲ့ကာ ကျောက်တန်းကျေးရွာအနီး သို့ အရောက် တပ်မတော်၏ ရှာဖွေကယ်ဆယ်ရေးစစ်ကြောင်းများနှင့် တွေ့ရှိခဲ့သဖြင့် ယခုကဲ့သို့ လွတ်မြောက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

တပ်မတော်အနေဖြင့် ဖမ်းဆီးခေါ်ဆောင်ခြင်းခံရသူများအား ဝေဟင်မှ ရဟတ်ယာဉ်များကလည်းကောင်း၊ မြေပြင်ရှိ တပ်မတော်စစ်ကြောင်းများကလည်းကောင်း ပေါင်းစပ်ညှိနှိုင်း၍ အမြန်ဆုံးကယ်တင်နိုင်ရေးဆောင်ရွက်လျက်ရှိရာ ယနေ့အချိန်ထိ AA အဖွဲ့က ဖမ်းဆီးခေါ်ဆောင်သွားသူများ အနက် ၁၅ ဦးအား ပြန်လည်ကယ်တင်နိုင်ခဲ့ပြီး ကျန်ရှိနေသူများအားလည်း အမြန်ဆုံးပြန်လည်ကယ်တင်နိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်းနှင့် သတင်းပေါက်ကြားမှုနှင့်ပတ်သက်၍ ရွှေနဒီအမြန်ရေယာဉ်လိုင်းအား လိုအပ်သည့် စစ်ဆေးမှုများပြုလုပ်လျက်ရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများသိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၂၈**

မူးယစ်တပ်ဖွဲ့စု(၂၆) ပင်လောင်းနှင့် နောင်တရား နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၂၇ ရက် နံနက် ၉ နာရီက ပင်လောင်းမြို့နယ် ထီရီးကျေးရွာနေ သန်းထွန်း၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွဆေးပြား ၁၅၈၅ ပြား ကိုလည်းကောင်း၊ အလားတူ နောင်ကားခေါင်းကျေးရွာနေ တလင်း၏ နေအိမ်ကိုရှာဖွေရာ ၎င်းနှင့်အတူ တမောင်၊ ကျော်စိန်အားတွေ့ရှိပြီး စိတ်ကြွဆေးပြား ၁၅၄၃ ပြား သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မြောက်ထိဗွာကျေးရွာ အုပ်စု၊ လယ်ကြားကျေးရွာနေ မြင့်အောင်၏ နေအိမ်ကိုရှာဖွေရာ မီးဖိုခန်းအတွင်းမှ စိတ်ကြွဆေးပြား ၃၄၇၅ ပြား၊ ဘိန်း ၂ ဒသမ ၃ ကီလိုနှင့် ဘိန်းဆီခဲ ၁၀၀ ဂရမ်တို့ကိုထပ်မံ သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ည ၈ နာရီခန့်က တောင်ကြီးနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် တောင်ကြီးမြို့နယ် တောင်ပြိုကျေးရွာအနီး၊ တောင်ကြီး-ဇလဲ-ဆက်သေသွား ကားလမ်းတွင် ကိုမောင်မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွဆေးပြား ၇၉၀၀ ကိုလည်းကောင်း။

အလားတူ ယင်းနေ့ ညနေ ၄ နာရီတွင် မူးယစ်တပ်ဖွဲ့စု(၅၈) မိုးမိတ်မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် မိုးမိတ်မြို့ နယ် မလွှပင်သစ်ထုတ်လုပ်ရေး စခန်းအနီးတွင် ဒေါ်ရီရီနိုင် မောင်းနှင်ပြီး ဖွဲလင်းမျိုးလိုက်ပါလာသည့် ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွဆေးပြား ၂၀၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

အားကစားမြှင့်တင်စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

# ပင်လည်ဘူးမြို့နယ်အတွင်း တရားမဝင်သစ်လုံးနှင့် သစ်ခွဲသားများ ဖမ်းမိ



**ပင်လည်ဘူး အောက်တိုဘာ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နယ် ဝဲလာဘိနယ်နှင့် ကောလင်းနယ်စပ် နေရာများမှ တရားမဝင်သစ်လုံးနှင့် သစ်ခွဲသားများ ဖမ်းမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယမန်နေ့ မွန်းတည့် ၁၂ နာရီခန့်တွင် ပင်လည်ဘူးမြို့နယ် သစ်တောဦးစီးအရာရှိ ဦးမြင့်လှိုင် ဦးစီးသောအဖွဲ့က သတင်းအရ ပင်လည်ဘူးမြို့နယ် ဝဲလာဘိနယ်နှင့် ပင်လည်ဘူး-ကောလင်း မြို့နယ် အစပ်နေရာများတွင်ဝင်ရောက်ရှာဖွေစစ်ဆေးရာ တရားမဝင်ကျွန်းခွဲသား ၁၈ ချောင်း၊ ကညင်သစ်လုံး ၂၉ လုံး၊ အင်သစ်လုံး ၁၃ လုံး၊ ကညင်သစ်ခွဲသား ၅၆ ချောင်း၊ ကညင်ခွဲခြမ်း ၂၅ ချောင်း၊ အင်သစ်ခွဲသား နှစ်ချောင်း စုစုပေါင်း ၂၃ ဒသမ ၉၁ တန် ရှာဖွေဖမ်းဆီးရမိသဖြင့် ပစ္စည်းပိုင်ရှင်အား စုံစမ်းဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

အလားတူ ယနေ့ နံနက် ၈ နာရီခန့်တွင် ပင်လည်-ဘူးကောလင်းသွားလမ်း မိုင်တိုင်အမှတ် ၅၂/၅ နေရာတွင် ရပ်ထားသောယာဉ်ပေါ်မှ တရားမဝင်တယောပုံ တမလန်းခွဲသား ၁၄ ချောင်းကို ဖမ်းမိခဲ့ကြောင်း သိရသည်။

**လူအောင်(ကသာ)**

# ဖာပွန်မြို့၌ စိန့်ထရေဇာ ဘုရားရှိခိုးကျောင်း ဘော်ဒါဆောင် မီးလောင်မှုဖြစ်ပွား

**ဖာပွန် အောက်တိုဘာ ၂၈**

ကရင်ပြည်နယ် ဖာပွန်မြို့နယ်တွင် ယနေ့နံနက် ၆ နာရီ မိနစ် ၂၀ က အမှတ်(၃)ရပ်ကွက်ရှိ စိန့်ထရေဇာဘုရားရှိခိုးကျောင်း ဘော်ဒါဆောင်နှစ်ထပ် အဆောက်အအုံတစ်လုံး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စိန့်ထရေဇာဘုရားရှိခိုးကျောင်း အတွင်းရှိ အမျိုးသမီးဘော်ဒါဆောင်တွင် ဖရောင်းတိုင် မီးထွန်းထားရာမှတစ်ဆင့် အပေါ်ထပ်တွင် မီးစတင်လောင်ကျွမ်းခဲ့သည်။

အဆိုပါမီးလောင်ကျွမ်းမှုကြောင့် အမျိုးသမီး ဘော်ဒါဆောင် သွပ်မိုး၊ ပျဉ်ခင်း နှစ်ထပ် အဆောက်အအုံ မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုနှင့်ပတ်သက်၍ စိန့်ထရေဇာ ဘုရားရှိခိုးကျောင်း ဘော်ဒါဆောင် တာဝန်ခံအား ဖာပွန်မြို့မရဲစခန်းက ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်ဝဏ္ဏ(ပြန်/ဆက်)**

# ဒလမြို့နယ် ကျန်းမာရေးဝန်ထမ်းအိမ်ရာရပ်ကွက်၌ မီးလောင်မှု ဖြစ်ပွား

**ဒလ အောက်တိုဘာ ၂၈**

ဒလမြို့နယ် ကျန်းမာရေးဝန်ထမ်းအိမ်ရာရပ်ကွက် ဇီဇဝါလမ်းတွင် ယနေ့ မွန်းလွဲ ၂ နာရီ ၁၀ မိနစ်က ကျန်းမာရေးဝန်ကြီးဌာနပိုင် လိုင်းခန်းဖြစ်သည့် တစ်ထပ်ပျဉ်ထောင်လိုင်း ရှစ်ခန်းတွဲ၊ လိုင်းအမှတ်(၆၄)ရှိ အခန်း(၄)နေ ဒေါ်တင်မြင့် ကျန်းမာရေးဝန်ထမ်း၏ အခန်းမှ စတင်၍မီးလောင်မှု ဖြစ်ပွားခဲ့သည်။

မီးလောင်ရာသို့ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်နေပြည်သူများ စုစုပေါင်းအင်အား ၁၀၀ ကျော်က ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ပြီး မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုကြောင့် လိုင်းအမှတ်(၆၄)ရှိ တစ်ထပ်ပျဉ်ထောင်လိုင်း ရှစ်ခန်းတွဲ (အားလုံး) မီးလောင်ခဲ့၍ အိမ်ထောင်စုကိုးစု၊ လူဦးရေ ၃၉ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရပြီး ၎င်းတို့ အား ယာယီနေထိုင်နိုင်ရေးအတွက် ရပ်ကွက်ဓမ္မာရုံတွင် နေရာချထားပေးခဲ့ကြောင်း သိရသည်။

မီးလောင်ကျွမ်းမှုတွင် လူနှင့်တိရစ္ဆာန် သေဆုံး/ထိခိုက်မှုမရှိကြောင်းနှင့် မီးစတင်လောင်ကျွမ်းရာ အခန်း(၄)နေ ဒေါ်တင်မြင့်အား အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မေရီစိုး(ပြန်/ဆက်)**

# မင်းလှမြို့နယ်၌ ဆိုင်ကယ်တစ်စီးနှင့်ပစ္စည်းများ ဖမ်းဆီး

**မင်းလှ အောက်တိုဘာ ၂၈**

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် ရဲတပ်ဖွဲ့က အောက်တိုဘာ ၂၈ ရက် နံနက် ၁ နာရီခွဲက နယ်မြေလှည့်ကင်း တာဝန်ဆောင်ရွက်နေစဉ် ဆိုင်ကယ်တစ်စီးနှင့် ပစ္စည်းများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မင်းလှမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒု- ရဲအုပ် မိုးဝင်းဦးဆောင်ပြီး တပ်ဖွဲ့ဝင်များနှင့် နယ်မြေအေးချမ်းရေးလှည့်ကင်းတာဝန်ဆောင်ရွက်နေစဉ် အမှတ်(၇) ရပ်ကွက် ဗိုလ်ချုပ်အောင်ဆန်းလမ်းထိပ် ဝန်ထမ်းအိမ်ရာ အနီးသို့ရောက်ရှိစဉ် အောင်ပြည့်ဖြိုးနှင့် ဟိန်းထက်အောင် လှိုင်သာယာမြို့နယ် ရန်ကုန်တိုင်းဒေသကြီး၊ မင်းမင်းဦး လှည်းကူးမြို့နယ် ရန်ကုန်တိုင်းဒေသကြီးနေသူတို့ သုံးဦးအား ဆိုင်ကယ်တစ်စီးနှင့်တွေ့ရှိ၍ စစ်မေးခဲ့ရာ ပိုင်ဆိုင်ကြောင်း အထောက်အထား တစ်စုံတစ်ရာ ပြောဆိုပြသနိုင်ခြင်းမရှိသဖြင့် ဆိုင်ကယ်တစ်စီး၊ ဖုန်းနှစ်လုံး၊ စတားဝက်အူလှည့်တစ်ချောင်း၊ ဂွနှစ်ချောင်းနှင့် စပန်တာ သုံးမြောင်တို့ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မင်းလှမြို့မရဲစခန်းက အမှုဖွင့် အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

**ပေါက်စ(မင်းလှ)**

# မူဆယ်တွင်လမ်းဖြတ်ကူးသူအား ဆိုင်ကယ်ဝင်တိုက်၊ လမ်းဖြတ်ကူးသူသေဆုံး

**မူဆယ် အောက်တိုဘာ ၂၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း)မူဆယ်မြို့ ကောင်းမှုလွယ်ရပ်ကွက် ပြည်ထောင်စုလမ်းမကြီးပေါ် နန်းတော်ဂိတ်အနီး (မြန်မာ-တရုတ်နှစ်နိုင်ငံဝင်/ထွက်သည့်ဂိတ်)တွင် ယနေ့ နံနက် ၈ နာရီခန့်တွင် လမ်းဖြတ်ကူးသူအား ဆိုင်ကယ်မောင်းနှင်သူက ဝင်တိုက်၍ လမ်းဖြတ်ကူးသူသေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့ နံနက် ၈ နာရီခန့်တွင် မူဆယ်မြို့ မန့်ဝိန်းရပ်ကွက်မှ နာရီစင်ဘက်သို့ ထန်မြင့်ချောက် ကွတ်ခိုင်မြို့နယ် နမ့်ဖက်ကာရွာနေသူ မောင်းနှင်လာသည့် ဆိုင်ကယ်သည် နန်းတော်ဂိတ်အနီး ရွှေရာဇာ သုံးဘီးယာဉ်ဂိတ်ရှေ့ အရောက်တွင် လမ်းဖြတ်ကူးနေသည့် ကျော်စိုးအောင်အား ဝင်တိုက်မိရာ ကျော်စိုးအောင်မှာ အခင်းဖြစ်နေရာတွင် သေဆုံးခဲ့သည်။

ဆိုင်ကယ်အား မောင်းနှင်လာသူ ထန်မြင့်ချောက်မှာ(မစိုးရိမ်ရ)ဒဏ်ရာများရရှိခဲ့ပြီး မူဆယ်ပြည်သူ့ဆေးရုံတွင် ဆေးဝါးကုသမှု ခံယူခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ထန်မြင့်ချောက်အား မူဆယ်ယာဉ်ထိန်းရဲစခန်းကအမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ကိုမိုင်း(ပြန်/ဆက်)**

VAC
VALUE ADDED CONSULTANCY
မြန်မာပြည်တွင်းအလုပ်အကိုင်ရှာဖွေရေးလုပ်ငန်း
အလုပ်အကိုင်ကောင်းများစွာက သင့်ကိုစောင့်ကြိုနေပါသည်၊
www.vacjobsearch.com
MS Word Format CV Form ကို Email ဖြင့် ပေးပို့၍အလုပ်များလျှောက်ထားခြင်းဖြင့် သင်မည်သည့်နေရာကိုမှ ကိုယ်တိုင်အလုပ်သွားလျှောက်ရန် မလိုအပ်တော့ပါ၊ အချိန်ကုန် ငွေကုန် လူပင်ပန်း သက်သာစေပါသည်၊
Email : cv@vacjobsearch.com Ph : 01-395921,01-395922, 09-5102094, 09-73022727

# အစိုးရ၏ဝယ်ယူခြင်းနှင့် ပုံသေပိုင်ပစ္စည်းများ ထုခွဲခြင်းဆိုင်ရာ ဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

**ယမန်နေ့မှအဆက်**

(ခ) ဈေးနှုန်းကမ်းလှမ်းခြင်း၊

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများက စီမံခန့်ခွဲမှုနည်းလမ်းနှင့်အညီ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းလုပ်ငန်းများကို ဆောင်ရွက်ခြင်း။

၄၅။ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသည် နိုင်ငံပိုင်ပစ္စည်းများအား လေလံခေါ်ယူခြင်း သို့မဟုတ် ဈေးနှုန်းကမ်းလှမ်းခြင်းနည်းလမ်းဖြင့် ဆောင်ရွက်ရာတွင် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊ စံပြုလုပ်ထုံးလုပ်နည်းပါ သတ်မှတ်ချက်များနှင့်အညီ နိုင်ငံပိုင်ပစ္စည်းများ ရောင်းချခြင်း သို့မဟုတ် ငှားရမ်းခြင်းဆိုင်ရာကော်မတီအနေဖြင့် နိုင်ငံပိုင်ပစ္စည်းများ၏ ကြမ်းခင်းဈေးကို တွက်ချက်ရမည်။

## အခန်း(၁၁)
## တင်ဒါလုပ်ငန်းစဉ်ကို ဖျက်သိမ်းခြင်း

၄၆။ ဝယ်ယူသည့် ဌာနအဖွဲ့အစည်းသည် တင်ဒါတင်သွင်းသူများထံ ပေးရန် တာဝန်မရှိစေဘဲ တင်ဒါအောင်မြင်သူအား ကြေညာခြင်းမပြုမီ မည်သည့်အချိန်တွင်မဆို တင်ဒါလုပ်ငန်းစဉ်ကို ဖျက်သိမ်းနိုင်သည်။

၄၇။ တင်ဒါလုပ်ငန်းစဉ်ကို အောက်ပါအခြေအနေများတွင် ဖျက်သိမ်းနိုင်သည်-

(က) ဝယ်ယူရေးလိုအပ်ချက် မရှိတော့ခြင်း၊

(ခ) ဝယ်ယူခြင်းဆောင်ရွက်ရန်အတွက် လုံလောက်သောရန်ပုံငွေ မရှိခြင်း၊

(ဂ) ပြည့်စုံမှုမရှိသော သို့မဟုတ် ကိုက်ညီမှုမရှိသော တင်ဒါများအား လက်ခံရရှိခြင်း၊

(ဃ) တင်ဒါတင်သွင်းသူများကြား ပူးပေါင်း၍ အချင်းချင်းညှိနှိုင်းဆောင်ရွက်ထားသော သက်သေခံအထောက်အထားတွေ့ရှိရခြင်း၊

(င) အများပြည်သူတို့၏ အကျိုးစီးပွားအပေါ် သက်ရောက်မှုရှိခြင်း။

၄၈။ ဝယ်ယူသည့်ဌာနအဖွဲ့အစည်းသည် တင်ဒါမဖွင့်ဖောက်မီ အစိုးရ၏ ဝယ်ယူရေးလုပ်ငန်းစဉ်ကို ဖျက်သိမ်းရန် ဆုံးဖြတ်ပြီးပါက တင်ဒါများ သို့မဟုတ် အဆိုပြုလွှာများကို ဖွင့်ဖောက်ခြင်းမပြုရ။ ယင်းတင်ဒါများကို တင်ဒါတင်သွင်းသူများထံ ပြန်လည်ပေးပို့ရမည်။

၄၉။ ဝယ်ယူသည့် ဌာနအဖွဲ့အစည်း၏ ဝယ်ယူရေးလုပ်ငန်းစဉ် ဖျက်သိမ်းရန် ဆုံးဖြတ်ရသည့် အကြောင်းရင်းများကို ဝယ်ယူရေးလုပ်ငန်းစဉ်မှတ်တမ်းတွင် ထည့်သွင်းဖော်ပြ၍ တင်ဒါတင်သွင်းသူများထံ ချက်ချင်း အကြောင်းကြားရမည်။

## အခန်း(၁၂)
## နိုင်ငံရေးရာထူးလက်ရှိဖြစ်သူများနှင့် နိုင်ငံ့ဝန်ထမ်းများ စောင့်ထိန်းရမည့် ကျင့်ဝတ်များ

၅၀။ ဝယ်ယူခြင်းနှင့် ထုခွဲခြင်းလုပ်ငန်းစဉ်များကို စီစဉ်ခြင်း၊ ကြိုတင်ပြင်ဆင်ခြင်း၊ ဦးစီးဆောင်ရွက်ခြင်းနှင့် ဝယ်ယူခြင်းနှင့် ထုခွဲခြင်း စာချုပ်များကို အကောင်အထည်ဖော်ခြင်းတို့ ဆောင်ရွက်ရာတွင် ပါဝင်သော နိုင်ငံရေးရာထူးလက်ရှိဖြစ်သူများနှင့် နိုင်ငံ့ဝန်ထမ်းများသည် အောက်ပါအချက်များကို လိုက်နာရမည် -

(က) တင်ဒါတင်သွင်းသူများမှ ဝယ်ယူခြင်းနှင့်စပ်လျဉ်း၍ တရားမျှတပြီး ယှဉ်ပြိုင်နိုင်စွမ်းရှိစေရန် ဝယ်ယူရေးဝန်ထမ်းများအား သီးခြားတာဝန်ပေးအပ်ရမည်၊

(ခ) ဤဥပဒေတွင် ပြဋ္ဌာန်းထားသော ရည်ရွယ်ချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အများပြည်သူ၏ အကျိုးစီးပွားအတွက် အစဉ်အမြဲဆောင်ရွက်ရမည်၊

(ဂ) တာဝန်ဝတ္တရားများကို ထမ်းဆောင်နေစဉ်တွင် အကျိုးစီးပွားပဋိပက္ခဖြစ်စေခြင်းနှင့် သိက္ခာမဲ့စွာ ပြုမူနေထိုင်ခြင်းတို့မှ ရှောင်ကြဉ်ရမည်၊

(ဃ) တင်ဒါတင်သွင်းသူများ၏ ပိုင်ဆိုင်မှု၊ စီးပွားရေးလုပ်ငန်းများနှင့် သက်ဆိုင်သော အချက်အလက်များအပါအဝင် ဝယ်ယူခြင်းနှင့် ထုခွဲခြင်းလုပ်ငန်းစဉ်နှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များအားလုံးကို လျှို့ဝှက်ထားရမည်၊

(င) ယှဉ်ပြိုင်ရသည့် ဝယ်ယူခြင်းလုပ်ငန်းစဉ်များအား ရှောင်ရှားလိုသော ရည်ရွယ်ချက်ဖြင့် ဝယ်ယူခြင်းလိုအပ်ချက်များကို သေးငယ်သော အစိတ်အပိုင်းများအဖြစ် ခွဲခြမ်း၍ ဝယ်ယူခြင်းမပြုလုပ်ရ၊

(စ) ခိုင်လုံသည့် အကြောင်းပြချက်မရှိဘဲ တင်ဒါဖွင့်လှစ်ခြင်း၊ တင်ဒါအား အကဲဖြတ်စိစစ်ခြင်းနှင့် တင်ဒါအောင်မြင်သူနှင့် စာချုပ်ချုပ်ဆိုနိုင်ခြင်းတို့အား ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေတွင် သတ်မှတ်ထားသည့်အချိန်ထက် ကျော်လွန်၍ ကြန့်ကြာမှု မရှိစေရ။

၅၁။ ပုဒ်မ ၅၀ ပါ ပြဋ္ဌာန်းချက်များကို ချိုးဖောက်သည့် နိုင်ငံ့ဝန်ထမ်းများအား နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေတို့နှင့်အညီ အရေးယူရမည်။

## အခန်း(၁၃)
## ခုံအဖွဲ့ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၅၂။ ဝန်ကြီးဌာနသည် ဤဥပဒေအရ တိုင်ကြားမှုများအပေါ် ကြားနာစစ်ဆေးဆုံးဖြတ်နိုင်ရန် အနည်းဆုံး ဝန်ကြီးဌာန (၃) ခုမှ ကိုယ်စားလှယ်များပါဝင်သော ခုံအဖွဲ့ကို ပြည်ထောင်စုအစိုးရ၏ ခွင့်ပြုချက်ဖြင့် ဖွဲ့စည်းရမည်။ ဝန်ကြီးဌာနသည် ဤဥပဒေအရထုတ်ပြန်သည့် နည်းဥပဒေတွင် တိုင်ကြားမှု ဖြေရှင်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများအား သတ်မှတ်ပြဋ္ဌာန်းရမည်။

၅၃။ ခုံအဖွဲ့ဖွဲ့စည်းရာတွင် လက်ရှိဆောင်ရွက်လျက်ရှိသည့် ဝယ်ယူခြင်းနှင့် ထုခွဲခြင်း ဆောင်ရွက်ခြင်းလုပ်ငန်းစဉ်တွင် ဝယ်ယူသည့် ဌာနအဖွဲ့အစည်း၏ ကိုယ်စား ဝယ်ယူခြင်းဆိုင်ရာ လုပ်ငန်းများဆောင်ရွက်ဖူးသူ သို့မဟုတ် တင်ဒါတင်သွင်းခြင်းနှင့် ဆက်စပ်မှုရှိခဲ့သူများ မဖြစ်စေဘဲ ဝယ်ယူခြင်းနှင့် ဝယ်ယူရေးလုပ်ထုံးလုပ်နည်းဆိုင်ရာ နယ်ပယ်အသီးသီးတွင် အတွေ့အကြုံရင့်ကျက်၍ အများလက်ခံယုံကြည်မှုရှိသည့် အဖွဲ့ဝင်များဖြင့် ဖွဲ့စည်းရမည်။

၅၄။ ခုံအဖွဲ့သည် အောက်ဖော်ပြပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်-

(က) ဝယ်ယူခြင်းဆိုင်ရာ တိုင်ကြားမှုများနှင့် စပ်လျဉ်း၍ စိစစ်သုံးသပ်ပြီး ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်း၊

(ခ) ဝန်ကြီးဌာနက စိစစ်သုံးသပ်နိုင်ရေးအတွက် တိုင်ကြားသူမှ တင်ပြသည့် ကိစ္စရပ်များနှင့် စပ်လျဉ်းသည့် အစီရင်ခံစာများကို ပြုစုခြင်း၊

(ဂ) ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့် အခြားသောတာဝန်များကို ဆောင်ရွက်ခြင်း။

၅၅။ တင်ဒါတင်သွင်းသူသည် ဝယ်ယူသည့် ဌာနအဖွဲ့အစည်းမှ တင်ဒါများအားလုံးကို ငြင်းပယ်ခြင်း သို့မဟုတ် အစိုးရ၏ဝယ်ယူရေးလုပ်ငန်းစဉ်ကို ဖျက်သိမ်းခြင်း ဆုံးဖြတ်ချက်များမှအပ ဝယ်ယူသည့် ဌာနအဖွဲ့အစည်း၏ လုပ်ငန်းတာဝန်ပျက်ကွက်ခြင်းကြောင့် ဆုံးရှုံးမှု သို့မဟုတ် ထိခိုက်နစ်နာမှု ဖြစ်ပေါ်ခဲ့လျှင် သို့မဟုတ် ဖြစ်ပေါ်နိုင်လျှင် ဤဥပဒေအရ ခုံအဖွဲ့မှ စိစစ်သုံးသပ်ဆုံးဖြတ်ပေးရန် တောင်းဆိုနိုင်သည်။

၅၆။ တိုင်ကြားမှုကို စိစစ်သုံးသပ်ပေးရန် ဝယ်ယူသည့် ဌာနအဖွဲ့အစည်းသို့ စာဖြင့် လျှောက်ထားရမည်။ ဝယ်ယူသည့်ဌာနအဖွဲ့အစည်းက ဆုံးဖြတ်ရန် ပျက်ကွက်ပါက သို့မဟုတ် ၎င်း၏ဆုံးဖြတ်ချက်အား မကျေနပ်ပါက တင်ဒါတင်သွင်းသူသည် ခုံအဖွဲ့သို့ တိုင်ကြားနိုင်သည်။

၅၇။ ခုံအဖွဲ့သည် တိုင်ကြားမှုကိစ္စရပ်၏ ခက်ခဲရှုပ်ထွေးမှုအပေါ်မူတည်၍ တိုင်ကြားမှုဖြေရှင်းရေးလုပ်ငန်းစဉ် ဆောင်ရွက်မည့်အချိန်ကို သတ်မှတ်ရမည်။ ထိုအချိန်သည် တိုင်ကြားစာ လက်ခံရရှိပြီးနောက် တိုင်ကြားသူထံမှ ပြည့်စုံစွာကြားနာပြီးသည့်အချိန်မှစ၍ ရက်သတ္တ ၄ ပတ်ထက်မပိုစေရ။

၅၈။ တိုင်ကြားမှုကို ပယ်ချခြင်းမပြုပါက ခုံအဖွဲ့မှ အောက်ဖော်ပြပါ နည်းလမ်းတစ်ရပ်ရပ်ကို ချမှတ်ကျင့်သုံးနိုင်သည် -

(က) ဝယ်ယူသည့် ဌာနအဖွဲ့အစည်း၏ ဥပဒေနှင့်မလျော်ညီစွာ ဆုံးဖြတ်ခြင်း သို့မဟုတ် ပြုမူခြင်း သို့မဟုတ် ဥပဒေနှင့် မလျော်ညီသော လုပ်ထုံးလုပ်နည်းအား ကျင့်သုံးခြင်းတို့ကို တားမြစ်ခြင်း၊

(ခ) ဝယ်ယူသည့် ဌာနအဖွဲ့အစည်း၏ ဝယ်ယူခြင်းဆိုင်ရာစာချုပ်ကို အသက်ဝင်မှုရှိရန် ဆုံးဖြတ်ချက်မှအပ ဥပဒေနှင့် မလျော်ညီသော ဆုံးဖြတ်ချက် သို့မဟုတ် အပြုအမူတစ်ခုလုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်းကို ပယ်ဖျက်ခြင်း၊

(ဂ) ဤဥပဒေအရထုတ်ပြန်သည့် နည်းဥပဒေတွင် သတ်မှတ်ဖော်ပြထားသည့် အခြားသော အရေးယူမှုနည်းလမ်းများ။

၅၉။ ခုံအဖွဲ့၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

## အခန်း(၁၄)
## တားမြစ်ချက်နှင့် စီမံခန့်ခွဲရေးပြစ်ဒဏ်များ

၆၀။ တင်ဒါတင်သွင်းသူသည် အောက်ဖော်ပြပါ ကိစ္စရပ်များတွင် ကိုယ်တိုင်ဆောင်ရွက်ခြင်း သို့မဟုတ် ပူးပေါင်းဆောင်ရွက်ခြင်း သို့မဟုတ် အားပေးကူညီခြင်းမပြုရ -

(က) လာဘ်ပေးလာဘ်ယူမှုပြုလုပ်ရန်အတွက် ကမ်းလှမ်းခြင်း၊

(ခ) ဝယ်ယူမှုလုပ်ငန်းစဉ် သို့မဟုတ် စာချုပ်အကောင်အထည်ဖော်မှုကို လွှမ်းမိုးစေရန် ရည်ရွယ်၍ အချက်အလက်များ မမှန်မကန်လိမ်လည်ဖော်ပြခြင်းကဲ့သို့ လိမ်လည်မှု၊

(ဂ) ဝယ်ယူသည့်ဌာနအဖွဲ့အစည်း၏ လွတ်လပ်၍ ပွင့်လင်းမြင်သာသော ယှဉ်ပြိုင်မှုကို သွေဖည်စေရန် ဈေးပြိုင်ရာတွင် မဖြစ်နိုင်သော၊ သဘာဝမကျသော တင်ဒါဈေးနှုန်းသတ်မှတ်၍ တင်ဒါတင်သွင်းသူများအချင်းချင်း တင်ဒါမတင်သွင်းမီ သို့မဟုတ် တင်ဒါတင်သွင်းပြီးနောက် ပူးပေါင်းဆောင်ရွက်မှု။

၆၁။ တင်ဒါတင်သွင်းသူသည် အောက်ပါကိစ္စရပ်များအား ဖောက်ဖျက်ခြင်း သို့မဟုတ် ကျူးလွန်ခြင်း မပြုရ -

(က) တင်ဒါစာရွက်စာတမ်းပါ စည်းကမ်းချက်များအရ တင်ဒါအောင်မြင်သူက စာချုပ်တွင် လက်မှတ်ရေးထိုးရန် ငြင်းဆန်ခြင်း သို့မဟုတ် လုပ်ငန်းအာမခံကြေးအား ပြင်ဆင်ခြင်း၊

(ခ) ဝယ်ယူသည့်ဌာနအဖွဲ့အစည်း၏ တင်ဒါအောင်မြင်သူနှင့် စာချုပ်ချုပ်ဆိုရန် ဆုံးဖြတ်ချက်အား လွှမ်းမိုးစေရန် ရည်ရွယ်ချက်ဖြင့် တင်ဒါတွင် အချက်အလက်များ မှားယွင်းဖော်ပြခြင်း၊

(ဂ) အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ သို့မဟုတ် ယှဉ်ပြိုင်မှုဥပဒေ သို့မဟုတ် ငွေကြေးဆိုင်ရာ ပြစ်မှုဥပဒေ တစ်ရပ်ရပ်အရ တရားစွဲဆိုခံရခြင်းနှင့် ပြစ်ဒဏ်ချမှတ်ခံရခြင်း၊

(ဃ) တင်ဒါလုပ်ငန်းစဉ်တွင် တစ်ဆင့်ခံ လုပ်ကိုင်သည့်ကန်ထရိုက်တာအနေဖြင့် ပါဝင်ခြင်းမဟုတ်ဘဲ တင်ဒါတစ်ခုထက်ပို၍ တင်သွင်းခြင်း၊

(င) ကန့်သတ်မှုမရှိသောတင်ဒါ ပါဝင်ယှဉ်ပြိုင်ရာတွင် အခြားတစ်ဦးတစ်ယောက်၏ အမည်ကို အသုံးပြုခြင်း သို့မဟုတ် ၎င်း၏ အမည်ကို အခြားတစ်ယောက်မှ အသုံးပြုရန် ခွင့်ပြုခြင်း။

၆၂။ တင်ဒါတင်သွင်းသူသည် ပုဒ်မ ၆၀ နှင့် ပုဒ်မ ၆၁ ပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ပါက တင်ဒါကော်မတီမှ အောက်ပါအတိုင်း အရေးယူခြင်းခံရမည်-

(က) ဝယ်ယူရေးလုပ်ငန်းစဉ်မှ ထုတ်ပယ်ခြင်း၊

(ခ) ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့်အချိန် ကာလတစ်ခုအထိ အစိုးရ၏တင်ဒါလုပ်ငန်းစဉ်များတွင် ပါဝင်ယှဉ်ပြိုင် ခွင့်မပြု ခြင်း၊

၆၃။ မည်သူမဆို အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ၊ ယှဉ်ပြိုင်မှုဥပဒေ သို့မဟုတ် ပြစ်မှုဆိုင်ရာဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်အား ဖောက်ဖျက်လျှင် ပြစ်မှုကြောင်းအရ အရေးယူခံရမည်။

## အခန်း(၁၅)
## အထွေထွေ

၆၄။ အောက်ဖော်ပြပါ ကိစ္စရပ်များသည် ဤဥပဒေနှင့် အကျုံးဝင်ခြင်းမရှိစေရ-

(က) နိုင်ငံတော်၏ ကာကွယ်ရေးနှင့် အမျိုးသားလုံခြုံရေးအတွက် လျှို့ဝှက်ဆောင်ရွက်ရန် လိုအပ်သော အစိုးရ၏ဝယ်ယူခြင်းဆိုင်ရာ ကိစ္စရပ်များ၊

(ခ) ပညာသင်ဆုများ၊ သင်တန်းများ၊ ဆွေးနွေးပွဲများ သို့မဟုတ် အလားတူကိစ္စရပ်များတွင် ပါဝင်ဆောင်ရွက်မှုများ၊

(ဂ) ပြည်သူ့ဝန်ထမ်းများ ခန့်ထားခြင်းနှင့် ယာယီကန်ထရိုက်လုပ်သားများ ငှားရမ်းခြင်းဆိုင်ရာကိစ္စရပ်များ၊

(ဃ) မြေနှင့် လက်ရှိအဆောက်အအုံများ ဝယ်ယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်း၊

(င) ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သီးခြားလုပ်ထုံးလုပ်နည်းများအား လိုက်နာကျင့်သုံးရမည့် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများ၊

၆၅။ မည်သူမဆို စီမံခန့်ခွဲမှုနည်းလမ်းအရ အရေးယူခြင်းခံရစေကာမူ ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ တရားစွဲဆိုအရေးယူမှုမှ ပိတ်ပင်ခြင်း မရှိစေရ။

၆၆။ ဝယ်ယူသည့်ဌာန အဖွဲ့အစည်းသည် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားသော အခြေအနေများအရ ယင်းတို့၏ လိုအပ်ချက်အပေါ်မူတည်၍ အစိုးရစက်ရုံများနှင့် အစိုးရဝန်ဆောင်မှုလုပ်ငန်းများမှ တိုက်ရိုက်ဝယ်ယူနိုင်သည်။

၆၇။ အစိုးရ၏ဝယ်ယူခြင်းနှင့် ပုံသေပိုင်ပစ္စည်းများ ထုခွဲခြင်းလုပ်ငန်း ဆောင်ရွက်မှုများကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စာရင်းစစ်ဆေးမှုခံယူရမည်။

၆၈။ ဝယ်ယူခြင်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်ရာတွင် မလွှန်ဆန်နိုင်သော ဖြစ်ရပ်များ ပေါ်ပေါက်လာပါက သက်ဆိုင်ရာ ဝန်ကြီးဌာန၏ ခွင့်ပြုချက်နှင့် တင်ဒါအောင်မြင်သူ၏ သဘောတူညီချက်ဖြင့် စာချုပ်အား ပြင်ဆင်နိုင်သည်။

၆၉။ အစိုးရ၏ဝယ်ယူခြင်းနှင့် ပုံသေပိုင်ပစ္စည်းများ ထုခွဲခြင်းလုပ်ငန်းများနှင့် သက်ဆိုင်သည့် ကိစ္စရပ်များတွင် ဤဥပဒေနှင့် အခြားသောဥပဒေ သို့မဟုတ် နည်းဥပဒေများ၊ အမိန့် သို့မဟုတ် အမိန့်ကြော်ငြာစာများအကြား ဆန့်ကျင်ကွဲလွဲချက်ရှိပါက ဤဥပဒေပါပြဋ္ဌာန်းချက်များအရသာ လိုက်နာဆောင်ရွက်ရမည်။

၇၀။ ဤဥပဒေ စတင်အာဏာမတည်မီ ဆောင်ရွက်ခဲ့သည့် အစိုးရ၏ ဝယ်ယူခြင်းနှင့် ပုံသေပိုင်ပစ္စည်းများထုခွဲခြင်းလုပ်ငန်းဆောင်ရွက်မှုများအားလုံးကို အစိုးရဌာန၊ အဖွဲ့အစည်းများ၏ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများ ဆောင်ရွက်ရာတွင် လိုက်နာရမည့် တင်ဒါလုပ်ထုံးလုပ်နည်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်သော ကန်ထရိုက်စနစ်ဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် လိုက်နာကျင့်သုံးရမည့် လုပ်ငန်းလမ်းညွှန်တို့တွင် ပြဋ္ဌာန်းထားသည်နှင့်အညီ ဆောင်ရွက်ရမည်။

၇၁။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(အောက်တိုဘာလ ၂၉ ရက်၊ ကမ္ဘာ့လေဖြတ်ရောဂါကာကွယ်ရေးနေ့ အထိမ်းအမှတ်)

# ဆေးရွက်ကြီးနှင့် လေဖြတ်ခြင်းအန္တရာယ်

ဒေါက်တာစိမ်းမြမြအေး (ဦးနှောက်နှင့် အာရုံကြောရောဂါအထူးကုဆရာဝန်)

**ကမ္ဘာ့လေဖြတ်ရောဂါကာကွယ်ရေးနေ့**
(World Stroke Day)

ကမ္ဘာ့လေဖြတ်ရောဂါကာကွယ်ရေးအဖွဲ့ (World Stroke Organization) က အောက်တိုဘာလ ၂၉ ရက်နေ့ကို ကမ္ဘာ့လေဖြတ်ရောဂါကာကွယ်ရေးနေ့အဖြစ် သတ်မှတ်ထားပါသည်။ လေဖြတ်ရောဂါကာကွယ်၊ ကုသခြင်း၊ လေဖြတ်ပြီး ပြန်လည်ထူထောင်လေ့ကျင့်ခြင်းတို့နှင့်သက်ဆိုင်သော ဆောင်ပုဒ်များကို နှစ်စဉ်သတ်မှတ်ကာ လူထုပညာပေးလှုပ်ရှားမှုများကို ကမ္ဘာ့နိုင်ငံအသီးသီး၌ အောက်တိုဘာလ ၂၉ ရက်နေ့တွင် ပြုလုပ်လေ့ရှိပါသည်။

မြန်မာနိုင်ငံတွင်လည်း လေဖြတ်ရောဂါနှင့်ပတ်သက်၍ လူအများ ပိုမိုသတိပြုမိလာစေရန်ရည်ရွယ်၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆရာဝန်အသင်း၊ ဦးနှောက်နှင့် အာရုံကြောဆေးပညာအဖွဲ့က ကြီးမှူးပြီး ကမ္ဘာ့လေဖြတ်ရောဂါကာကွယ်ရေးနေ့ အခမ်းအနားများ နှစ်စဉ်ကျင်းပကာ လူထုပညာပေးလုပ်ငန်းများကို ၂၀၀၉ ခုနှစ်မှစ၍ ပြုလုပ်ခဲ့ပါသည်။

ယခုနှစ် လေဖြတ်ရောဂါကာကွယ်ရေးအထိမ်းအမှတ်အခမ်းအနားကို အောက်တိုဘာလ ၁၉ ရက်နေ့တွင် ရှမ်းပြည်နယ် တောင်ကြီးမြို့၌ ကျင်းပခဲ့ပြီး လူထုပညာပေးဟောပြောခြင်း၊ စုပေါင်းလမ်းလျှောက်ခြင်းတို့ကို ပြုလုပ်ခဲ့ပါသည်။

**လေဖြတ်ရောဂါဖြစ်ပွားနှုန်းမြင့်မားလာခြင်း**

လေဖြတ်ရောဂါသည် မကူးစက်တတ်သော ရောဂါများအနက် ဒုတိယ အသေအပျောက်အများဆုံး ရောဂါဖြစ်သည်။ နှစ်စဉ် ကမ္ဘာ့လူဦးရေ ၁၅ သန်းခန့်မှာ လေဖြတ်ရောဂါကို ခံစားကြရပြီး ၎င်းတို့အနက် သုံးပုံတစ်ပုံမှာ အသက်အန္တရာယ်ဆုံးရှုံးနေကြရသည်။ အသက်အန္တရာယ်ဆုံးရှုံးသူများ၏ ၈၀ ရာခိုင်နှုန်းခန့်မှာ ဝင်ငွေနည်းပါးသည့် ဖွံ့ဖြိုးဆဲနိုင်ငံများမှ ဖြစ်ပါသည်။

သုတေသနတွေ့ရှိချက်များအရ ကမ္ဘာတစ်ဝန်း လေဖြတ်ရောဂါဖြစ်ပွားနှုန်းမှာ ပိုမိုမြင့်မားလာသည့်အတွက် ယခင်နှစ်များက လူ ခြောက်ဦးလျှင် တစ်ဦးသည် လေဖြတ်ရောဂါဖြစ်နိုင်သည်ဟုဆိုရာမှ ယခုနှစ်တွင် လူ လေးဦးလျှင် တစ်ဦးဖြစ်နိုင်သည်ဟု ကမ္ဘာ့လေဖြတ်ရောဂါကာကွယ်ရေးအဖွဲ့က ထုတ်ပြန်ထားပါသည်။

လေဖြတ်ရောဂါကုထုံးများ မည်သို့ပင် ခေတ်မီတိုးတက်လာစေကာမူ လေဖြတ်ရောဂါခံစားရသည့် လူနာဦးရေမှာ တစ်နှစ်ထက်တစ်နှစ် မြင့်မားလာသဖြင့် စိုးရိမ်စရာအခြေအနေ ဖြစ်လာပါသည်။

**မြန်မာနိုင်ငံ၏ လေဖြတ်ရောဂါဖြစ်ပွားနှုန်း**

အခြားဖွံ့ဖြိုးဆဲနိုင်ငံများနည်းတူ မြန်မာနိုင်ငံသည်လည်း လေဖြတ်ရောဂါဖြစ်ပွားနှုန်း များပြားလာသည့်နိုင်ငံတစ်ခုဖြစ်နေပါသည်။ ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ကျန်းမာရေးအသုံးစရိတ်နည်းပါးခြင်း၊ လူ့စွမ်းအားအရင်းအမြစ်ရှားပါးမှု၊ နည်းပညာ၊ စက်ပစ္စည်းကိရိယာမပြည့်စုံမှု စသည်ဖြင့် အဘက်ဘက်တွင် အားနည်းချက်များ၊ လိုအပ်ချက်များ ရှိနေသေးသဖြင့် လေဖြတ်ရောဂါကာကွယ်၊ ကုသရေးလုပ်ငန်းများကို ထိရောက်စွာ လုပ်ဆောင်ရာတွင် အခက်အခဲများစွာ ရှိနေပါသေးသည်။ သို့သော် မိမိတိုင်းပြည်၏ အခြေအနေ၊ အချိန်အခါပေါ်မူတည်၍ အားလုံးဝိုင်းဝန်းကြိုးစားမှသာလျှင် လေဖြတ်ရောဂါဖြစ်ပွားနှုန်း ကျဆင်းလာမည် ဖြစ်ပါသည်။

လေဖြတ်ရောဂါသည် အသက်အရွယ်ကြီးသောသူများတွင် ပိုမိုဖြစ်ပွားလေ့ရှိသော်လည်း မြန်မာနိုင်ငံတွင် ကျန်းမာရေးနှင့်ညီညွတ်စွာ နေထိုင်မှုနှင့် စားသောက်မှု အားနည်းသဖြင့် အသက်ငယ်ရွယ်သောသူများတွင် လေဖြတ်နှုန်း တစ်နှစ်ထက်တစ်နှစ် မြင့်မားလာသည်ကို တွေ့ရှိရပါသည်။ သုတေသနတွေ့ရှိချက်အရ ရန်ကုန်ပြည်သူ့ဆေးရုံကြီးနှင့် ပုဂ္ဂလိကဆေးရုံများသို့ ဆေးရုံတက်ရသော လေဖြတ်ရောဂါလူနာ၏ ၅၀ ရာခိုင်နှုန်းမှာ အသက် ၆၀ အောက် လူများဖြစ်နေသည်ကို ထိတ်လန့်ဖွယ်ရာ တွေ့ရှိရပါသည်။ တိုင်းပြည်၏အဓိက ကာယ၊ ဉာဏလုပ်အားအရင်း အမြစ်ဖြစ်သော လူငယ်၊ လူလတ်ပိုင်းများတွင် လေဖြတ်ရောဂါဖြစ်ပွားနှုန်းများလာခြင်းသည် တိုင်းပြည်၏ တိုးတက်မှုကို ဟန့်တားစေနိုင်သည့် အဓိကအချက်တစ်ချက်ဖြစ်ကြောင်း သတိမူရမည်ဖြစ်ပါသည်။

**လေဖြတ်ခြင်း၏ အဓိကအကြောင်းများ**

လေဖြတ်ရောဂါသည် မဖြစ်ခင် ကြိုတင်ကာကွယ်၍ရသော ရောဂါတစ်ခုဖြစ်ပါသည်။ မိမိကိုယ်တိုင် အသိ၊ သတိရှိစွာဖြင့် ကျန်းမာအောင် နေထိုင်စားသောက်လျှင် လေဖြတ်ရောဂါမဖြစ်အောင် ကာကွယ်နိုင်ပါသည်။




လေဖြတ်ခြင်းကိုဖြစ်စေသော အဓိကအကြောင်းများမှာ–

(၁) သွေးတိုးရောဂါရှိခြင်း
(၂) ဆီးချို၊ သွေးချိုရောဂါရှိခြင်း
(၃) သွေးတွင်းအဆီဓာတ်များခြင်း
(၄) နှလုံးခုန်မမှန်ခြင်း၊ နှလုံးရောဂါရှိခြင်း
(၅) အဝလွန်ခြင်း
(၆) ဆေးလိပ်သောက်ခြင်း၊ ဆေးရွက်ကြီးသုံးစွဲခြင်း (ဆေးရွက်ကြီးထည့်၍ ကွမ်းစားခြင်း၊ ဆေးရွက်ကြီး ငုံခြင်း)
(၇) အရက်အလွန်အကျွံသောက်ခြင်း
(၈) ကျန်းမာရေးနှင့်မညီညွတ်သော အစားအစာကို စားသောက်ခြင်း
(၉) ကိုယ်လက်လှုပ်ရှားမှုနည်းခြင်း၊ အားကစားမလုပ်ခြင်း

**ရည်ရွယ်ချက်**

ဆေးလိပ်သောက်ခြင်းသည် နှလုံးရောဂါ၊ ကင်ဆာရောဂါနှင့် လေဖြတ်ခြင်းကို ဖြစ်စေနိုင်သည်ဟု လူအများသိရှိကြသော်လည်း ဆေးရွက်ကြီးထည့်၍ ကွမ်းစားခြင်းသည်လည်း လေဖြတ်နိုင်သော အကြောင်းတစ်ခုဖြစ်ကြောင်းကို သိရှိမှုနည်းပါးသည်ကို တွေ့ရှိရပါသည်။

လူငယ်၊ လူလတ်ပိုင်းများတွင် လေဖြတ်ရခြင်း၏ အကြောင်းရင်းတစ်ခုမှာ ဆေးလိပ်သောက်ခြင်းနှင့် ဆေးရွက်ကြီးထည့်၍ ကွမ်းစားခြင်းတို့ကြောင့် ဖြစ်သည်။

ယခုအခါ တောရော မြို့ပါ ဆေးရွက်ကြီးထည့်၍ ကွမ်းစားကြသည့် လူကြီး၊ လူငယ် အရေအတွက် ပိုမိုများပြားလာသည်ကို တွေ့ရှိရသည့်အတွက် ဆေးရွက်ကြီးကြောင့် လေဖြတ်ခြင်းအန္တရာယ်ကို သိရှိကြစေရန် ရည်ရွယ်၍ ဤဆောင်းပါးကို ရေးရခြင်းဖြစ်ပါသည်။

**ဆေးရွက်ကြီးသုံးစွဲမှုအမျိုးအစား**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (World Health Organization) က ဆေးရွက်ကြီးသုံးစွဲမှုအမျိုးအစားများကို အောက်ပါအတိုင်း သတ်မှတ်ထားပါသည်။

(၁) **ဆေးလိပ်သောက်ခြင်း** (Smoked tobacco)
ဆေးပြင်းလိပ်၊ ဆေးရွက်ကြီးပါဝင်သော ဆေးပေါ့လိပ်နှင့် စီးကရက် စသည်တို့၏ မီးခိုး/အငွေ့ကိုရှူ၍သုံးစွဲခြင်း။

(၂) **ဆေးရွက်ကြီးစားသုံးခြင်း**(Smokeless tobacco)
ဆေးရွက်ကြီးကို အမှုန့်ဖြစ်စေ၊ အရွက်လိုက်ဖြစ်စေ၊ အပိုင်းအစဖြစ်စေ ပါးစောင်တွင်ငုံ၍လည်းကောင်း၊ ဝါး၍လည်းကောင်း၊ နှာခေါင်းတွင်ထည့်၍လည်းကောင်း သုံးစွဲခြင်း။

**ဆေးလိပ်သောက်ခြင်းနှင့် လေဖြတ်ခြင်းအန္တရာယ်**

ဆေးလိပ်သောက်ခြင်းကြောင့် ဆေးရွက်ကြီးတွင် ပါဝင်သော နီကိုတင်း၊ ကာဗွန်မိုနောက်ဆိုက်နှင့် ဓာတ်ပြုအငွေ့များသည် အဆုတ်မှတစ်ဆင့် သွေးထဲသို့ရောက်ရှိပြီး သွေးကြောနံရံများကို ပျက်စီးစေသဖြင့် လေဖြတ်ခြင်းအန္တရာယ်ကို ဖြစ်စေပါသည်။

**ဆေးရွက်ကြီးစားသုံးခြင်းနှင့် လေဖြတ်ခြင်းအန္တရာယ်**

ဆေးရွက်ကြီးငုံခြင်း၊ ဝါးခြင်းတို့ကြောင့် ဆေးရွက်ကြီးတွင် အဓိကပါဝင်သော နီကိုတင်းဓာတ်နှင့် အန္တရာယ်ရှိသော အခြားဓာတ်ပစ္စည်းများသည် ခံတွင်းနှင့် နှာခေါင်းအမြှေးလွှာ၊ အစာအိမ်နံရံမှတစ်ဆင့် သွေးကြောထဲရောက်ရှိပြီး သွေးပေါင်ချိန်မြင့်ခြင်း၊ နှလုံးခုန်နှုန်းမြန်ခြင်းတို့ကို ဖြစ်ပွားစေသည်သာမက ဦးနှောက်သွေးကြောများကို ကျုံ့စေခြင်း၊ ရေရှည်တွင် သွေးတိုးရောဂါဖြစ်လာခြင်း၊ ခန္ဓာကိုယ်တွင် ကောင်းသောအဆီဓာတ်များကိုနည်းစေ၍ မကောင်းသော အဆီဓာတ်များကိုများစေခြင်း၊ ဆီးချို၊ သွေးချို ဖြစ်ပွားစေခြင်းတို့ကိုဖြစ်စေပါသည်။ အမေရိကန်နိုင်ငံ၊ ဆွီဒင်နှင့် အိန္ဒိယ စသည့်နိုင်ငံများတွင် ပြုလုပ်ထားသော သုတေသနများအရ ဆေးရွက်ကြီးစားသုံးခြင်းသည် လေဖြတ်ရောဂါကို ဖြစ်စေနိုင်သော အဓိကအကြောင်းရင်းတစ်ခုဖြစ်ကြောင်း တွေ့ရှိထားပါသည်။

**ကမ္ဘာတစ်ဝန်း ဆေးရွက်ကြီးစားသုံးခြင်းအခြေအနေ**

ကမ္ဘာ့လူဦးရေ ၇ ဒသမ ၇ ဘီလီယံအနက် သန်း ၃၀၀ ခန့်မှာ ဆေးရွက်ကြီးစားသုံးသည်ကိုတွေ့ရပြီး ၎င်းတို့အနက် ၈၉ ရာခိုင်နှုန်းမှာ အာရှနိုင်ငံများဖြစ်သည့် ဘင်္ဂလားဒေ့ရှ်၊ မြန်မာနှင့် အိန္ဒိယနိုင်ငံများတွင် နေထိုင်သူများ ဖြစ်ပါသည်။

အိန္ဒိယနိုင်ငံတွင် ဆေးရွက်ကြီးစားသုံးသူ ၂၀ ရာခိုင်နှုန်းရှိပြီး အမျိုးသားများနှင့် ကျေးလက်တွင် နေထိုင်သူများ ပိုမိုသုံးစွဲကြသည်ဟု ဆိုပါသည်။

ဆေးလိပ်နှင့်နှိုင်းယှဉ်ပါက ဈေးနှုန်းချိုခြင်း၊ ကျန်းမာရေးဆိုးကျိုးရှိသည်ကို မသိရှိကြခြင်းနှင့် လူငယ်အချင်းချင်း အတုခိုးခြင်းတို့မှာ ဆေးရွက်ကြီးစားသုံးမှု များပြားလာခြင်း၏ အဓိကအကြောင်းရင်းများဖြစ်သည်ကို တွေ့ရှိရပါသည်။

မြန်မာပြည်တွင် ဆေးရွက်ကြီးစားသုံးသူ မည်မျှရှိသည်ကို အတိအကျမသိသော်လည်း ပတ်ဝန်းကျင်၌ လူကြီး၊ လူငယ်မရွေး ဆေးရွက်ကြီးထည့်ပြီး ကွမ်းစားသူ အရေအတွက် များပြားလာသည်ဟုဆိုပါက လူတိုင်း လက်ခံကြလိမ့်မည်ထင်ပါသည်။

**ဆေးရွက်ကြီးစားသုံးမှုလျှော့ချခြင်း**

ဆေးလိပ်သောက်ခြင်းနှင့် ဆေးရွက်ကြီး စားသုံးခြင်းတို့ကို စနစ်တကျထိန်းချုပ်ရေးအတွက် အားလုံးဝိုင်းဝန်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။ ဒေသဆိုင်ရာ အုပ်ချုပ်သူအာဏာပိုင်များ၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ကျန်းမာရေးဝန်ထမ်းများနှင့် ပြည်သူများကိုယ်တိုင် မိမိလက်လှမ်းမီသလောက် ဆေးရွက်ကြီးသုံးစွဲမှုလျှော့ကျအောင် ဆောင်ရွက်နိုင်ပါသည်။

(က) **ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ဆောင်ရွက်ပေးနိုင်သည့် ဆေးရွက်ကြီးသုံးစွဲမှု လျှော့ချခြင်းလုပ်ငန်းများ**

- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့ပူးပေါင်း၍ မူလတန်းမှစ၍ တက္ကသိုလ်အထိ ဆေးရွက်ကြီးအန္တရာယ်ကို ကျောင်းသားလူငယ်များ သိရှိအောင် ပညာပေးသင်ခန်းစာများကို သင်ရိုးညွှန်းတမ်းတွင် ထည့်သွင်းသင်ကြားပေးခြင်း၊ ဆရာ ဆရာမများ၏ ကြီးကြပ်မှုဖြင့် ကျောင်းသားများကိုယ်တိုင် ဦးဆောင်၍ ဆေးလိပ်မသောက်ရေး၊ ဆေးရွက်ကြီးမသုံးစွဲရေးလှုပ်ရှားမှုများ လုပ်ဆောင်ခြင်း၊ တစ်ဦးတစ်ယောက်ချင်းမှတစ်ဆင့် မိမိပတ်ဝန်းကျင်မှ လူများပါဝင်လာအောင် စည်းရုံးလှုံ့ဆော်သည့် အလေ့အကျင့်များ ပျိုးထောင်ပေးခြင်း။
- လုပ်ငန်းခွင်တွင် အလျဉ်းသင့်သလို ဆေးရွက်ကြီးအန္တရာယ် ပညာပေးခြင်းများ လုပ်ဆောင်ခြင်း။
- အများနှင့်သက်ဆိုင်သောနေရာများ၊ ကျောင်းများ၊ တက္ကသိုလ်များတွင် ဆေးရွက်ကြီး ကင်းစင်သည့် ပတ်ဝန်းကျင် (tobacco – free – environment) ဖန်တီးပေးခြင်း၊ ဆေးလိပ်မသောက်ရသော နေရာများ (Smoke – free – zone) သတ်မှတ်သကဲ့သို့ ဆေးရွက်ကြီးစားသုံးမှု ကင်းစင်သည့်နေရာများ (Smokeless – tobacco – free – zone) သတ်မှတ်ခြင်း။
- ဆေးရွက်ကြီးသုံးစွဲသည့် အလေ့အထရှိသွားသူများကို ဆက်လက်သုံးစွဲခြင်းမှ ရှောင်ကြဉ်နိုင်ရန် တိုးတက်ပြီးနိုင်ငံများမှာကဲ့သို့ပင် ဆေးရွက်ကြီးနှင့် ဆေးလိပ်ဖြတ်ပေးသည့် အဖွဲ့အစည်းများ၊ အကူအညီပေးသည့် ဆက်သွယ်ရေးစနစ်များ (ဥပမာ – help lines, hot lines)တည်ထောင်ပေး၍ ကူညီခြင်း။

(ခ) **ကျန်းမာရေးဝန်ထမ်းများက လုပ်ဆောင်ပေးနိုင်သော ဆေးရွက်ကြီး သုံးစွဲမှုလျှော့ချခြင်း လုပ်ငန်းများ**

- ပြည်သူများနှင့် အမြဲထိတွေ့ခွင့်ရသော ကျန်းမာရေးဝန်ထမ်းများအနေဖြင့်လည်း မိမိပတ်ဝန်းကျင်၌ ထိတွေ့နေသော ဆေးရွက်ကြီး သုံးစွဲသူများနှင့် ၎င်းတို့၏ မိသားစုဝင်များကိုဆေးရွက်ကြီးအန္တရာယ်ပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း။

(ဂ) **မီဒီယာများက လုပ်ဆောင်ပေးနိုင်သည့် ဆေးရွက်ကြီးသုံးစွဲမှုလျှော့ချခြင်း လုပ်ငန်းများ**

- ဆက်သွယ်ရေးစနစ်များ လျှင်မြန်စွာတိုးတက်နေသော ယနေ့ခေတ်တွင် မီဒီယာများ၏ စွမ်းဆောင်နိုင်မှု အခန်းကဏ္ဍသည် အလွန်အရေးကြီးလှပါသည်။
- ဆေးလိပ်နှင့် ဆေးရွက်ကြီးအန္တရာယ်များကို လူအများသိရှိအောင် သတင်းစာ၊ ဂျာနယ်၊ စာစောင်၊ လူမှုကွန်ရက် (ဥပမာ–Facebook) နှင့် သတင်းဌာနများမှတစ်ဆင့် ပညာပေးဆောင်ပုဒ်များ၊ ဆောင်းပါးများကို အပတ်စဉ်၊ လစဉ်၊ အထိမ်းအမှတ်အခမ်းအနားနေ့များတွင် အလျဉ်းသင့်သလို ဖော်ပြပေးခြင်း။

စာမျက်နှာ ၁၈ သို့ ❖

❖ **ဆေးလိပ်သောက်ခြင်းသည် နှလုံးရောဂါ၊ ကင်ဆာရောဂါနှင့် လေဖြတ်ခြင်းကို ဖြစ်စေနိုင်သည်ဟု လူအများသိရှိကြသော်လည်း ဆေးရွက်ကြီးထည့်၍ ကွမ်းစားခြင်းသည်လည်း လေဖြတ်နိုင်သော အကြောင်းတစ်ခုဖြစ်ကြောင်း သိရှိမှုနည်းပါး**

❖ **လူငယ်၊ လူလတ်ပိုင်းများတွင် လေဖြတ်ရခြင်း၏ အကြောင်းရင်း တစ်ခုမှာ ဆေးလိပ်သောက်ခြင်းနှင့် ဆေးရွက်ကြီးထည့်၍ ကွမ်းစားခြင်းတို့ကြောင့်ဖြစ်**

## ရန်ကုန်မြို့ရှိ အတွင်းဝန်များရုံး အများပြည်သူများအား ဖွင့်လှစ်ပြသ

**ရန်ကုန် အောက်တိုဘာ၂၈**

ရန်ကုန်မြို့ သိမ်ဖြူလမ်းမပေါ်ရှိ ကိုလိုနီခေတ်အထင်ကရ အဆောက်အအုံကြီးတစ်ခုဖြစ်သည့် အတွင်းဝန်များရုံး (ယခင်ဝန်ကြီးများရုံး) ကို အများပြည်သူများအား ဖွင့်လှစ်ပြသနိုင်သောအခြေအနေသို့ရောက်ရှိလာပြီဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအနေဖြင့် အဆိုပါ ကိုလိုနီခေတ်လက်ရာ အတွင်းဝန်များရုံးကို ပြုပြင်ပြီး ပြည်တွင်းဧည့်သည်များအတွက်သာမက ပြည်ပခရီးသွားများကိုပါ ဆွဲဆောင်ကာ ပြသသွားရန်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

အဆိုပါ အတွင်းဝန်များရုံးကို အများပြည်သူများ ကြည့်ရှုလေ့လာနိုင်ရန်အတွက် နေ့စဉ်နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ ဖွင့်လှစ်ထားကြောင်း၊ မြေညီထပ်နှင့် ပထမထပ်နေရာကို အခမဲ့ပြသထားကြောင်း၊ သို့သော် ကန့်သတ်နယ်မြေများအတွင်း ဝင်ရောက်ကြည့်ရှုလေ့လာလိုပါက အခကြေးငွေပေးဆောင်ရကြောင်း၊ နိုင်ငံသားများအတွက် လူကြီး ကျပ် ၃၀၀၀၊ ကျောင်းသား ကျောင်းသူ ကျပ် ၁၀၀၀၊ နိုင်ငံခြားသားများအတွက် လူကြီး ၁၀ ဒေါ်လာ သို့မဟုတ် ကျပ် ၁၅၀၀၀၊ ၁၂ နှစ်အောက်ကလေး ၅ ဒေါ်လာ သို့မဟုတ် ကျပ် ၈၀၀၀၊ အသက်လေးနှစ်အောက်ကလေးများကိုမူ အခမဲ့ဖြစ်ကြောင်း ဝင်ကြေးဖြင့် ကြည့်ရှုလေ့လာရာတွင် ဧည့်လမ်းညွှန်များက လိုက်လံရှင်းလင်းပြသပေးကြောင်း၊ နေ့စဉ်လူပေါင်း ၄၀၀ မှ ၅၀၀ အထိ လာရောက်လည်ပတ်လျက်ရှိကြောင်း သိရသည်။

**မြင့်မောင်စိုး**

## မီးသတ်တပ်ဖွဲ့ဝင်များ အဆင့်မြင့်မီးသတ်ယာဉ်ဖြင့် လေ့ကျင့်

**ရန်ကုန် အောက်တိုဘာ ၂၈**



ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် မီးသတ်စခန်းတွင် အောက်တိုဘာ ၂၁ ရက် နံနက် ၈ နာရီက နိုင်ငံတကာအဆင့်မီ Hydraulic Platform Vehicle 48 meter ယာဉ်ဖြင့် ကျောက်တံတားနှင့် စမ်းချောင်းမြို့နယ်တို့မှ မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းလေ့ကျင့်ကြသည်။

အဆိုပါယာဉ်မှာ ပိုလန်နိုင်ငံမှ ထုတ်လုပ်ပြီး အမြင့် ၄၈ မီတာရှိရာ မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးတွင် အသုံးပြုနိုင်မည်ဖြစ်သည်။ ၎င်းယာဉ်ကို မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်တွင် တစ်စီး၊ ရန်ကုန်တိုင်းဒေသကြီးတွင် နှစ်စီး၊ မန္တလေးတိုင်းဒေသကြီးတွင် တစ်စီး ထားရှိပြီး မီးငြိမ်းသတ်ရေးနှင့် ရှာဖွေ ကယ်ဆယ်ရေးလုပ်ငန်းများ အတွက် အသုံးပြုရန်ဖြစ်ကြောင်း သိရသည်။

**အောင်သူရ**

## သတင်းလမ်းညွှန်

**သန်းဇော်မင်း(ပြန်/ဆက်) စုစည်းတင်ပြသည်**

### စာစီစာကုံးပြိုင်ပွဲကျင်းပမည်

အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ်အကြို စာစီစာကုံးပြိုင်ပွဲကို မန္တလေးခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ လူထုအခြေပြုဗဟိုဌာနခန်းမ၌ အောက်တိုဘာ ၂၉ ရက် နံနက် ၉ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

### သဘင်အစည်းအရုံးဖလား ဘောလုံးပြိုင်ပွဲကျင်းပမည်

မန္တလေးတိုင်းဒေသကြီး သဘင်အစည်းအရုံးနှင့် မန္တလေးတိုင်းဒေသကြီး သဘင်လူမှုကူညီစောင့်ရှောက်ရေးကော်မတီတို့ ကြီးမှူးကျင်းပမည့် သဘင်အစည်းအရုံးဖလားဘောလုံးပြိုင်ပွဲကို မန္တလေးမြို့ မဟာအောင်မြေမြို့နယ်ရှိ အောင်မြေမန္တလာဘောလုံးကွင်း၌အောက်တိုဘာ ၃၀ ရက် နှင့် ၃၁ ရက်တို့တွင် ကျင်းပသွားမည်ဖြစ်ပြီး ဂီတကွန်ရက် (သဘင်) မန္တလေးအသင်း၊ Price City FC အသင်း၊ ပရဟိတရွှေလက်အသင်းနှင့် မန္တလေးလူရွှင်တော်များအသင်းတို့ ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

### မန္တလေးတောင်ပန်းချီပြခန်းတွင် တစ်ကိုယ်တော် ပန်းချီပြပွဲ ကျင်းပမည်

ပန်းချီဆရာ လူမော်၏ ပဉ္စမအကြိမ် တစ်ကိုယ်တော် ပန်းချီပြပွဲကို နိုဝင်ဘာ ၁ ရက် မှ ၃ ရက်ထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ မန္တလေးတောင်ပန်းချီပြခန်းတွင် ကျင်းပသွားမည်ဖြစ်ပြီး မည်သူမဆို အခမဲ့လာရောက်လေ့လာနိုင်ကြောင်း သိရသည်။

### ကုန်သွယ်မှုအခြေခံသင်တန်း ဖွင့်လှစ်မည်

ပို့ကုန်၊ သွင်းကုန်လုပ်ငန်းလုပ်ကိုင်လိုသူများအတွက် ကုန်သွယ်မှုအခြေခံသင်တန်းကို မန္တလေးမြို့ ၃၅လမ်း၊ ၆၃-၆၄လမ်းကြားရှိ ပို့ကုန်သွင်းကုန်ရုံး၌ နိုဝင်ဘာ ၁ ရက်တွင် ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

### စားသောက်ကုန်ထုတ်လုပ်နည်းသင်တန်း ဖွင့်မည်

မန္တလေးမြို့တွင် စားသောက်ကုန်များကို ကိုယ်ပိုင်စီးပွားဖြစ် ထုတ်လုပ်ရောင်းချလိုသူများအတွက် စားသောက်ကုန် ထုတ်လုပ်နည်းပညာသင်တန်းကို မန္တလေးမြို့ရှိ မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရုံးတွင် နိုဝင်ဘာ ၁ ရက် မှ ၈ ရက်ထိ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

### စာဖတ်ဝိုင်းကျင်းပမည်

အောင်မြေသာစံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း(Book Club) တို့ပူးပေါင်း၍ ဆရာမခင်လေးငယ်၏ မုန်တိုင်းနှင့် နိုင်ငံတကာဝတ္ထုများ စာအုပ်ဖြင့် စာဖတ်ဝိုင်းကို မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် နိုဝင်ဘာ ၁ ရက် နံနက်ပိုင်းတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အလားတူ စာရေးဆရာညီစေမင်း၏ ‘ဒါဖတ်ပြီးမှ…’ စာအုပ်ဖြင့် စာဖတ်ဝိုင်းကို မန္တလေးခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ လူထုအခြေပြုဗဟိုဌာန ခန်းမတွင် နိုဝင်ဘာ ၄ ရက် နံနက် ၁၀ နာရီတွင် ကျင်းပသွားမည် ဖြစ်ကြောင်းလည်း သိရသည်။

## ဂန့်ဂေါမြို့နယ် ရေရှင်ရွာတွင် အထက်တန်းကျောင်း(ခွဲ) အဆင့်တိုးမြှင့်ဖွင့်လှစ်



**ဂန့်ဂေါ အောက်တိုဘာ ၂၈**

ဂန့်ဂေါမြို့နယ် ရေရှင်ရွာ အခြေခံပညာ အလယ်တန်းကျောင်းမှ အထက်တန်းကျောင်း (ခွဲ) အဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ပွဲကို အောက်တိုဘာ ၂၆ ရက် နံနက် ၉ နာရီက အဆိုပါကျောင်းရှေ့၌ ကျင်းပသည်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးပြုံးလွင်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်းတို့က အမှာစကားပြောကြားကြပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်နှင်းခရေနိုင်က ကျောင်း၏ သမိုင်းကြောင်းကိုရှင်းလင်းတင်ပြသည်။

**စိန်ကျော်**

## တာလေမြို့၌ စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**တာချီလိတ် အောက်တိုဘာ ၂၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနက တောင်သူပညာပေး ဟောပြောပွဲကို အောက်တိုဘာ ၂၈ ရက် မွန်းလွဲပိုင်းက တာလေမြို့ ရန်အောင်ကျေးရွာ၌ ကျင်းပသည်။

ရှမ်းပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးတင်ဦးကြိုင်က (Good Agricultural Practices-GAP)အသိအမှတ်ပြုလက်မှတ်ရရှိရေးနှင့် ဈေးကွက်ခိုင်မာသည့် သီးနှံများ စိုက်ပျိုးစေရေး၊ ဒုတိယပြည်နယ်ဦးစီးမှူး ဦးတင်ဦးက မျိုးကောင်းမျိုးသန့်သုံးစွဲရေး၊ ခရိုင်ဦးစီးမှူး ဦးလှဝင်းက ပိုးသတ်ဆေး စနစ်တကျသုံးစွဲရေး၊ ခရိုင်မြေအသုံးချရေးဌာနခွဲမှ ဒေါ်မြဥမ္မာက မြေဩဇာအကျိုးရှိစွာသုံးစွဲရေး ပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**



အောက်တိုဘာ ၂၁ ရက်က ဥတ္တရသီရိမြို့နယ် တက်ရှိန်းကျေးရွာတွင် မုဒိမ်းမှုလျော့နည်းကျဆင်းရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ်များအကြောင်း တက်ရှိန်းနယ်မြေရဲစခန်းမှ ဒုရဲအုပ်အောင်ကျော်ဝင်း အသိပညာပေးဟောပြောစဉ်။ **အောင်ကို**

## ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်း ကျင်းပ

**တပ်ကုန်း အောက်တိုဘာ ၂၈**

တပ်ကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ ပူးပေါင်း၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို အောက်တိုဘာ ၂၇ ရက် မွန်းလွဲ ၁ နာရီက ညောင်ငါးပင်(တောင်)ကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်း၌ ကျင်းပသည်။

တပ်ကုန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင့်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဦးဇင်လင်းထက်၊ မြို့နယ်စက်မှုလယ်ယာဦးစီးဌာန ဦးစီးအရာရှိ ဦးဘိုမြင့်၊ မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးနန်းအောင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ခိုင်မျိုးဝင်းတို့က ဦးဆောင်ဆွေးနွေးပြီး မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးဌာန၊ မြို့နယ် လျှပ်စစ်အင်ဂျင်နီယာဌာနနှင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတို့မှ တာဝန်ရှိသူများက ဆက်လက်ဆွေးနွေးကြသည်။

ထို့နောက် ဒေသခံများ၏ မေးမြန်းချက်များကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် သက်ဆိုင်ရာ ဌာနတာဝန်ရှိသူများက ပြန်လည် ဆွေးနွေးဖြေကြားခဲ့ကြောင်း သိရသည်။

**တင်စိုးလွင် (ပြန်/ဆက်)**

## လေထုညစ်ညမ်းမှု လျှော့ချရေးအစီအစဉ်ဖြင့် ပုသိမ်မြို့မှ PCC စက်ဘီးစီးအဖွဲ့ မြောင်းမြမြို့သို့ ရောက်ရှိ

**မြောင်းမြ အောက်တိုဘာ ၂၈**

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် လေထုညစ်ညမ်းမှုလျှော့ချရေးကမ်ပိန်းတစ်ရပ်အဖြစ် ပုသိမ်မြို့မှ PCC (Pathein Cycling Club ) စက်ဘီးစီးအဖွဲ့သည် အောက်တိုဘာ ၂၇ ရက် နံနက် ၈ နာရီခွဲက မြောင်းမြမြို့သို့ ရောက်ရှိလာသည်။

"လေထုညစ်ညမ်းမှုလျှော့ချရေး ကမ်ပိန်းအနေနဲ့ ပုသိမ်-မြောင်းမြ ၃ နာရီခရီး စက်ဘီးစီးကြတာပါ။ စက်ဘီးစီးခြင်းဖြင့် ကျန်းမာရေးအတွက် အထောက်အကူဖြစ်သလို ပတ်ဝန်းကျင်ထိန်းသိမ်းမှုလည်းဖြစ်စေပါတယ်။ စက်ဘီးစီးအားကစားတစ်ရပ် ဖွံ့ဖြိုးတိုးတက်စေလိုပါတယ်" ဟု PCC စက်ဘီးစီးအဖွဲ့ဥက္ကဋ္ဌ ကိုမင်းသိမ်းက ပြောသည်။

အဆိုပါစက်ဘီးစီးအဖွဲ့ဝင်များသည် မြောင်းမြမြို့ ခုတင် ၂၀၀ ပြည်သူ့ဆေးရုံတွင် ဆေးရုံတက်လူနာများအတွက် အလှူငွေ ကျပ် ၁၀ သိန်းခန့်ကို ပင်းတယမီးအိမ်ရှင် ဒေါက်တာသန်းမင်းထွဋ်ထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**အောင်မင်း (မြောင်းမြ)**



## နမ့်စန်မြို့၌ ကျောင်းအခြေပြု မီနီမာရသွန်ပြိုင်ပွဲ ကျင်းပ

**နမ့်စန်(တ) အောက်တိုဘာ ၂၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ်တွင် ၂၀၁၉ ခုနှစ် ဆေးလိပ်ငွေ့ကင်းစင်ရှမ်းပြည်နယ်တစ်ခွင် ကျောင်းအခြေပြု မီနီမာရသွန်အပြေးပြိုင်ပွဲကို အောက်တိုဘာ ၂၇ ရက် နံနက် ၆ နာရီက မြို့နယ်ခန်းမရှေ့၌ ကျင်းပသည်။

မြို့နယ်ခန်းမရှေ့မှ နမ့်စန်မြို့အဝင် ဆိုင်းဘုတ်အထိ ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် အသွားအပြန် သုံးမိုင် ယှဉ်ပြိုင်စေခဲ့ပြီး နမ့်စန်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်အထက်တန်းကျောင်းတို့မှ ကျောင်းသား ကျောင်းသူ ၁၃၀၀ ခန့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

ဆုပေးပွဲအခမ်းအနားကို မြို့နယ်အားကစားရုံ၌ ကျင်းပခဲ့ရာ အကြီးတန်း(ကျား) ပြိုင်ပွဲတွင် ဆုရရှိသူများအား ရှမ်းပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းက ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ အငယ်တန်း(ကျား) ပြိုင်ပွဲတွင်ဆုရရှိသူများအား ရှမ်းပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ကျော်သိန်းကလည်းကောင်း၊ အကြီးတန်း(မ)ပြိုင်ပွဲတွင်ဆုရရှိသူများအားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးလွင်ကလည်းကောင်း၊ အငယ်တန်း(မ) ပြိုင်ပွဲတွင် ဆုရရှိသူများအား ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်လတ်ကလည်းကောင်း ဆုတံဆိပ်နှင့်ဂုဏ်ပြုဆုငွေများ အသီးသီးချီးမြှင့်ပေးခဲ့ကြသည်။

ပြိုင်ပွဲတွင် နှစ်သိမ့်ဆုရရှိသူများအား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးလင်းအောင်ဆွေ၊ ဦးစိုင်းလုံနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်တို့က ဂုဏ်ပြုဆုငွေများ ပေးအပ်ခဲ့သည်။ **သူရအောင်(ပြန်/ဆက်)**



## ကိုယ်ပိုင်ကျောင်းများ ချစ်ကြည်ရေးအားကစားပြိုင်ပွဲ ကျင်းပ

**ပြင်ဦးလွင် အောက်တိုဘာ၂၈**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ကိုယ်ပိုင်ကျောင်းများ ချစ်ကြည်ရေးအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၇ ရက် နံနက် ၉ နာရီက ပြင်ဦးလွင်ခရိုင်အားကစားကွင်း၌ ကျင်းပသည်။

တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မင်း၊ ခရိုင်ပညာရေးမှူး ကိုယ်ပိုင်ကျောင်းများပြိုင်ပွဲကျင်းပရေးဥက္ကဋ္ဌတို့က အဖွင့်အမှာစကားပြောကြားကာ အားကစားပြိုင်ပွဲအား ဖွင့်လှစ်ပေးသည်။

ဘောလုံး၊ ဘတ်စကက်ဘော၊ ပိုက်ကျော်ခြင်း၊ ပြေးခုန်ပစ်၊ ဖူဆယ် ပြိုင်ပွဲများကို အောက်တိုဘာ ၂၅ ရက်မှ နိုဝင်ဘာ ၁ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ **အောင်စံမောင်**

## ပေါင်းတည်မြို့တွင် ဖိတ်ခေါ်လက်ဝှေ့ပြိုင်ပွဲကျင်းပ

**ပေါင်းတည် အောက်တိုဘာ၂၈**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ် လက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးကျင်းပသော မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံကလပ်အသင်း ဖိတ်ခေါ်လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၅ ရက် ညနေ ၆ နာရီက မြို့နယ်အားကစားခန်းမ၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲများကိုအောက်တိုဘာ ၂၅ ရက်မှစ၍ ၂၆ ရက်အထိ ကျင်းပခဲ့ကြောင်း သိရသည်။

**တင်ဝင်းဇော်(မင်းသားကြီး)**






## မန္တလေးတောင်ခြေအားကစားကွင်း၌ မီနီမာရသွန် အမျိုးသား အမျိုးသမီး အပြေးပြိုင်ပွဲ ကျင်းပ

**မန္တလေး အောက်တိုဘာ၂၈**

အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် ပိုကာရီစွက်တို့ပူးပေါင်းကျင်းပသည့် ပိုကာရီစွက်မီနီမာရသွန်အမျိုးသား အမျိုးသမီး ၁၅ ကီလိုနှင့် ၁၀ ကီလို အပြေးပြိုင်ပွဲကို အောက်တိုဘာ၂၇ ရက် နံနက် ၆ နာရီက ရွှေမန်းတောင်အားကစားကွင်း၌ ကျင်းပသည်။

အလွတ်တန်း အပြေးအားကစားမောင်မယ် ၃၉၀ တို့က ၁၅ ကီလိုသတ်မှတ်လမ်းကြောင်းအတိုင်း ကျုံးတစ်ပတ်ကိုလည်းကောင်း၊ လူသစ်တန်းပြိုင်ပွဲဝင်၆၀၀ကျော်တို့က ၁၀ ကီလို ပြေးလမ်းအတိုင်းကျုံးတစ်ပတ်ပြေး၍ တာလွှတ်နေရာသို့ ယှဉ်ပြိုင်ပန်းဝင်ခဲ့ကြသည်။

ယင်းနောက်ဆုရရှိသူများအားတာဝန်ရှိသူများက ဆုဖလား၊ ဆုတံဆိပ်နှင့် ဆုငွေများကို အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တင်မောင် (မန်းကိုယ်ပွား)**

❖ စာမျက်နှာ ၁၆ မှ

- လူအများ စိတ်ဝင်စားမှုရအောင် ရုပ်ရှင်၊ ဂီတ၊ သဘင်နှင့် နာမည်ကျော်လူသိများသောပုဂ္ဂိုလ်များက ပညာပေးလုပ်ငန်းများတွင် ပါဝင်ဆွေးနွေးခြင်း၊ ဟောပြောပွဲများ၊ စကားဝိုင်းများ ကျင်းပပေးခြင်း။

(ဃ) **တစ်ဦးတစ်ယောက်ချင်း လုပ်ဆောင်နိုင်သည့် ဆေးရွက်ကြီးသုံးစွဲမှု လျှော့ချခြင်း လုပ်ငန်းများ**

- မိမိကိုယ်တိုင် ဆေးရွက်ကြီး၏ အန္တရာယ်များကို လေ့လာ၍ နားလည်သဘောပေါက်ပြီး ကိုယ်တိုင်လည်းမသုံးစွဲ၊ မိမိ၏အိမ်၊ မိမိ၏ပတ်ဝန်းကျင်မှ လူများလည်း မသုံးစွဲစေရန် အသိပညာဖြန့်ဝေပေးခြင်း။
- ဆေးရွက်ကြီးသုံးစွဲသဖြင့် လေဖြတ်ရောဂါ၊ နှလုံးရောဂါ၊ ကင်ဆာရောဂါ တစ်ခုမဟုတ်တစ်ခု ခံစားနေရသည့် မိသားစုဝင်ရှိသောသူများကလည်း မိမိကိုယ်တွေ့ကြုံရသောဒုက္ခများကို မိမိပတ်ဝန်းကျင်မှ လူများကို သတိပေးခြင်း၊ ပညာပေးခြင်းတို့ကို လုပ်ဆောင်ခြင်း၊ လူထုလှုပ်ရှားမှုများတွင် ဦးဆောင်၍ တက်ကြွစွာပါဝင်ခြင်း။

**"လေဖြတ်သူတစ်ယောက်မဖြစ်စေဖို့ တို့တစ်တွေအားလုံးကြိုးစားစို့"**

ယခုနှစ် လေဖြတ်ရောဂါကာကွယ်နေ့ အထိမ်းအမှတ်ဆောင်ပုဒ်မှာ- **"သင်လည်း တစ်ယောက်အပါအဝင် မဖြစ်ပါစေနှင့်" (Don't Be The ONE)** ဟု ဖြစ်ပါသည်။

တစ်ဦးတစ်ယောက်ချင်းမှအစပြု၍ ကျန်းမာရေးနှင့် ညီညွတ်အောင် စားသောက်နေထိုင်ခြင်းဖြင့် လေဖြတ်ခြင်းမှ ကင်းဝေးနိုင်မည်ဖြစ်ကာ ကျန်းမာစွာဖြင့် မိမိအကျိုး၊ မိသားစုအကျိုး၊ နိုင်ငံ့အကျိုးကို ဆောင်ရွက်နိုင်ပြီး တိုင်းပြည်တိုးတက်နိုင်မည်ဖြစ်ပါသည်။

နိဂုံးချုပ်အားဖြင့် လေဖြတ်ရောဂါကာကွယ်၊ ကုသ ရေးလုပ်ငန်းများတွင်လည်း အားလုံးပါဝင် ဆောင်ရွက်ကြပါရန် ဤဆောင်းပါးမှတစ်ဆင့် အလေးအနက် တိုက်တွန်းလိုက်ရပါသည်။

လူသားအားလုံး လေဖြတ်ရောဂါမှ ကင်းဝေးကြပါစေ။ ။

**ကိုးကား**

**-World Stroke Organization, World health Organization, လေဖြတ်ရောဂါဆိုင်ရာ သုတေသနစာတမ်းများ။**



အောက်တိုဘာ ၂၃ ရက် နံနက် ပိုင်းက မှော်ဘီမြို့နယ် သာယာကုန်းစံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် မှော်ဘီမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးတင့်ဆွေနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်သန်းတို့က မူခင်းအသိပညာပေးဟောပြောနေစဉ်။ ဟန်စိုး

## မန္တလေးမဟာမုနိဘုရား၌ ပန်းမွေ့ရာရွှေကော်ဇောခင်းလှူပူဇော်ပွဲကျင်းပမည်

**မန္တလေး အောက်တိုဘာ ၂၈**
မန္တလေးမြို့ရှိ မဟာမုနိဘုရားတွင် ပန်းမွေ့ရာရွှေကော်ဇောခင်းလှူပူဇော်ပွဲကို နိုဝင်ဘာ ၁၈ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း မဟာမုနိဘုရားဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးကျော်ကျော်ဦးက ပြောသည်။

အဆိုပါ မဟာမုနိဘုရား၌ ပန်းမွေ့ရာလှူဒါန်းပူဇော်ခြင်းကို Strategy First University မှ ပန်းကလေးများအဖွဲ့က ဆောင်ရွက်သွားမည်ဖြစ်ပြီး နိုဝင်ဘာ ၁၇ ရက်မှစတင်၍ ပန်းများကိုစီခြယ်၍ ပုံဖော်ဆက်ကပ်သွားမည်ဖြစ်ကာ ပန်းပွင့်ပေါင်း ရှစ်သိန်းနှင့် ဆယ်သိန်းကြား လှူဒါန်းပူဇော်မည်ဖြစ်ကြောင်း သိရသည်။

ပန်းမွေ့ရာရွှေကော်ဇောခင်းလှူပူဇော်ခြင်းကို ယခုနှစ်အတွင်း မြန်မာနိုင်ငံအတွင်းရှိ တန်ခိုးကြီးဘုရားစေတီများဖြစ်သည့် ရွှေတိဂုံစေတီတော်၌ ပထမအကြိမ်နှင့် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်၌ ဒုတိယအကြိမ်အဖြစ် လှူဒါန်းပူဇော်ခဲ့ပြီး မဟာမုနိဘုရားတွင် တတိယအကြိမ် လှူဒါန်းပူဇော်ခြင်းအဖြစ် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ကျောက်ထုမြို့တွင် ကျောင်းသား ကျောင်းသူများ မီးကြာလှည့်ပွဲကျင်းပ

**ကျောက်ထု အောက်တိုဘာ ၂၈**
မကွေးတိုင်းဒေသကြီး ကျောက်ထုမြို့ ပြင်လယ်ကျေးရွာဘုန်းတော်ကြီးကျောင်းတွင် အောက်တိုဘာ ၂၆ ရက်ညက ကျောက်ထုမြို့ ရွှေကိုယ်ပိုင်အထက်တန်းကျောင်းမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများသည် မီးကြာအုပ်များနှင့် ဆီမီးပူဇော်ကြကာ ယောခလေ့ ရိုးရာသနပ်ခါးပါးတို့ပွဲပါ ထည့်သွင်းကျင်းပကြသည်။

ထို့အတူ အဆိုပါနေ့တွင် ပန်းဆန်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌လည်း ကျေးရွာနေပြည်သူများက မီးကြာအုပ်များဖြင့်လည်းကောင်း၊ ဖယောင်းတိုင်ဆီမီးများဖြင့်လည်းကောင်း ဆီမီးပူဇော်ကြကြောင်း သိရသည်။

**စိန်ကျော်**



မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် စိန်အော်စတင်ကျောင်း ကျောင်းသား ကျောင်းသူဟောင်းများ၏ ငါးကြိမ်မြောက် အာစရိယပူဇော်ပွဲကို အောက်တိုဘာ၂၇ရက်နံနက်၁၀နာရီက မဟာသီကျသီဟ ဘုရားဝင်းရှိဝေဇယန္တာဓမ္မာရုံ၌ကျင်းပရာ အသက် ၇၅ နှစ်အထက်ဆရာကြီးဆရာမကြီး၁၄ဦးအား ကန်တော့ငွေနှင့် ကန်တော့ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ထွန်းလှအောင်(မန္တလေး)**

## မန္တလေးမြို့တွင် ကျန်းမာရေးဟောပြောပွဲ ကျင်းပ

**မန္တလေး အောက်တိုဘာ ၂၈**
ထိုင်းနိုင်ငံ ဆူကွန်ဗစ်ဆေးရုံကြီး၏ ကျန်းမာရေးဟောပြောပွဲကို မန္တလေးမြို့ ၂၆လမ်း၊ ၆၆ လမ်းရှိ Hilton Hotel တွင် ကျင်းပသည်။

ဆူကွန်ဗစ်ဆေးရုံကြီးမှ CEO Dr. Phomornask က အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် အရိုးဌာနမှ အကြီးအကဲဆရာဝန်ကြီး ဒေါက်တာ Poonsak က နောက်ကြောနာခြင်းအတွက် ခေတ်မီမှန်ပြောင်းအသုံးပြုကုသနည်းအကြောင်း၊ အစာအိမ်နှင့် အူလမ်းကြောင်း အထူးကုဆရာဝန်ကြီး Dr.Korn က အသည်းနှင့်ပတ်သက်သော သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

မန္တလေးရုံးခွဲသည် ၃၅ လမ်း၊ ၇၄x၇၅ လမ်းကြား၊ ချမ်းအေးသာစံမြို့တွင်တည်ရှိပြီး နှလုံး၊ အစာအိမ်နှင့် အူလမ်းကြောင်း၊ အရိုးအဆစ်၊ မျက်လုံးအာရုံကြော၊ ခန္ဓာကိုယ်ပြန်လည်သန်စွမ်းရေး စသည်တို့ကိုနောက်ဆုံးပေါ် အဆင့်မြင့်ကိရိယာများကို အသုံးပြုပြီး ကျွမ်းကျင်သောသမားတော်ကြီးများက ကုသပေးလျက်ရှိကြောင်း သိရသည်။

**ခင်ခင်ဝင်း(ပညာရေး)**



## ပိုလီယိုကာကွယ်ဆေးနှင့် ဝက်သက် ဂျိုက်သိုးကာကွယ်ဆေးတိုက်ကျွေး

**မိုပိုင်းလွတ် အောက်တိုဘာ ၂၈**
မွေးကင်းစမှ အသက်ငါးနှစ်အထိ ပိုလီယိုကာကွယ်ဆေးနှင့် အသက်ကိုးလမှ ငါးနှစ် ခြောက်လပြည့်ပြီးသူကလေးများအား ဝက်သက် ဂျိုက်သိုးကာကွယ်ဆေး တိုက်ကျွေးခြင်းကို စစ်ကိုင်တိုင်းဒေသကြီး မိုပိုင်းလွတ်မြို့ရှိ ကျေးလက်ကျန်းမာရေးဆေးပေးခန်း၌ အောက်တိုဘာ၂၆ ရက်နံနက် ၉ နာရီက ကျင်းပသည်။

မြို့ကျန်းမာရေးမှ ဆရာမ ဒေါ်မာလာဖြိုးက "ကူးစက်နိုင်တဲ့ ရောဂါများဖြစ်လို့ ကူးစက်မခံရအောင် ကာကွယ်ဆေးများတိုက်ကျွေးခြင်းဖြစ်ပြီး ပိုလီယိုကာကွယ်ဆေးကို တိုက်ကျွေးဖူးသည်ဖြစ်စေ၊ မတိုက်ကျွေးဖူးသည်ဖြစ်စေ မွေးကင်းစမှ အသက်ငါးနှစ်အတွင်းမှာရှိတဲ့ ကလေးတိုင်းကို တိုက်ကျွေးတာဖြစ်ပါတယ်" ဟု ပြောသည်။

**နိုင်းခွီရှိန်း(ပြန် / ဆက်)**

## ဟသ်ာတ၌ ရင်သားကင်ဆာအကြောင်း အသိပညာပေးဟောပြောပွဲ ကျင်းပ

**ဟသ်ာတ အောက်တိုဘာ ၂၈**
မြန်မာနိုင်ငံဆရာဝန်အသင်း (ဟသ်ာတ) နှင့် မြန်မာနိုင်ငံကင်ဆာဆရာဝန်များအသင်းတို့ ပူးပေါင်းကျင်းပသည့် ရင်သားကင်ဆာအကြောင်း အသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၂၇ ရက် နံနက် ၉ နာရီက ဟသ်ာတမြို့ ဦးအောင်မြတ်ကျော်တန်ဆောင်းတွင် ကျင်းပသည်။

ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာအောင်မြင့်ဦးက ဆေးကုသမှုအကြောင်း၊ ဒေါက်တာဒေါ်သန်းသန်းအေး (ခွဲစိတ်အထူးကုဆရာဝန်) က လက်ရှိဆေးကုသမှုအတွေ့အကြုံနှင့် ရောဂါရှာဖွေနိုင်သည့်နည်းလမ်းများ၊ ပါမောက္ခ ဒေါက်တာဦးစိုးအောင် (ကင်ဆာရောဂါအထူးကုသမားတော်ကြီး) က ရင်သားကင်ဆာအကြောင်းသိကောင်းစရာများကိုအကျယ်တဝင့်ရှင်းလင်းအသိပညာပေးဟောပြောပြီး တက်ရောက်လာသူများ၏ မေးမြန်းမှုများကို ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**ကျော်ကျော်**
**(ပြန်/ဆက်)**

## မြန်မာယူနီကုဒ်စနစ် ပြောင်းလဲအသုံးပြုနိုင်ရေး အခမဲ့ဝန်ဆောင်မှုပေး

**ကျိုက်မရော အောက်တိုဘာ ၂၈**
မော်လမြိုင်ခရိုင် ကျိုက်မရောမြို့နယ်အတွင်းရှိပြည်သူများအနေဖြင့် မိမိတို့ကိုင်ဆောင်သည့် မိုဘိုင်းဖုန်းများတွင် မြန်မာယူနီကုဒ်စနစ် ပြောင်းလဲအသုံးပြုနိုင်ရေးအတွက် အခမဲ့ဝန်ဆောင်မှုပေးခြင်းကို ကျိုက်မရောမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မိုဘိုင်းလုပ်ငန်းရှင်များပူးပေါင်း၍ အောက်တိုဘာ ၂၈ ရက် နံနက်ပိုင်းက ကျိုက်မရောမြို့ လူထုအခြေပြုဗဟိုဌာနခန်းမ၌ ပြုလုပ်သည်။

မြန်မာယူနီကုဒ် စံစနစ်သို့အလွယ်တကူ ပြောင်းလဲအသုံးပြုနိုင်ရေးအတွက် မိုဘိုင်းဖုန်းကျွမ်းကျင်လူငယ်များက တစ်ဦးချင်းအလိုက်အသုံးပြု၍ရသည်ထိ အခမဲ့ ဝန်ဆောင်မှုပေးသည့်အပြင် အခြားအပလီကေးရှင်းများကိုပါ သုံးစွဲသူများစိတ်ကြိုက်ထည့်သွင်းပေးခဲ့ကြောင်း သိရသည်။

**ချိုမြတ်မြတ်ထွေး(ပြန်/ဆက်)**

# မီဒီယာများအား အထူးအထွက်တိုးစပ်မျိုးစပါး ထုတ်လုပ်အောင်မြင်မှု ရှင်းလင်း



**နေပြည်တော် အောက်တိုဘာ ၂၈**
အထူးအထွက်တိုး စပ်မျိုးစပါးများ ထုတ်လုပ်လျက်ရှိသော Grate Wallကုမ္ပဏီက မီဒီယာများအား နေပြည်တော်ရှိ မျိုးစပါးများ စိုက်ပျိုးထုတ်လုပ်နေသည့် စပါးစိုက်ကွင်းများအတွင်း လက်တွေ့ပြသရှင်းလင်းမှုများကို အောက်တိုဘာ ၂၇ ရက် နံနက် ၁၀ နာရီခွဲက ကျင်းပသည်။

နေပြည်တော် အထူးအထွက်တိုး စပ်မျိုးစပါးများ စိုက်ပျိုးထားရှိသည့် စပါးခင်းများအတွင်း ဝတ်မှုန်ကူးခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုများနှင့် GW1၊ GW2၊ GW 3 နှင့် GW11 စပါးမျိုးများ စိုက်ပျိုးထားရှိမှုများ၊ ပုံမှန်စပါးများနှင့်အထူးအထွက်တိုးစပ်မျိုးစပါးတို့ကြား ကွာခြားမှုများကို Grate Wall ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးတင်မောင်နှင့် စိုက်ကွင်းတာဝန်ခံတို့က ရှင်းလင်းပြောကြားသည်။

စိုက်ပျိုးရေးသုတေသနဦးစီးဌာန(ရေဆင်း)မှ ညွှန်ကြားရေးမှူး ဒေါ်မွေးမွေးက "စပ်မျိုးတွေကို အစားထိုးစိုက်လာတဲ့အခါမှာ သူတို့ တကယ်ထွက်တယ်။ တင်း ၁၉၀၊ ၁၈၀ထိ ထွက်တယ်။ ကျွန်မတို့ လက်တွေ့လည်း တွေ့ခဲ့တယ်။ အဲလိုစိုက်တဲ့အပေါ်မှာ အကျိုးရှိတယ်။ မျိုးပြန်ယူပြီး စိုက်ပျိုးလို့ရတဲ့ ရိုးရိုး GW11 လိုမျိုးတွေလည်း ထွက်လာတဲ့အတွက် တောင်သူတွေ ကြိုက်ကြတယ်"ဟု ပြောသည်။

အထူးအထွက်တိုး စပ်မျိုးစပါးများအနေဖြင့် အထွက်နှုန်းကောင်းမွန်ခြင်း၊ ဆန်သားအရည်အသွေးကောင်းမွန်ခြင်း၊ ဒေသမရွေးသင့်တော်ခြင်း၊ ရောဂါဒဏ်ခံနိုင်ခြင်း စသည့် လက္ခဏာများရှိပြီး စိုက်ဧကတစ်ဧကလျှင် တင်း ၁၅၀ နှင့်အထက် ထွက်ရှိနိုင်သည်။ စပါးအထွက်နှုန်းကောင်းသည့်အပြင် ဆန်အချောထွက်နှုန်းလည်း ပိုမိုကောင်းမွန်သည်။ ဧရာဝတီတိုင်းဒေသကြီးအတွင်း စိုက်ပျိုးသည့် တောင်သူများအနေဖြင့် အချို့မြေခံကောင်းမွန်သည့်နေရာများတွင် တစ်ဧက တင်း ၂၀၀ ခန့်အထိ ထွက်ရှိခဲ့ကြောင်း သိရသည်။

ယခုရှင်းလင်းပြသပွဲတွင် ပုံမှန်စိုက်ပျိုးလျက်ရှိသောနှာကောက် ဒေသမျိုးစပါးခင်းမှ စပါးနှံနှင့် GW11 အထူးအထွက်တိုးစပါးခင်းမှ စပါးနှံတို့အား စပါးသုံးနှံတွင်ပါဝင်သော စပါးစေ့အခြေအနေများကို လက်တွေ့ သုတေသနပြုလုပ်ကြရာ ဒေသမျိုးစပါးခင်းမှ စပါးနှံတွင် အစေ့အောင် စပါးစေ့ ၁၈၄စေ့၊ အဖျင်းစပါးစေ့ ၉၄ စေ့နှင့် ပျမ်းမျှစပါးနှံတစ်နှံတွင် အောင်မြင်သောစပါးစေ့ ၆၁ စေ့ပါရှိပြီး GW11 စပါးနှံသုံးနှံတွင်မှု အစေ့အောင်စပါးစေ့ ၇၁၀၊ အဖျင်းစပါးစေ့ ၂၁၂စေ့ နှင့် ပျမ်းမျှစပါးနှံတစ်နှံတွင် အောင်မြင်သောစပါးစေ့ ၂၃၆ စေ့ ပါဝင်ကြောင်း တွေ့ရှိရာ အထွက်နှုန်းအနေဖြင့် သုံးဆခန့်ကွာခြားနေကြောင်း သိရသည်။

**ငွေအောင်**

# စိတ်ဓာတ်ပိုင်းဆိုင်ရာတိုးတက်မှုကြောင့်သာ စပါးကို လီဗာပူးအနိုင်ရရှိခဲ့ခြင်းဖြစ်ဟု ဟန်ဒါဆန်ပြောကြား

လီဗာပူးအသင်းနဲ့ စပါးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ် ၁၀ မှာ လီဗာပူးအသင်းက စိတ်ဓာတ်ပိုင်းဆိုင်ရာတိုးတက်မှုတွေကြောင့်သာ စပါးအသင်းကို အနိုင်ရရှိခဲ့တာဖြစ်တယ်လို့ အသင်းခေါင်းဆောင် ဟန်ဒါဆန်က ပြောကြားလိုက်ပါတယ်။

လီဗာပူးအသင်းနဲ့ စပါးအသင်းတို့ပွဲစဉ်မှာ လီဗာပူးအသင်းက စပါးအသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပြီး အဲဒီပွဲစဉ်မှာ စပါးအသင်းက ပွဲကစားချိန် ၄၈ စက္ကန့်မှာပဲ တိုက်စစ်မှူး ဟယ်ရီကိန်းရဲ့သွင်းဂိုးနဲ့ ဦးဆောင်ဂိုး စတင်ရရှိခဲ့တာဖြစ်ပါတယ်။

တနင်္ဂနွေညရဲ့ အကောင်းဆုံးပွဲစဉ်တစ်ပွဲဖြစ်တဲ့အပြင် စပါးဂိုးသမား ဂတ်ဇာနီဂါရဲ့ လက်စွမ်းပြကစားနိုင်ခဲ့မှုကလည်း ပထမပိုင်းမှာ ချေပဂိုးပြန်လည်မပေးခဲ့ရတာဖြစ်ပါတယ်။ ဒါပေမယ့် ဒုတိယပိုင်းပွဲကစားချိန် ၅၂ မိနစ်မှာ အသင်းခေါင်းဆောင် ဟန်ဒါဆန်ရဲ့သွင်းဂိုးနဲ့ လီဗာပူးအသင်း ချေပဂိုးပြန်လည်ရရှိခဲ့ပြီး ပွဲကစားချိန် ၇၅ မိနစ်မှာ မိုဟာမက်ဆာလာရဲ့ ပင်နယ်တီသွင်းဂိုးထပ်မံရရှိခဲ့တာကတစ်ဆင့် လီဗာပူးအသင်းက နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

အဲဒီလိုအနိုင်ရရှိခဲ့တာဟာ လီဗာပူးအသင်းကစားသမားတွေရဲ့ ပြိုင်ပွဲတိုင်းမှာ နိုင်ပွဲရရှိနေတဲ့ စိတ်ဓာတ်ပိုင်းဆိုင်ရာတိုးတက်မှုတွေကြောင့်သာ အနိုင်ရရှိခဲ့တာဖြစ်တယ်လို့ လီဗာပူးအသင်းခေါင်းဆောင် ဟန်ဒါဆန်က ပြောကြားခဲ့တာဖြစ်ပါတယ်။

လီဗာပူးအသင်းဟာ အခုပွဲစဉ်မှာ အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ်အမှတ်ပေးဇယားမှာ ရမှတ် ၂၈ မှတ်နဲ့ ဒုတိယနေရာက မန်စီးတီးအသင်းကို ခြောက်မှတ်ဖြတ်ထားနိုင်ခဲ့တာဖြစ်ပါတယ်။ လီဗာပူးအသင်းအနေနဲ့ မန်ယူအသင်းနဲ့ တစ်ဖက်တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့တာကလွဲရင် လက်ရှိအချိန်အထိ ရှုံးပွဲမရှိသေးတာဖြစ်ပါတယ်။

ဟန်ဒါဆန်ရဲ့ အခုပွဲစဉ်မှာ သွင်းယူခဲ့တဲ့ဂိုးကတော့ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလက ဝက်စ်ဘရွန်းအသင်းနဲ့ ပွဲစဉ်မှာ သွင်းယူခဲ့တဲ့သွင်းဂိုးနောက်ပိုင်းမှာ ပထမဆုံးသွင်းယူခဲ့တဲ့ သွင်းဂိုးအဖြစ်လည်း မှတ်တမ်းဝင်ခဲ့တာဖြစ်ပါတယ်။





## ဆန်ချိုရဲ့ ပြောင်းရွှေ့ကြေး ပေါင်သန်း ၁၀၀ သတ်မှတ်မှုအပေါ် ဒေါ့မွန်အသင်းနဲ့ ဆွေးနွေးမှုများ မန်ယူအသင်း ပြုလုပ်မည်ဟုဆို

ဒေါ့မွန်အသင်းအနေနဲ့ ဂျာဒန်ဆန်ချိုရဲ့ အပြောင်းအရွှေ့ကိစ္စကို ပေါင်သန်း ၁၀၀ အထိ သတ်မှတ်ထားတာကြောင့် မန်ယူအသင်းက ဒေါ့မွန်အသင်းနဲ့ ဆွေးနွေးမှုတွေ ပြုလုပ်သွားမယ်လို့ ဆိုပါတယ်။

အင်္ဂလန်လူငယ်ကစားသမား ဂျာဒန်ဆန်ချိုဟာ မန်ယူအသင်းရဲ့ ကာလကြာရှည်ခေါ်ယူဖို့ ပစ်မှတ်ထားနေတဲ့ ကစားသမားတစ်ဦးဖြစ်ပြီး ဒေါ့မွန်အသင်းဟာ ဆန်ချိုကို ၂၀၁၇ ခုနှစ်အတွင်းက ပြောင်းရွှေ့ကြေးပေါင် ရှစ်သန်းနဲ့ မန်စီးတီးအသင်းဆီကနေ ခေါ်ယူခဲ့တာလည်းဖြစ်ပါတယ်။

ဆန်ချိုဟာ အတောက်ပဆုံးလူငယ်ကစားသမားတွေထဲက တစ်ဦးဖြစ်ပြီး ဒေါ့မွန်အသင်းနဲ့အတူ ၆၈ ပွဲ ပါဝင်ကစားပေးထားရာမှာ သွင်းဂိုး ၁၈ ဂိုးအထိ သွင်းယူထားနိုင်ခဲ့ကာ ဂိုးဖန်တီးမှု အကြိမ် ၃၀ အထိ ပြုလုပ်ထားနိုင်ခဲ့တာဖြစ်ပါတယ်။

ဆန်ချိုဟာ အင်္ဂလန်အသင်းနဲ့အတူ ၁၀ ပွဲ ပါဝင်ကစားပေးထားပြီး ရီးယဲလ်မက်ဒရစ်အသင်းဆီ ပြောင်းရွှေ့ကစားဖို့လည်း ဆန္ဒရှိနေတာဖြစ်ပါတယ်။ ဒေါ့မွန်အသင်းဟာ ဆန်ချိုကို ဩဂုတ်လအတွင်းက တစ်ပတ်လုပ်ခလစာပေါင် ၁၉၀၀၀၀ နဲ့ စာချုပ်သစ်တစ်ရပ်ချုပ်ဆိုခဲ့ပေမယ့် ဆန်ချိုကို ကမ်းလှမ်းလာမယ့်အသင်းတွေကို စောင့်မျှော်နေတယ်လို့လည်း သိရပါတယ်။

## မာဆေးလ်အသင်းကို လေးဂိုးပြတ်နဲ့ အနိုင်ရရှိပြီး ပီအက်စ်ဂျီအသင်း အမှတ်ပေးဇယားထိပ်မှာ ရှစ်မှတ်ဖြတ်ကာ ဆက်လက်ဦးဆောင်နိုင်ခဲ့

ပီအက်စ်ဂျီအသင်းဟာ မာဆေးလ်အသင်းကို လေးဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာကြောင့် လက်ရှိပြင်သစ်ပထမတန်းအမှတ်ပေးဇယားမှာ ဒုတိယနေရာက နန့်တက်စ်အသင်းကို ရှစ်မှတ်ဖြတ်ကာ ဇယားထိပ်မှာ ဆက်လက်ဦးဆောင်နိုင်ခဲ့ပါတယ်။

အောက်တိုဘာ ၂၇ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ မာဆေးလ်အသင်းနဲ့ပွဲစဉ်မှာ ပီအက်စ်ဂျီအသင်းအတွက် သွင်းဂိုးတွေကို အိုင်ကာဒီက ပွဲကစားချိန် ၁၀ မိနစ်နဲ့ ၂၆ မိနစ်တို့မှာ နှစ်ဂိုးနဲ့ တိုက်စစ်မှူး အမ်ဘတ်ပီက ပွဲကစားချိန် ၃၄ မိနစ်နဲ့ ၄၄ မိနစ်တို့မှာ နှစ်ဂိုး အသီးသီး သွင်းယူပေးခဲ့ကြတာဖြစ်ပါတယ်။

ပီအက်စ်ဂျီအသင်းအတွက် နှစ်ဂိုးသွင်းယူပေးနိုင်ခဲ့တဲ့ တိုက်စစ်မှူး အိုင်ကာဒီဟာ လက်ရှိမှာ ပီအက်စ်ဂျီအသင်းနဲ့အတူ ခုနစ်ဂိုးအထိ သွင်းယူထားနိုင်ခဲ့ပြီး အင်တာမီလန်အသင်းက တစ်ရာသီအငှားစာချုပ်နဲ့ ပြောင်းရွှေ့လာခဲ့ပြီးနောက်ပိုင်း ပြင်သစ်မြေမှာ အကောင်းဆုံးခြေစွမ်း ရရှိခဲ့တာဖြစ်ပါတယ်။

## ခြေချင်းဝတ်ဒဏ်ရာကြောင့် ကွင်းလယ်ကစားသမား ပေါ့ဘာ ဒီဇင်ဘာလအထိ မန်ယူအသင်းနဲ့အတူ ပါဝင်လာနိုင်မည်မဟုတ်ဟုဆို

မန်ယူအသင်းရဲ့ ကွင်းလယ်ကစားသမား ပေါ့ဘာဟာ ခြေချင်းဝတ်ဒဏ်ရာရရှိထားတာကြောင့် ဒီဇင်ဘာလအထိ မန်ယူအသင်းနဲ့အတူ ပါဝင်လာနိုင်မှာမဟုတ်ဘူးလို့ သိရပါတယ်။ အသက် ၂၆ နှစ် အရွယ်ရှိ ပေါ့ဘာဟာ ၂၀၁၆ ခုနှစ်က မန်ယူအသင်းကို ပြောင်းရွှေ့ကြေးပေါင် ၈၉ သန်းနဲ့ ဂျူဗင်တပ်အသင်းကနေ ပြန်လည်ပြောင်းရွှေ့ခဲ့တာဖြစ်ပြီး စက်တင်ဘာလကုန်ပိုင်းက အာဆင်နယ်အသင်းနဲ့ သရေပွဲဖြစ်ခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်နောက်ပိုင်း မန်ယူအသင်းနဲ့အတူ ပါဝင်မလာခဲ့တာဖြစ်ပါတယ်။

ဒီဇင်ဘာလမတိုင်မီ အသင်းနဲ့အတူ ပါဝင်လာမှာ မဟုတ်ကြောင်းနဲ့ ဒဏ်ရာအပြည့်အဝ ပြန်လည် သက်သာလာဖို့အတွက်လည်း အချိန်ယူရဦးမယ်လို့ နည်းပြ ဆိုးရှားက ပြောကြားထားပါတယ်။



ငွေကြယ် - စုစည်းသည်



## ဘာစီလိုနာကနေ ထွက်ခွာဖို့ လမ်းကြောင်းပေါ်ရောက်လာတဲ့ ရာကီတစ်

ဘာစီလိုနာအသင်းဟာ ပြီးခဲ့တဲ့နွေရာသီအပြောင်းအရွှေ့ကာလက ရာကီတစ်ကို ခေါ်ယူမယ့် အသင်းတော်တော်များများရဲ့ ကမ်းလှမ်းမှုကို ခံခဲ့ရပေမယ့် ကစားသမားကိုယ်တိုင်ကတော့ ဘာစီလိုနာအသင်းကနေ ထွက်ခွာဖို့ဆန္ဒမရှိဘူးလို့ ပြောကြားခဲ့တာကြောင့် နူးကမ့်မှာ ဆက်ရှိနေခဲ့တာဖြစ်ပါတယ်။

ရာကီတစ်ကို ခေါ်ယူဖို့စိတ်ဝင်စားနေတဲ့ အသင်းတွေထဲမှာ ပီအက်စ်ဂျီအသင်းကလည်း တစ်သင်းအပါအဝင်ဖြစ်ပြီး မန်ယူအသင်းနဲ့ ဂျူဗင်တပ်အသင်းတို့ကလည်း ခေါ်ယူဖို့ ပစ်မှတ်ထားနေတယ်လို့ သိရပါတယ်။

ဘာစီလိုနာအသင်းကစားခဲ့ပြီးတဲ့ ၁၂ ပွဲမှာ ကွင်းလယ်ကစားသမား ရာကီတစ်ဟာ ၂၀၆ မိနစ်သာ ပါဝင်ပွဲထွက်ကစားခွင့်ရရှိခဲ့တာဖြစ်ပြီး ကွင်းလယ်ပိုင်းမှာ ဖရန်ကီဒီဂျောင်၊ အာသာမီလိုနဲ့ ဆာဂျီယိုဘတ်စကွက်တို့ကို အဓိကထားပွဲထွက်ကစားစေခဲ့တာဖြစ်ပါတယ်။

ဘာစီလိုနာအသင်းဟာ အခုနှစ်ဘောလုံးရာသီမှာ အရေးပေါ်အခြေအနေမှသာ ရာကီတစ်နဲ့ ဗီဒယ်တို့ကို ပွဲထွက်ကစားစေခဲ့တာကြောင့် အဲဒီကစားသမားနှစ်ဦးစလုံးဟာ ဘာစီလိုနာအသင်းနဲ့ လမ်းခွဲဖို့စီစဉ်လာခဲ့တာဖြစ်ပါတယ်။ လက်ရှိမှာ ရာကီတစ်ဟာ ဥရောပကလပ်အသင်းအတော်များများရဲ့ စိတ်ဝင်စားမှုနဲ့အတူ ဘာစီလိုနာအသင်းမှာ နေရာမရဖြစ်နေတာကြောင့် ဘာစီလိုနာအသင်းနဲ့ လမ်းခွဲဖို့ လမ်းကြောင်းပေါ်ကို ရောက်ရှိနေခဲ့တာဖြစ်ပါတယ်။

Hmwe Taunggyi Business Group Travel & Tours Co.,Ltd
သာကီဒွယ်
Happy New Year Promotion - 31.12.2019 (15ရက်), 10.1.2020 (8ရက်/15ရက်)
Dec - 7,12,19,21,27
Jan - 7,16,17,25
Shine Condo
HotLine : 01-200952

K & H Travels
09-447016883, 09-766946609

ကရဝိက် သက်နှင်းတိုက်
Ocean၊ City Mart၊ Orange၊ RUBY MART၊ GANDAMAR WHOLESALE
Super Market၊ Mini Market များတွင် ဝယ်ယူရရှိနိုင်ပါသည်။




# မီး သတိပြု

ကျောက်စိမ်း
09 - 670 670 810
09 - 670 670 820

Pearson LCCI
LCCI Level 1+2
(5.11.2019) 10% Discounts
09-899006670-899006671-400973653-400973675

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန
## မုံရွာတက္ကသိုလ်
## တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် မုံရွာတက္ကသိုလ်တွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

မရတ(၁) (၁၆၀) ဦးဆံ့ကျောင်းသား/သူအိပ်ဆောင်(၂)ထပ် (၁)လုံးဆောက်လုပ်ခြင်း (၃၁၀၈၀ စ/ပေ) RC ရေ၊ မီးအပါအဝင် (အိပ်ဆောင်-၂၄၆၈၀စ/ပေ၊ မီးဖိုဆောင်+ထမင်းစားဆောင်-၆၄၀၀ စ/ပေ)

မရတ(၂) (၃)ထပ်စာသင်ဆောင်(၁)လုံးဆောက်လုပ်ခြင်း RC(ပြင်ပရေရရှိရေးနှင့် ပြင်ပလျှပ်စစ်သွယ်တန်းခြင်းအပါအဝင်) (၂၁၆'x၃၈'x၃၆')(ရေမီးအပါအဝင်) (၂၄၆၂၄ စ/ပေ) [(ကွန်ကရစ်လမ်း (၃၅၀'x၁၆')၊ ၄" Ø ရေတွင်း (၂)တွင်းအပါ]

မရတ(၃) (၂)ထပ်ပွဲကြည့်စင်(၁)လုံးဆောက်လုပ်ခြင်း (၁၅၀'x၃၄') RC (၇၆၅၀ စ/ပေ) (ရေ၊ မီးအပါအဝင်) (Chair ၁၀၀ nos အပါ)

မရတ(၄)တက္ကသိုလ်မြောက်ဘက်ခြမ်းအုတ်တံတိုင်းကာရံခြင်း၊ (၂၆၄၀'x၇')၊ ၉'x၉' ကွန်ကရစ်တိုင်၊ ၉'x၉' ကွန်ကရစ်ယက်မ၊ ၄.၅"ထု

၂။ တင်ဒါလျှောက်လွှာပုံစံ စတင်ရောင်းချမည့်ရက် -၃၁-၁၀-၂၀၁၉ ရက်(ရုံးချိန်အတွင်း)
တင်ဒါပိတ်မည့်ရက် -၈-၁၁-၂၀၁၉ ရက် (ညနေ ၄:၃၀) နာရီထိ

၃။ အသေးစိတ်သိရှိလိုပါက မုံရွာတက္ကသိုလ်၏ ဘဏ္ဍာဌာန ဖုန်းနံပါတ် ၀၇၁-၂၁၂၆၁ ကို ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးအဖွဲ့**
**မုံရွာတက္ကသိုလ်**

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်တွင် အသုံးပြုရန် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းရန်ပုံငွေ မြန်မာကျပ်ငွေဖြင့် အောက်ပါပစ္စည်းများအား ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| ၁ | Current Meter | 1 No |
| ၂ | Mechanical vibration detection simulation experiment system | 1 Set |
| ၃ | Bending Moment & Shearing Force Apparatus | 1 Set |
| ၄ | High Voltage Laboratory | 1 Set |
| ၅ | Computer | 30 Sets |
| ၆ | Water Tank (15'x3'x3') (Flume) | 1 Set |

၂။ တင်ဒါပုံစံရောင်းချမည့်ရက် - ၁-၁၁-၂၀၁၉ရက် မှ ၁၅-၁၁-၂၀၁၉ရက်ထိ
၃။ တင်ဒါစတင်လက်ခံမည့်ရက် - ၁၈-၁၁-၂၀၁၉ရက် ၉:၃၀နာရီ
၄။ တင်ဒါပုံစံရောင်းချမည့်နေရာနှင့်တင်ဒါလက်ခံမည့်နေရာ - မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၊ သန်လျင်၊ သီလဝါ
၅။ တင်ဒါဖွင့်လှစ်မည့်ရက်/အချိန်/နေရာ - ထပ်မံဆက်သွယ်အကြောင်းကြားပါမည်။
၆။ တင်ဒါပိတ်မည့်ရက် - ၂-၁၂-၂၀၁၉ရက် (၁၅:၀၀)နာရီ
၇။ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်သည် မည်သည့်တင်ဒါကိုမဆို ကျိုးကြောင်းဖော်ပြခြင်းမရှိဘဲ ပယ်ဖျက်နိုင်သည်။
၈။ အသေးစိတ်သိလိုပါက ဖုန်းနံပါတ်-၀၉-၅၀၉၈၇၀၂သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ၂၀၀၂-၂၀၀၃ဘဏ္ဍာရေးနှစ်၊ ၂၀၀၃-၂၀၀၄ဘဏ္ဍာရေးနှစ်နှင့် ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်များအတွင်း ကိုရီးယားသမ္မတနိုင်ငံသို့ တရားဝင်သွားရောက် အလုပ်လုပ်ကိုင်ခဲ့ကြသော အလုပ်သမားများက အလုပ်သမားညွှန်ကြားရေးဦးစီး ဌာနသို့ ပေးသွင်းခဲ့သည့် ကြိုတင်အာမခံကြေးငွေများအား ပြန်လည်ထုတ်ယူပါရန် အသိပေးကြေညာခြင်း

၁။ ၂၀၀၂-၂၀၀၃ဘဏ္ဍာရေးနှစ်၊ ၂၀၀၃-၂၀၀၄ဘဏ္ဍာရေးနှစ်နှင့် ၂၀၀၄-၂၀၀၅ဘဏ္ဍာရေးနှစ်များအတွင်း ကိုရီးယားသမ္မတနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်ခဲ့ကြသည့် မြန်မာအလုပ်သမားများသည် ကိုရီးယားသမ္မတနိုင်ငံသို့ မထွက်ခွာမီ ကြိုတင်အာမခံကြေးငွေများ ပေးသွင်းခဲ့ကြရပါသည်။

၂။ ကိုရီးယားသမ္မတနိုင်ငံ၌ တရားဝင်နေထိုင်ခဲ့ပြီး မြန်မာနိုင်ငံသို့ပြန်လည်ရောက်ရှိသည့်အခါမိမိတို့ပေးသွင်းခဲ့သည့် ကြိုတင်အာမခံကြေးငွေများ ပြန်လည်ထုတ်ယူကြရမည်ဖြစ်ပါသည်။

၃။ သို့ရာတွင် ကြိုတင်အာမခံကြေးများကို အချို့အလုပ်သမားများမှ ပြန်လည်၍ လာရောက်ထုတ်ယူခြင်း မရှိကြောင်းတွေ့ရပါသည်။

၄။ သို့ဖြစ်ပါ၍ ကြိုတင်အာမခံကြေးထုတ်ယူရန် ကျန်ရှိသူများသည် အောက်ဖော်ပြပါ အထောက်အထားများဖြင့် ၁-၁၁-၂၀၁၉ရက်မှ ၃၁-၁-၂၀၂၀ရက်အတွင်း အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီ အမှတ်(၈/၁)၊ နဂါးရုံဘုရားလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးသို့ ကိုယ်တိုင်လာရောက် လျှောက်ထားထုတ်ယူကြရန် အသိပေးကြေညာအပ်ပါသည်-

(က) ထုတ်ယူခွင့် တင်ပြစာ
(ခ) ဘဏ်ငွေသွင်းချလန်(မူရင်း)+မိတ္တူ(၁)စောင်
(ဂ) မှတ်ပုံတင်(မူရင်း)+မိတ္တူ(၁)စောင်
(ဃ) နိုင်ငံကူးလက်မှတ်(မူရင်း)+မိတ္တူ(၁)စောင်
(င) ကိုရီးယားသမ္မတနိုင်ငံတွင် နေထိုင်စဉ်ကာလအတွက် (၁၀%)ဝင်ငွေခွန်ပေးဆောင်ခဲ့သူများ၏ အခွန်(၃)နှစ်ဆောင်ခဲ့သော ပြေစာ(မူရင်း)+မိတ္တူ(၁)စုံ
(စ) သန်းခေါင်စာရင်း(မူရင်း)+မိတ္တူ(၁)စောင်

၅။ သတ်မှတ်ကာလအတွင်း လာရောက်ထုတ်ယူခြင်းမရှိပါက နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေအဖြစ် သတ်မှတ်ပေးသွင်းသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**အလုပ်သမားညွှန်ကြားရေးဦးစီးဌာန**

မြေကွက်များဈေးကောင်းပေးဝယ်လိုသည်
ဒဂုံမြို့သစ်၊ (အရှေ့ပိုင်း၊ မြောက်ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်း) တို့တွင် မြေကွက်များဝယ်လိုသည်။
Ph: 01-2339310, 01-2339355, 01-578044, 01-570721

"ပညာထဲ့ခွန် (၁၀)တန်း အခေယာက် (၂၀) အထူးသော်ဒါ"
Ph: 09-420275663

Success pest control service
Chemical
Ph: 09793677242, 09450227887

## လူပျောက်ကြော်ငြာ



ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၄၆)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ တိုက်အမှတ် (၁၂၁၇/၄)နေ ဦးစောဦး-ဒေါ်ဥမ္မာဝင်းတို့၏သမီး မမေဂျွန်စော(ခ)အငယ်လေး [၉/မတရ(နိုင်)၁၅၀၀၂၇] သည် ၁၂-၁၀-၂၀၁၉ရက်၊ နံနက် ၁၀နာရီခန့်တွင် ပျောက်ဆုံးသွားပါသဖြင့် လက်ခံထားသူအား ဥပဒေအရ အရေးယူသွားမည်။

**ဒေါ်ဥမ္မာဝင်း**
**[၁၂/လသန(နိုင်)၀၁၄၁၀၆]**
**Ph:09-420502344,09-973104409**

# ဥတုရာသီ တောကိုမီး၏

## တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ
## အင်ဂျင်နီယာသင်တန်းသားများ
## အလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) **၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၁** ရက်နေ့တွင် အသက် ၁၆ နှစ်အောက်မငယ်ရ၊ ၁၉ နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဖူးသူ(လူပျို)** ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် ၅ ပေ၊ ၃ လက်မနှင့်ကိုယ်အလေးချိန်ပေါင် ၁၀၀ ထက်မနည်းရ၊ ပေါင် ၁၄၀ ထက် မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲအား သိပ္ပံဘာသာတွဲ၊ သို့မဟုတ် ဝိပ္ပံဘာသာတွဲဖြင့် အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူပြီး **၉-၉-၂၀၁၉** ရက်နေ့မှ စတင်၍ **၂၃-၁၁-၂၀၁၉** ရက်နေ့ထိ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ၁ လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံကို ပူးတွဲတင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း တိုင်းစစ်ဌာနချုပ်များတွင် အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်-

(က) **အင်္ဂလိပ်စာ**။ နံနက် ၉ နာရီမှ ၁၁ နာရီထိ။

(ခ) **သင်္ချာ** ။ နေ့လယ် ၁ နာရီမှ ၃ နာရီထိ။

၅။ အရည်အချင်းစစ်စာမေးပွဲကို မိမိလျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်များ၌ **၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်နေ့တွင်** ဖြေဆိုကြရမည်ဖြစ်ပါသည်။

၆။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၇။ အရည်အချင်းစစ်စာမေးပွဲအောင်မြင်သူများကို ဟိုပုံးမြို့(တောင်ကြီးခရိုင်)တွင်လူတွေ့စစ်ဆေးမည်။ လူတွေ့အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။ အရည်အချင်းစစ်စာမေးပွဲအောင်စာရင်းနှင့်သတင်းပို့ရမည့်ရက်များကို မိမိလျှောက်လွှာတင်သွင်းသည့် တိုင်းစစ်ဌာနချုပ်များတွင် **၂၇-၁၂-၂၀၁၉** မှ **၂၈-၁၂-၂၀၁၉** ရက်နေ့များအတွင်း မေးမြန်းနိုင်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် **ကျပ် ၁၆၈၀၀၀/-** ၊ ဒုတိယနှစ် **ကျပ် ၁၇၄၀၀၀/-** ၊ တတိယနှစ် **ကျပ် ၁၈၀၀၀၀/-** ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် ရာထူးအဆင့်လိုက်သတ်မှတ်လစာနှင့်စရိတ်များ ခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်းခံစားခွင့်ရှိသည်-

(က) **ဘွဲ့လက်မှတ်အပ်နှင်းခြင်း**။ အင်ဂျင်နီယာသိပ္ပံ **A.G.T.I(Diploma)** လက်မှတ်ပေးအပ်မည်။

(ခ) **တာဝန်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုတွင် **ပညာသည် အကြပ်ကြီး** အဖြစ်ခန့်အပ်တာဝန်ပေးအပ်မည်။

(ဂ) **အဆင့်တိုးမြှင့်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည်များ **အဆင့်အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ** ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များသို့ဆက်လက်တိုးမြှင့်ပေးရေးအတွက်ဆောင်ရွက်ပေးမည်။

(ဃ) **ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်**။ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက် **သတ်မှတ်ထားသည့်အချိန်နှင့်အကျုံးဝင်သည့်အချိန်တွင်** စစ်ရာထူးခန့်ချုပ်ရုံးမှလျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

**မှတ်ချက်**။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

(၈)ကြိမ်မြောက်ထပ်မံကျင်းပသော မြန်မာနိုင်ငံတကာဆိုင်ရာချည်မျှင်နှင့်အထည်ချုပ်ဆိုင်ရာစက်မှုလက်မှုပြပွဲ

MTG
The 8th Myanmar Int'l
Textile & Garment
Industry Exhibition


Concurrent with:
MitaTex
TEXPRINT

Co-located:
MYANMAR PLAS PRINT PACK
MYANMAR AGROTEK FOODTEK

1 - 4 November 2019

Yangon Convention Center, YCC
(Inya Lake Hotel Compound)

135+ အမျိုးအစားပေါင်း
12+ နိုင်ငံပေါင်း
8,600+ ဧည့်သည်ပေါင်း



အွန်လိုင်းတွင်စာရင်းပေးသွင်းနိုင်ပါပြီ

www.chanchao.com.tw/MTG | MyanmarTG | 01-9010753 | 09-964703426 | myokyiphyutun25@gmail.com

ဦးသာရင် ၏ လေငန်းဆေးပြား
ISO 9001:2015 နှင့် GMP
Certificate TH09/3125
Certificate TH06/3966

**Condo အရောင်း**

သန်လျင်၊ Star City Condo, A-4, 5လွှာ, Garden View, 1185 Sqft, Master bedroom (1)ခန်း, Single Room (၂)ခန်း၊ ပရိဘောဂပစ္စည်း အပြည့်အစုံ အဆင်သင့်တက်နေရုံ ရောင်းဈေး-၁၆၅၀သိန်း(ညှိနှိုင်း)

Ph:09-5122804,09-785015660

"ရွှေစည်"
အိမ်ပြောင်း၊ အိမ်ရွှေ့နှင့် ကုန်စည်ဝန်ဆောင်မှု
09-73122029
09-795669534

**ကုန်အမှတ်တံဆိပ်အသိပေးကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး ... RVK MEDITECH Company Limited ... (16.9.2019) ...

RELIPIME
မှတ်ပုံတင်အမှတ် - ၄/၂၅၆၁၀

Flumoxy 500
မှတ်ပုံတင်အမှတ် - ၄/၂၅၆၁၁

ZoneBact
မှတ်ပုံတင်အမှတ် - ၄/၂၅၆၁၂

ProAct
မှတ်ပုံတင်အမှတ် - ၄/၂၅၆၁၃

AmloLiv
မှတ်ပုံတင်အမှတ် - ၄/၂၅၆၁၄

SitaTel
မှတ်ပုံတင်အမှတ် - ၄/၂၅၆၁၅

SITAGLO M
မှတ်ပုံတင်အမှတ် - ၄/၂၅၆၁၆

SitaTel M
မှတ်ပုံတင်အမှတ် - ၄/၂၅၆၁၇

SITAGLO
မှတ်ပုံတင်အမှတ် - ၄/၂၅၆၁၈

ဦးမြင့်ဝင်း (ဥပဒေဘွဲ့)
ဖုန်း - 09 974560666




အဆီများ၍ဗိုက်ချပ်လိုသူများ၊ ဝမ်းပျော့ ဝမ်းမှန်လိုသူများအတွက်...

သတ္တိမောင်
အမှတ်တံဆိပ်



ရှားစောင်းလက်ပပ်ဝမ်းပျော့ဝမ်းမှန်ဆေး

အမြို့မြို့ဆေးဆိုင်တိုင်းတွင် လက်လီလက်ကား ရရှိနိုင်ပါသည်။

TMR012605(0320)

# Congratulations

# AUFIT

Air Con From THAILAND

အော်ဖစ် - အဲကွန်း

## Myanmar Classic Group Co.,Ltd.

MCG

Sole Agent of CHIGO — Sole Agent of AUFIT

မြန်မာပြည်စျေးကွက်အတွင်းအကောင်းဆုံး After Sales Services & Spare Parts ဝန်ဆောင်မှုများတွင် နံပါတ် (1) ဟု (၁၄) နှစ်တိုင် နာမည်ကြီးနေတဲ့ CHIGO Air-con များကိုဖြန့်ဖြူးနေသည့် MCG Co., Ltd မှ ထိုင်းနိုင်ငံထွက်ထုတ်ကုန်ဖြစ်သော AUFIT အော်ဖစ် (Air-con From Thailand) ၏ Product Lunching အခမ်းအနားကို 27.10.2019 တွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ခဲ့ခြင်းအတွက်

## အထူးပင်ဂုဏ်ယူ ဝမ်းမြောက်မိပါကြောင်း . . .

FIVE STAR - Electronics
Yangon, 01-385246, 01 391 618

Aung Chan Myae - Air Con Sales & Service
Yangon, 09254812228, 01 8550447

WAI YAN - Electronics
Yangon, 01 401416, 01250596

Sony & Lucky City - Electronics
ပြည်မြို့, 053 24040

LWIN - Electronics
ပဲခူးမြို့, 09 954499644

A Linn Young - Air Con Sales & Service
Yangon, 01 703538

Whan Tat + Ma Kyu - Electronics
Mandalay, 09 95200 3375

Yadanabon Electronic Mart
Mandalay, 09 440452033

Cool & Cool - Air Con Sales & Service
Yangon, 09795151535

Toshiba Myo Win - Electronics
Yangon, 01 242489, 01 703970

Taw Win Yadanar - Electronics
တောင်ငူမြို့, 054 28644, 054 23500

MYO THEIN - Electronics
MDY-09 951013666, YGN-01 839 8507

Ko Myo - Air Con Sales & Service
Yangon, 09 5167223, 09 450011870

MYO - Air Con Sales & Spare Parts
Yangon, 01 253254

A&P Air Con Sales & Spare Parts
Yangon, 01 504179, 09 794163545

Sein Hin - Electronics
ပုဂံမြို့, 09252255501, 252255506

TAGON - Electronics
ပျဉ်းမနားမြို့, 067 21413, 24738

U Al Hto - Air Con Sales & Spare Parts
Yangon, 01 243273, 01 513465

AUNG - Electronics
ပုသိမ်မြို့, 042 25312

Dragon - Air Con Sales & Service
Mandalay, 09440000603, 09792000300

ကမ္ဘာ - အီလက်ထရောနစ်
မိတ္ထီလာမြို့, 064 24376, 24058

TIME - Electronics
ဘားအံမြို့, 058 22693

Shan Kan - Air Con Sales & Spare Parts
MDY 09257 501233, YGN 09 772280233

Three Star - Air Con Sales & Service
Yangon, 01 706784, 09 5080827

Excellence - Electronics
Yangon, 01 245141, 01 388574

Twin Star - Air Con Sales & Service
Yangon, 01 522376, 09 443171500

NIPPON - Electronics
Yangon, 01 8245435

Shwe Ayeyar - Electronics
မကွေးမြို့, 063 23882, 063 28363

U Myint Aung - Air Con Sales & Service
Yangon, 018398282

U Mg Mg & Sons - AC Sales & Spare Parts
Yangon, 09 795422933, 09 259566996

Kaung Kin - Air Con Sales & Service
Mandalay, 09 2011654

Nan Htike Kyaw - Electric
Yangon, 09250528075

[illegible] - အီလက်ထရောနစ်
[illegible], 086 2021414, 086 2022414

MYANMAR PLAS PRINT PACK

MYANMAR AGROTEK FOODTEK

co-located MTG MitaTex TEXPRINT

1–4 November 2019

Yangon Convention Center,YCC
[ Inya lake hotel compound ]

8
နိုင်ငံပေါင်း

110+
အချိုအစားပေါင်း

8,600+

အချိန်ကြာမြင့်စွာ မတန်းစီလိုပါက ၊
>> ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။

Myanmar Plas Print Pack Agrotek Foodtek




မင်္ဂလာပါ
အိမ်ပြောင်း၊အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း / နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကားချိုးဖြင့်
အလုပ်သမားစီစဉ်ပေးသည်။
09-450042704
09-250095116
09-420096296

ဖျံ-၅-ကောင်
အမှတ်တံဆိပ်

ကြော်ငြာခွင့်ပြုချက်အမှတ်
တဆက(စာနယ်ဇင်း) ၂၁၄/ဝ၆၁၈

GENEVA GOLD STAR FOR QUALITY

ဆီးချို-သွေးချိုကျဆေးနှင့် သွေးတိုးကျဆေးကို

ရန်ကုန်မြို့ မန္တလေးနှင့် တောင်ကြီးမြို့ရှိ မြန်မာဆေးအရောင်းဆိုင်ကြီးများမှ တစ်ဆင့် တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပါပြီ။

LONDON QUALITY CROWN QC 100

ပင်ရင်း - ဒေါက်တာစိုးမြင့်အောင်(ဝါးခယ်မ)
Ph.D (Alternative Medicines)
ဖျံ-၅-ကောင် တိုင်းရင်းဆေးခန်း။ အမှတ်-၁၃၉(မြေညီထပ်)၊ ၄၂ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- 01- 838 0175 / 392 594

လိုနေသူကို ပေးမကူဖို့ ဖြူစင်စေတနာ ပြည့်ဝစွာဖြင့်
ဆရာမိုး Follow Me
B.Sc.(Hons).,M.Sc.,Ph.D.
Saturday only / Sunday only တန်းခွဲသစ်လက်ခံပြီ။
အင်္ဂလိပ်စာကို ကျွမ်းကျင်ပိုင်နိုင်စွာ ရေးတတ် ပြောတတ်ချင်သူတိုင်း တက်ထားရမည့်

Universal Institute of ESL မှ Certificate ချီးမြှင့်သည့်
ENGLISH 4 SKILLS Level (1,2) ၊၄၊လ နှင့်
ENGLISH 4 SKILLS Level (1)တစ်ပတ် (၅)ရက်နေ့တက်(၂)လ အသစ် လက်ခံသင်ကြားပြီ။
Essay, Letter ရေးနည်း၊ အင်္ဂလိပ် ဝေါဟာရဆောင်ပါး ဖတ်နည်း၊ ဘာသာပြန်နည်းနှင့် ပြောနည်းတို့ကို နိုင်ငံတကာ သင်ရိုးများနှင့် သင်ကြားပေးနေပြီ။ တတ်ချင်သူတိုင်းတက်၍ တက်သူတိုင်းတတ်ကုန်ကြပြီ။ တန်းခွဲသစ်များ Nov 2 မှစမည်။
4 SKILLS Level(1,2,3) အောင်မြင်ပြီးသူတိုင်း Dip in ESL ရရှိမည်။
နောက်ဆုံးပေါ် နိုင်ငံတကာ သင်ရိုးနှင့်အတူ မိမိကိုယ်တိုင် စနစ်တကျ အသံထွက် လေ့ကျင့်ရင်း အလျင်မြန်ဆုံး တိုးတက်လျက်
သွက်လက်မှန်ကန်စွာ ပြောတတ်စေဖို့ SPEAKING သီးသန့် ၊၄၊လ အတန်း လက်ခံပြီ။
အဆင့်မြင့် နိုင်ငံတကာ University များတွင် ပညာတော်သင်ဆု ရရှိစေဖို့နှင့် သေချာပေါက် တက်ရောက်ခွင့် ရရှိစေဖို့
ပြည့်စုံ ကောင်းမွန်သော IELTS စာအုပ်၊ CD, DVD ထိရောက် မှန်ကန်သော သင်ကြား လမ်းညွှန်မှုများနှင့်အတူ
4 Skills Band 7 နှင့်အထက် ရအောင် သင်ပေးမည့် IELTS ၊၄၊လ အသစ် လက်ခံပြီ။
ဆရာမ ဒေါက်တာ မြင့်သန္တာ Ph.D တွဲဖက် သင်ကြားသည်။
အမှတ် ၁၈၊ ၅-လွှာ၊
အင်းဝ စာအုပ်တိုက် (အပေါ်ထပ်) ၊ ဦးထွန်းလင်းမြေလမ်း ၊ လှည်းတန်း ။ 0943125393
ဗိုလ်ဆီးသန့် ❖ ၄၃၆ (ဝ) ထပ်၊ ကုန်သည်လမ်း၊(၄၄-လမ်းထိပ်)။ 01 8398118,295798

စော်ဘွားလေးဗိုလ်ဗိုလ်မောင်ကုမ္ပဏီလီမိတက်မှ
အဆင့်မြင့် ဇတီးဘလိတ်စားသွားဆူးကြိုးများကိုဈေးနှုန်းချိုသာစွာဖြင့် ရောင်းချတပ်ဆင်ပေးနေပါသည်။
အမှတ်(၃၄/A)၊ ကမ္ဘာအေးဘုရားလမ်းမ၊
(နှင်းဆီကုန်းဘိုးဘွားရိပ်သာရှေ့)၊ ဗဟန်းမြို့နယ်။
Ph: 01-545531, 09-73058161, 09-795008161
HOTLINE : 09-5008161

BOSS အဆင့်မြင့် ပါကေးအရောင်းခန်းမ
အဆင့်မြင့် Laminate Flooring ကြမ်းခင်းပြားများနှင့် 100% ရေစိုခံ
ဗွီနိုင်းကြမ်းခင်းပြားများကို ဈေးနှုန်းချိုသာစွာဖြင့် တိုက်ရိုက်ရောင်းချပေးနေပါသည်။
အရောင်းခန်းမ(၁) - အမှတ်(၂၄၈)၊ အရှေ့မြင်းပြိုင်ကွင်းလမ်းမကြီး၊ မြန်မာ့ရေနံဆောင်ဘတ်စ်ဂိတ်၊ တာမွေမြို့နယ်။
Ph: 09-5076661, 09-5076662, 09-5076663
အရောင်းခန်းမ(၂) - တိုက်(အေ-၂)၊ အခန်း(၀၀၄)၊ ယုဇနပလာဇာအနီး၊ အောင်မင်္ဂလာမှတ်တိုင်အနီး၊ ပြည်လမ်း။
Ph: 09-5425251, 09-73225484

# " ကန့်ကွက်နိုင်ပါသည် "

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၃)-ရပ်ကွက်၊ မေ(၅၀)လမ်း၊ အမှတ်-(၃၈) ၈-ထပ်တိုက် (မြေညီထပ်မြေရှင်းခန်း) ထပ်ခိုးအထပ်အပါအဝင် တိုက်ခန်း(၁)ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်သူ ဒေါ်နန်းမိုးလှိုင် (၁၃/နခန(နိုင်)၀၀၆၇၃၇) ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရံငွေပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ တိုက်ခန်းနှင့်ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှု အထောက်အထားဖြင့် ကျွန်ုပ်ထံ ကန့်ကွက်နိုင် ပါသည်။ ၎င်းနေ့ရက်နောက်ပိုင်းတွင် အရောင်းအဝယ်စာချုပ်ကို အပြီးချုပ်ဆိုဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးဇော်နွယ်(တရားလွှတ်တော်ရှေ့နေ) (စဉ်-၅၃၄၀)
YE NOOS & ASSOCIATES (Law Firm)
အမှတ်-၁၇၆(ပထမထပ်)၊ မီးသတ်မှုန်ထိမ်ရား၊ ဗိုလ်ထောင်တူရားလမ်း၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း- ၇၉၇၂၇၄ ၊ ၇၉၇၂၇၅ ၂၉၆၁၇၂ ။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ထွားစိန် (အမေကြား)

### အသက်(၉၈)နှစ်

### မော်လမြိုင်

မော်လမြိုင်မြို့နေ (ဦးလှိုင်-ဒေါ်စုစုမာ)တို့၏ သမီး၊ (ဦးသန်းထိုက်)-ဒေါ်ခင်စန်းမြင့်၊ (ဦးဝင်းနိုင်)-ဒေါ်တင်မြိုင်၊ ဦးဝင်းထွန်း (ပြည်ထောင်စုဝန်ကြီး-ငြိမ်း)-(ဒေါ်ဆွေဆွေချစ်)၊ (ဦးဝင်းမောင်)-ဒေါ်အေးအေးသွယ်တို့၏မိခင်၊ မြေးခုနစ်ယောက်၊ မြစ်ကိုးယောက်တို့၏ ဘွားဘွားကြီး ဒေါ်ထွားစိန်သည် ၂၈-၁၀-၂၀၁၉ (တနင်္လာနေ့) ညနေ ၃:၂၀ နာရီတွင် အမှတ် (၁၁၄)၊ ဦးကြင်ဥလမ်း၊ (၃၂)ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်း နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၁၀-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်း သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၈:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ထွားစိန် (အမေကြား)

### အသက်(၉၈)နှစ်

### မော်လမြိုင်

ဦးဝင်းထွန်း (ပြည်ထောင်စုဝန်ကြီး-ငြိမ်း)-(ဒေါ်ဆွေဆွေချစ်)တို့၏ မိခင်ကြီးသည် ၂၈-၁၀-၂၀၁၉ (တနင်္လာနေ့) ညနေ ၃:၂၀နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးအုန်းဝင်း(ပြည်ထောင်စုဝန်ကြီး)-ဒေါ်စမ်းစမ်းငွေ**
**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန**

---

## ဒေါ်သန်းဝင်း(ခ)ရိုစီသန်း

### အသက်(၈၅)နှစ်

### (ကန်တော်ကလေး)

ရန်ကုန်မြို့၊ အမှတ်(၉)၊ ပိန္နဲကုန်းလမ်း၊ ကန်တောင်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ (ဦးသန်းတင်မောင်-ဒေါ်အမာပု)တို့၏ သမီးကြီး၊ (ဦးစိန်မြ)၏ ဇနီး၊ [ဒေါ်ခင်သီတာ(ခ)ဒေါ်ချိုချိုနွယ်]၏ မိခင်၊ မောင်ကျော်မြတ်သာ [E.C ကိုယ်ပိုင်အထက်တန်းကျောင်း]၏အဘွား ဒေါ်သန်းဝင်းသည် ၂၇-၁၀-၂၀၁၉ (တနင်္ဂနွေနေ့) ညနေ ၄:၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၁၀-၂၀၁၉ (အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၈:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးမင်းကိုကို

### အသက် (၅၅)နှစ်

### (Uniteam Marine)

(ဦးကျော်စိုးအောင်-ဒေါ်သန်းသန်း)တို့၏ သား၊ ဦးခင်ဇော်-ဒေါ်ကြည်ကြည်စိုးတို့၏မောင်၊ (ကိုစိုးမင်း)-ဒေါ်သန်းသန်းနွယ်တို့၏ ညီ၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၉၂)ရပ်ကွက်၊ တိုက်(၁၄)၊ အခန်း(၀၀၄)၊ ယုဇနအပိုင်း(၂)နေ ဒေါ်မူမူမြင့် (ငြိမ်း-ထ/၃၊ စမ်းချောင်း)၏ ခင်ပွန်း၊ ဒေါ်ယမင်းကိုကို (နော်ဝေသံရုံး)၊ ဦးနန္ဒကိုကို(Uniteam Marine)တို့၏ ဖခင်၊ အီမန်နျူရယ်ဗန်းလားအင်ကစ်မာ(STEP)၏ အဘိုးသည် ၂၈-၁၀-၂၀၁၉ (တနင်္လာနေ့) နံနက် ၁၁:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၁၀-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## Raymond Bien Kee (ခ) ဦးရည်မွန် (ခ) တန်ကျင်ဟုတ် (ပုသိမ်)

[ကြီးကြပ်ရေးမှူး-ငြိမ်း (RTC)]

### အသက်(၇၉)နှစ်

ပုသိမ်မြို့နေ [တန်ဘင်ကီး(ခ) ဦးလှဝင်း]-ဒေါ်ယုံအင်းတို့၏ သားကြီး၊ ခေါ်ချိုင်ကျင်(ခ)ဒေါ်ခင်ဝင်း၏ ခင်ပွန်း၊ ဒေါ်ခင်ငွေဝင်း၊ ဦးသန်းနိုင်ဝင်း-ဒေါ်ဝင်းသက်စု၊ ဒေါက်တာဒေါ်ခင်သန်းမွန်၊ ဒေါ်အိအိမွန်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မောင်အောင်မွန်ခန့်၏ အဘိုး Raymond Bien Kee (ခ) ဦးရည်မွန်(ခ)တန်ကျင်ဟုတ်သည် ၂၈-၁၀-၂၀၁၉ (တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၁၀-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၁-၁၁-၂၀၁၉ (သောကြာနေ့)တွင် ရန်ကုန်ဆေးရုံကြီးဝင်းအတွင်း ဒေါက်တာဒေါ်ခင်သန်းမွန် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာကြီး

## ဦးချစ်လှ

(ဒုအရာခံဗိုလ်-ငြိမ်း)၊ က-က-ခန်း

### အသက်(၇၆)နှစ်

(ဦးညိုမောင်-ဒေါ်စိန်မြင့်)တို့၏ သား၊(ဦးကျောက်-ဒေါ်သိန်းကြည်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၄/၅)ရပ်ကွက်၊ တမွဝတီလမ်း၊ အမှတ်(၂၅၀)နေ ဒေါ်ခင်စိန်၏ခင်ပွန်း၊ မောင်ကျော်ဝဏ္ဏ၏ ကျေးဇူးရှင်ဖခင်ကြီး ဦးချစ်လှသည် ၂၇-၁၀-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၁:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၁၀-၂၀၁၉ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## အနိစ္စ

ပုသိမ်အသင်း(ရန်ကုန်)

## ဦးဝင်းမောင်တင် (ပုသိမ်)

ဘဏ်မန်နေဂျာ (ငြိမ်း)
(E.T ဖောင်ဒေးရှင်း၊ မျက်စိဆေးရုံ-ပုသိမ်မြို့)

### အသက်(၉၄)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဇဝနလုံးချင်းအိမ်ရာ၊ သီရိခေမာလမ်း၊ ခြံအမှတ်(၁)နေ [ရွှေပြည်တော် ဦးဘတင်(သာသနာရေးဝန်-ငြိမ်း)- ဒေါ်ကျော့စိန်)]တို့၏ သား၊ (ကာတွန်းဆရာကြီး ဦးဖေသိန်း)၏ညီ၊ (ဒေါ်အေးငြိမ်း)၊ (ဒေါ်ကြည်ကြည်)၊ ဒေါ်ခင်ငြိမ်းကြည်တို့၏ အစ်ကို၊ ဒေါ်သန်းအေး၏ ချစ်လှစွာသော ခင်ပွန်း၊ (ဦးဟန်ထွန်း)-ဒေါ်အေးအေးဝင်း၊ (ဒေါ်ဆွေဆွေဝင်း-E.T)၊ ဦးထွန်းအောင်-ဒေါ်သီသီဝင်း၊ ဗိုလ်မှူးကြီးစိုးဝင်းနိုင်-ဒေါ်အေးမြတ်မြတ်မော်တို့၏ မွေးသဖခင်၊ မြေးခြောက်ယောက်၊ မြစ်ခုနစ်ယောက်တို့၏အဘိုး ပုသိမ်အသင်း(ရန်ကုန်) ရာသက်ပန်အသင်းဝင် (ရာ/၈၅၁)သည် ၂၄-၁၀-၂၀၁၉ (ကြာသပတေးနေ့) မွန်းလွဲ ၁၂:၅၀ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၁၀-၂၀၁၉(စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ အသင်းဝင်များ သိရှိနိုင်ပါရန် အကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

## လင်ဂျိုတီ(ခ)ဒေါ်ကျင်တီ

### အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ သံလွင်လမ်း၊ အမှတ်(၁၃၇)(D-4)နေ (ဦးမြမောင်)၏ ဇနီး၊ ကိုအောင်မျိုးသိန်း-မဥမ္မာဝေတို့၏ မိခင်၊ မောင်ဇေအောင်ယံ၏အဘွားသည် ၂၈-၁၀-၂၀၁၉ (တနင်္လာနေ့) နံနက် ၈:၄၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၁၀-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၈:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ဇရပ်၊ရေတွင်း၊ရေကန်များ၏ အလှူဒါယကာကြီး

## ဦးကျင်ကူး (တောင်စွန်း) (၈၉)နှစ်

မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ တောင်စွန်းမြို့၊ ဓမ္မဒူတနာယကဆရာတော်ကြီးများ၏ ရဟန်းဒါယကာကြီး တောင်စွန်းမြို့နေ (ဦးချီ-ဒေါ်ညွန့်)တို့၏ သား၊ (ဦးရွှေ-ဒေါ်သန်း)တို့၏ သားသမက်၊ (ဦးချူးရှန်-ဒေါ်ရှုရင်) (ဦးခွေးရှန်)-ဒေါ်လှိုင်(USA)တို့၏ ညီ/မောင်၊ ရန်ကုန်မြို့နေ (ဦးအောင်စိန်)-ဒေါ်ကြည်လှိုင်တို့၏ အစ်ကို၊ ဦးလှဦး (တုန်းတာကုမ္ပဏီလီမိတက်)-ဒေါ်မိုးမိုးသွင် (အထက-၂ မင်္ဂလာဒုံ)၊ ဦးခင်မောင်လတ် (MD တုန်းတာကုမ္ပဏီလီမိတက်)-ဒေါ်မိုးမိုးအေး (တုန်းတာကုမ္ပဏီလီမိတက်)၊ တောင်စွန်းမြို့နေ ဦးငွေအောင်-ဒေါ်အေးအေးခိုင်၊ ဒေါ်ကြည်ကြည်ခိုင်၊ ရန်ကုန်မြို့နေ ဦးနေထွန်း-ဒေါ်မိုးသီတာ၊ (ကိုနေလင်းထွန်း)၊ (ကိုနေစိုးထွန်း)တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေး ၁၀ ယောက်၊ မြစ်နှစ်ယောက်တို့၏ ဘိုးဘိုးကြီး၊ ဒေါ်လှကြည်၏ချစ်လှစွာသောခင်ပွန်းသည် ၂၈-၁၀-၂၀၁၉ (တနင်္လာနေ့) နံနက် ၂:၁၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၁၀-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၃-၁၁-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၆ နာရီတွင် ဘုရင့်နောင်ရပ်ကွက်၊ တောင်စွန်းမြို့ရှိ (ဦးကျင်ကူး)-ဒေါ်လှကြည်တို့၏ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## အောင်ယူဟန်(ခ)ဦးခင်မောင်

### အသက်(၈၈)နှစ်

### ဘုရင့်နောင်ဈေးကြီး

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ ပုလဲလမ်း၊ အမှတ်(၅) ပထမထပ်နေ လင်စိုက်ဟွန်(ခ)ဒေါ်လှကြည် ၏ ခင်ပွန်း၊ ဒေါ်ဝင်းဝင်းသန်း-ဦးကြည်အုန်း(မန္တလေး)၊ ဦးနေထွန်း(ခ)ဦးရှောက်သီး(ဘုရင့်နောင်ဈေးကြီး၊ CEAT တာယာဆိုင်)-ဒေါ်တေမာကြင်(ခ)မပြုံး၊ ဦးဝင်းနိုင်တို့၏ မွေးသဖခင်၊ မြေးခြောက်ယောက်၊ မြစ်တစ်ယောက်တို့၏ အဘိုးသည် ၂၈-၁၀-၂၀၁၉ (တနင်္လာနေ့) နံနက် ၅:၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၁၀-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၈:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃-၁၁-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးစိုးစိုး (၅၇)နှစ်

### အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ယာဉ်မောင်း)

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၂)ရပ်ကွက်၊ ရန်အောင်လမ်းသွယ်(၆)၊ အခန်း (၃၀၄) (ထွေအုပ်ရုံးဝင်း)နေ (ဦးမြင့်သူ-ဒေါ်ခင်ညွန့်)တို့၏သား၊ (ဦးကံညွန့်)-ဒေါ်လှမြင့်သူ၊ ဦးဇော်မင်း-ဒေါ်မိုးမိုးခိုင်၊ ဦးသိန်းအောင်-ဒေါ်ညွန့်၊ ဦးမျိုးအောင်-ဒေါ်ဖြူဖြူ၊ (ဦးမျိုးသန့်)-ဒေါ်ခင်မြမွန်တို့၏ ညီ/မောင်၊ ဒေါ်ချိုချိုမာ၏ အစ်ကို၊ (ဦးမြင့်လွင်)-ဒေါ်ခင်ဝင်းမြင့်တို့၏ သားသမက်၊ ဒေါ်မိုးမိုးလွင်၏ ခင်ပွန်း၊ မရွှေယမင်း၊ မဆောင်းပွင့်ဖြူတို့၏ မွေးသဖခင်ကျေးဇူးရှင်သည် ၂၇-၁၀-၂၀၁၉ (တနင်္ဂနွေနေ့) ည ၉:၅၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၁၀-၂၀၁၉ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂-၁၁-၂၀၁၉ (စနေနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## မအေးပြည့်စုံ(ခ)ပြည့်ပြည့်

### အသက်(၂၅)နှစ်

Bachelor of English for Professional Purpose (NMC)

B.A (English)

Business Law (Yangon University)

Project Management (ICM-UK, 2019)

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ ကုန်းဘောင်(၁၃)လမ်း၊ အမှတ်(၁၁၂၄)နေ ဦးတင်အောင်-(ဒေါ်စောရီ)၊ (ဦးရွှေတင်)-ဒေါ်ဝါရှင် တို့၏ မြေး၊ ဦးမြင့်စိုး-ဒေါ်ခင်မမတို့၏ သမီးကြီး၊ မနန္ဒာပြည့်စုံ၊ မနီလာပြည့်စုံ၊ မနှင်းရတနာပြည့်စုံတို့၏ အစ်မသည် ၂၇-၁၀-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၁၀-၂၀၁၉ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန် သူအားရည်စူး၍ ၂-၁၁-၂၀၁၉ (စနေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်မြဝင်း (မိုးကုတ်)

### အသက်(၆၉)နှစ်

မိုးကုတ်မြို့၊ ရှမ်းစုရပ်နေ (ဦးဗန္ဓုလ-ဒေါ်ရွှေမှုံ)တို့၏ သမီး၊ (ဦးမြင့်သိန်း)၏ ဇနီး၊ ကိုစိုးမင်း-မအေးအေးခိုင်၊ မဖြိုးပွင့်ဖြူတို့၏ မိခင်၊ ဦးကံကိုလေး-ဒေါ်အုံးရင်တို့၏ ညီမ၊ ဦးတင်မောင်ဦး-ဒေါ်အုံးကြည်၊ ဦးမောင်စိန်-(ဒေါ်တင်လှ)၊ ဒေါက်တာထင်ဇော်-ဒေါ်အေးအေးတို့၏ အစ်မ၊ ရန်ကုန်မြို့၊စမ်းချောင်းမြို့နယ်၊ မိုးမခလမ်း၊ တိုက်အမှတ်(၇၀)၊ လေးလွှာ (ခြေရင်း)နေ ဒေါ်မြဝင်းသည် ၂၇-၁၀-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၁၀:၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။ ဝိုင်းဝန်းကူညီပေးကြသောသူများအားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

## ဦးရွှေထုတ် (ခရမ်းမြို့)

### အသက်(၈၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့၊ ဥဩကျွန်းကျေးရွာ၊ တိလောကာရုံကျောင်းဆရာတော်ဘဒ္ဒန္တတိလောက၏ ရဟန်းဒါယကာကြီး၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်နောက်ရပ်ကွက်၊ ကန်တော်ကလေး၊ (၈၇)လမ်း၊ အမှတ်(၄၄)၊ ခုနစ်လွှာ(ယာ)နေ (ဦးအင်းယား-ဒေါ်မြား)၊ (ဦးဘမြိုင် - ဒေါ်နှင်းပန်း)တို့၏ သားသမက်၊ ခရမ်းမြို့နေ ဒေါ်စောရီ၊ (ဒေါ်တူပို့)၊ (ဦးကောက်)တို့၏ ညီ/မောင်၊ (ဦးရွှေအုပ်)၊ (ဒေါ်လှရွှေ)တို့၏ အစ်ကို၊ ဒေါ်စိန်လှ၏ချစ်လှစွာသော ခင်ပွန်း၊ အိဆွေမွန်၊ အိဆွေမော်၊ မောင်မိုးရွှေကျော်-မဆောင်းအေးတို့၏ ချစ်လှစွာသောဖခင်၊ သက်နိုင်ထူး(ခ)ဖိုးသား၏အဘိုး ဦးရွှေထုတ်သည် ၂၈-၁၀-၂၀၁၉ (တနင်္လာနေ့) နံနက် ၇:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၁၀-၂၀၁၉ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်မလှဖြူ

### အသက်(၉၇)နှစ်

### (ကျောက်တော်-စစ်တွေ)

စစ်တွေမြို့၊ ကျေးပင်ကြီးရပ်ကွက်၊ ကမ်းနားလမ်းနေ (ဦးပန်းကျော်-ဒေါ်ရွှေမြဖြူ)တို့၏ သမီး၊ ကျောက်တော်မြို့၊ မြို့သစ်ရပ်ကွက်နေ [ဦးဝေဘန်းအောင် (ကြောင်ညီနောင်ဆေးလိပ်ခုံပိုင်ရှင်]၏ ဇနီး၊ ဒေါ်မကျော့စိန်-ဦးဝေလှအောင် (ကျော့မွန်အောင်အထည်ဆိုင်-လှည်းတန်းဈေး)၊ (ဦးစံအေးကျော်)-ဒေါ်ငွေသိန်းအေး၊ ဦးလှမောင်-ဒေါ်ငွေခိုင်အေး(ခိုင်ရတနာရွှေဆိုင်-ကျောက်တော်မြို့)၊ ဒေါ်မတင်အေး-ဦးရွှေကျော်သာ (ဗျူးပွိုင့် တည်းခိုရိပ်သာ-စစ်တွေမြို့)၊ (ဦးထွန်းအေးကျော်)-ဒေါ်နီနီရွှေ (မြစိမ်းရောင် တည်းခိုခန်း-ကျောက်တော်မြို့)တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မြေး ၁၅ ယောက်တို့၏ အဘောင်ရှင်၊ မြစ် ၁၃ ယောက်တို့၏ အဖီးရှင် ဒေါ်မလှဖြူသည် ၂၇-၁၀-၂၀၁၉ (တနင်္ဂနွေနေ့) ညနေ ၅:၂၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၁၀-၂၀၁၉ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် နေအိမ်မှ အာကျိတ်တော်ကုန်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဗိုလ်ကြီးမြကြိုင်(ခ)ဦးပါကြီး (John Shane)

လ/ထ ညွှန်မှူး(ငြိမ်း) MPPE
ကြည်း-၁၄၉၈၁/ OTS-55 (သီဟတပ်ခွဲ)
ဗိုလ်တထောင်မြို့နယ် စစ်မှုထမ်းဟောင်း

### အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ လမ်းသစ်လမ်းနေ (ဦးဘရှိန်-ဒေါ်အမာ)တို့၏ သား၊ ကရင်ပြည်နယ်(ရွှေဂွန်းမြို့)နေ ဦးစောလှတင်-(ဒေါ်နန်းလှသင်)တို့၏ သားသမက်၊ (ဒေါ်နန်းခင်မေမြင့်)၏ ခင်ပွန်း၊ (ဒေါ်ခင်စောမူ)၏ အစ်ကို၊ ဦးငွေစိုး-ဒေါ်နီလဲ့ဝင်း၊ ဦးမင်းသိန်းထွန်း-ဒေါ်မြစုဝင်း၊ ဦးသက်လွင်ဝင်း-ဒေါ်ကြေးမှုံဝင်း၊ ဦးဇာဏီဇော် တို့၏ ဖခင်၊ မြေးသုံးယောက်တို့၏ အဘိုးသည် ၂၈-၁၀-၂၀၁၉ (တနင်္လာနေ့) နံနက် ၀၀:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၁၀-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃-၁၁-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အမှတ်(၅၂၇/E)၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ ဆရာစံမြောက်(အရှေ့)ရပ်ကွက်၊ ဗဟန်းမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးအောင်မြင့်(ခ)ဦးညီညီ

### အသက်(၇၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ အုတ်ဖိုစုရပ်ကွက်၊ ဝိဇ္ဇာလမ်း၊ အမှတ်(၇)နေ (ဦးကင်နန်း-ဒေါ်ကြည်)တို့၏ သား၊ ဒေါက်တာဒေါ်သန်းသန်းငွေ၊ ဦးစိုးမြင့်၊ ဦးမောင်မောင်မြင့်တို့၏ ညီ၊ အကယ်ဒမီဦးအေးမြင့်(ရုပ်ရှင်)၏ အစ်ကို၊ ဒေါ်တိုးတိုးအောင်၏ ခင်ပွန်း၊ မမေအောင်(ပြင်သစ်ယဉ်ကျေးမှုဌာန)၏ ဖခင်၊ မောင်ဇာနည်မြတ်သူ (PISM)၏ အဘိုး ဦးအောင်မြင့် သည် ၂၅-၁၀-၂၀၁၉ ရက် မွန်းလွဲ ၁:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၁၀-၂၀၁၉ ရက်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၃၁-၁၀-၂၀၁၉ (ကြာသပတေးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးအောင်မိုး(ခ)TAN KAR KEONG

### အသက်(၅၄)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၄၄)လမ်း၊ အမှတ်(၇၉)၊ ပထမထပ်နေ (ဦးတန်ယုရီ-ဒေါ်ငူရာသီ)တို့၏ သား၊ (ဦးတန်ကာဂုက်)၊ ဦးစန်းရွှေ-ဒေါ်ကြားလျှံ၊ ဦးကြားရှင်-ဒေါ်ဥမ္မာကြင်၊ (ဦးမင်းနိုင်)-ဒေါ်မွေးမွေး၊ (တန်ကာစွမ်း)၊ ဦးမောင်ငယ်-ဒေါ်သီတာမြင့်တို့၏ ညီ/မောင်၊ ဦးကာဟုတ်-ဒေါ်ကိုင်လိန်၊ ဦးတန်ကာချွန်း-ဒေါ်ခင်အေးပြည့် တို့၏ အစ်ကို၊ တူ/တူမ ၁၂ ယောက်တို့၏ ဦးလေးသည် ၂၈-၁၀-၂၀၁၉ (တနင်္လာနေ့) နံနက် ၅:၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၁၀-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၃-၁၁-၂၀၁၉ ရက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးစည်သူထွန်း

(Director, Rhino Shield Co., Ltd)

### အသက် (၃၆)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ဘုရင့်နောင်ပွဲရုံ၊ (ခ/၂၀-B)၊ ခရေလမ်းနေ (ဦးတင်ထွန်း)-ဒေါ်ခင်ဝင်းတို့၏ သားကြီး၊ ဦးအောင်ကျော်-ဒေါ်လီလီညွန့်တို့၏ သားသမက်၊ ဦးဆွေလှိုင်ဦး-ဒေါ်နေရည်ဝင်းထွန်းတို့၏ အစ်ကို၊ ဒေါ်သီရိဝင်းသူ၏ ချစ်လှစွာသောခင်ပွန်း၊ မချမ်းမြေ့အိမ်စည်၏ ဖခင်၊ မောင်ဟိန်းထွန်းဆွေ၊ မဆင့်နေရည်ဦးတို့၏ ဘကြီးသည် ၂၅-၁၀-၂၀၁၉ (သောကြာနေ့) ည ၁၀:၃၀ နာရီတွင် နေပြည်တော်၌ ရုတ်တရက် ကွယ်လွန်သွားပါသဖြင့် ၂၉-၁၀-၂၀၁၉ (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၁-၁၀-၂၀၁၉ (ကြာသ ပတေးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ကြေးမုံ ယနေ့ ဖတ်စရာ

ဘရက်ဆစ်အရေးအား ဆိုင်းငံ့ထားရန် ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများက သဘောတူ
စာမျက်နှာ » ၁၂

ဂျပန်၌ တိုင်ဖွန်းမုန်တိုင်းများ တိုက်ခတ်မှုကြောင့် ဆုံးရှုံးနစ်နာမှုမှာ ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံအထိရှိ
စာမျက်နှာ » ၁၃

ရန်ကုန်မြို့ရှိ အတွင်းဝန်များရုံး အများပြည်သူများအား ဖွင့်လှစ်ပြသ
စာမျက်နှာ » ၁၇

# ပွင့်ဖြူမြို့နယ် ပုသိမ်-မုံရွာလမ်းပေါ်၌ ပေ ၄၀၀ ရှိ မဲဇလီတံတား ဖွင့်လှစ်လိုက်ပြီ



ယနေ့နံနက်ပိုင်းက ဖွင့်လှစ်လိုက်သည့် မဲဇလီတံတားကို တွေ့ရစဉ်။

**မကွေး အောက်တိုဘာ ၂၈**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ပုသိမ်-မုံရွာလမ်း မိုင်တိုင်အမှတ် (၂၉၅) ရှိ မဲဇလီကြိုးတံတား အဆင့်မြှင့်တင်ပြီး ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၃)က တည်ဆောက်ခဲ့ရာ တံတားတည်ဆောက်မှုလုပ်ငန်း ပြီးစီးသွားပြီဖြစ်၍ ယနေ့နံနက် ၇ နာရီက ကုန်တင်ယာဉ်ကြီးများ အပါအဝင် ယာဉ်ငယ်များ ဖြတ်သန်းမောင်းနှင်နေကြပြီဖြစ်သည်။

အဆိုပါတံတားသစ်ဖွင့်ပွဲသို့ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတာ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြကြောင်း သိရသည်။

မူလကြိုးတံတားအရှည် ပေ ၄၀၀ အား Steel Box Girder တံတားအမျိုးအစားဖြင့် အစားထိုး အဆင့်မြှင့်တင်လျက် ယာဉ်သွားလမ်းအကျယ်ကိုလည်း မူလ ပေ ၂၀ မှ ၂၄ ပေအထိ

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❐



# အိုလံပစ်ပြိုင်ပွဲဝင်ခွင့်ရရန် ကြိုးပမ်းနေသည့် သက်ထားသူဇာ ဆီးဂိမ်းမတိုင်မီ နိုဝင်ဘာလတွင် ပြိုင်ပွဲသုံးခု ဝင်ရောက်ယှဉ်ပြိုင်မည်

**ရန်ကုန် အောက်တိုဘာ ၂၈**

၂၀၂၀ အိုလံပစ်ပြိုင်ပွဲဝင်ခွင့်ရရန် ကြိုးပမ်းနေသည့် မြန်မာကြက်တောင်အားကစားမယ် သက်ထားသူဇာသည် ဆီးဂိမ်းပြိုင်ပွဲမတိုင်မီ နိုဝင်ဘာလတွင် ကမ္ဘာ့ကြက်တောင်အဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် ပြိုင်ပွဲသုံးခု ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

သက်ထားသူဇာသည် နိုဝင်ဘာ ၁၃ ရက်မှ ၁၇ ရက်အထိ နီပေါနိုင်ငံ၌ ကျင်းပမည့် International Challenge ပြိုင်ပွဲ၊ အိန္ဒိယနိုင်ငံ၌ နိုဝင်ဘာ ၂၀ ရက်မှ ၂၄ ရက်အထိ ကျင်းပမည့် International Challenge ပြိုင်ပွဲ၊ နိုဝင်ဘာ ၂၆ ရက်မှ ဒီဇင်ဘာ ၁ ရက်အထိ ကျင်းပမည့် HSBC BWF World Tour Super 300 ပြိုင်ပွဲတို့တွင် ယှဉ်ပြိုင်မည်ဖြစ်သည်။ သက်ထားသူဇာသည် ကမ္ဘာ့ကြက်တောင်အဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ပြိုင်ပွဲများအနက် ပိုမိုအဆင့်မြင့်မားသည့်ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်ပြီး Grade-2 အဆင့်ရှိ

စာမျက်နှာ ၉ ကော်လံ ၄ သို့ ❖

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၂၈**

ယနေ့မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော သီရိလင်္ကာတောင်ပိုင်း ကမ်းခြေအနီးတွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေသည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မိုး/ဇလ

